# အဖြေမဲ့နေဆဲဖြစ်သည့် ငြိမ်းချမ်းရေး



(ဩဂုတ်လ။ ၂၀၂၃ ခုနှစ်)

ရာမညအင်စတီကျု နိုင်ငံရေးသုတေသနအဖွဲ့
Rehmonnya Institute for Civic Engagement (RICE)

# အဖြေမဲ့နေဆဲဖြစ်သည့် ငြိမ်းချမ်းရေး

(မြန်မာနိုင်ငံတောင်ပိုင်းတွင် နက်ရှိုင်းလာသည့် စစ်ရေးပဋိပက္ခနှင့်အတူ
ပြည်သူလူထုအသံများကို ဖော်ပြထားသည့်
သုတေသနအစီရင်ခံစာ)

ဩဂုတ်လ ၂၀၂၃

ရာမညအင်စတီကျူနိုင်ငံရေးသုတေသနအဖွဲ့
Rehmonnya Institute for Civic Engagement (RICE)

**ပရူပရာလိက်ဒုင်စီရေင်**
**အစီရင်ခံစာအကြောင်း**

| | |
|---|---|
| ယျူလိက်ဒုင်စီရေင်<br>အစီရင်ခံစာအမည် | အဖြေမဲ့နေဆဲဖြစ်သည့် ငြိမ်းချမ်းရေး<br>ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသုံးသပ်ချက် အစီရင်ခံစာ |
| ဂကောံမတက်တြးပတိတ်<br>ထုတ်ဝေသည့်အဖွဲ့ | ဌာန်ကွတ်ပရေင်ဍုင်ကွာန်ရးမည<br>ရာမညအင်စတီကျူနိုင်ငံရေးသုတေသနအဖွဲ့<br>Rehmonnya Institute for Civic Engagement |
| အခိင်ပတိတ်<br>ထုတ်ဝေသည့်အချိန် | ဂိတုအဝ်ဂေတ် ၂၀၂၃<br>ဩဂုတ်လ ၂၀၂၃ |
| ဆက်စှောံမွး | rice.info၂၀၂၀@gmail.com<br>www.rehmonnyainstitute.com |

# မာတိကာ


နိဒါန်း ၁
အစီရင်ခံစာအား ပြင်ဆင်သည့် နည်းလမ်းများ ၂

**အခန်း (၁) နိုင်ငံရေးဘောင်ကျဉ်းခြင်း** **၃**
(က) လွှတ်တော်အမတ်များ၏ အခန်းကဏ္ဍ ၃
(ခ) EAOs များ၏ အခန်းကဏ္ဍ ၄

**အခန်း (၂) စစ်ရေးပဋိပက္ခ** **၇**

**အခန်း (၃) စစ်ရေးပဋိပက္ခဆိုင်ရာ အချက်အလက်များ** **၁၀**
(က) တိုက်ပွဲများ ဖြစ်ပွားမှု အချက်အလက်များ ၁၀
(ခ) (၆) လတာ ကာလအတွင်း ပြည်သူလူထု အိုးအိမ်မဲ့အခြေအနေ ၁၂
(ဂ) (၆) လတာ ကာလအတွင်း ပြည်သူလူထုများ သေဆုံးမှုအခြေအနေ ၁၃
(ဃ) (၆) လတာ ကာလအတွင်း ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ ၁၄

**အခန်း (၄) စစ်ရေးပဋိပက္ခနှင့် အကြမ်းဖက်မှုများ** **၁၅**
(က) လေကြောင်းဖြင့် တိုက်ခိုက်မှုများ ၁၆
(ခ) လက်နက်ကြီးများ ပစ်ခတ်မှုများ ၂၄
(ဂ) သတ်ဖြတ်မှုများ၊ ၃၆
မြေမြှုပ်မိုင်းနှင့် လမ်းမိုင်းထိခိုက်မှုများ ၄၀
အဓမ္မပြုကျင့်မှု ၄၂
အမျိုးသမီးများနှင့် ကလေးများအခြေအနေ ၄၃

**အခန်း (၅) ပဋိပက္ခဆိုးကျိုးများ** **၄၅**
(က) ပြည်သူလူထု၏ အိုးအိမ်မဲ့အခြေအနေ ၄၅
ကရင်ပြည်နယ် ၄၅
ကရင်နီ (ကယား) ပြည်နယ် ၄၈
မွန်ပြည်နယ် ၄၉
တနင်္သာရီတိုင်း ၅၀

(ခ) စားနပ်ရိက္ခာ အခြေအနေ ၅၁
(ဂ) ကျန်းမာရေးအခြေအနေ ၅၄

**အခန်း (၆) ပဋိပက္ခကြောင့် ပြည်သူလူထုများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ ၅၆**
(က) စီးပွားရေးကဏ္ဍတွင် ပြည်သူလူထု၏ ပြောဆိုမှုများ ၅၇
(ခ) လူမှုရေးနှင့် ပတ်သက်ပြီး ပြည်သူလူထု၏ ပြောဆိုမှုများ ၅၈

**အခန်း (၇) ငြိမ်းချမ်းရေးအလားအလာ ၆၂**
(က) စစ်ကောင်စီ၏ စစ်ရေးအသုံးစရိတ် ၆၂
(ခ) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတွင် ပါဝင်မှု ၆၃
(ဂ) ကရင်နီပြည်အစိုးရသစ်အကြောင်း ၆၆
(ဃ) ပြည်သူလူထုများ၏ အမြင် ၆၇

**အခန်း (၈) ငြိမ်းချမ်းရေးအတွက် လူထုအသံ ၆၉**

**အခန်း (၉) ငြိမ်းချမ်းရေးအတွက် RICE မှ အကြံပြုချက်များ** ၇၂

နိဂုံး ၇၄


# အစီရင်ခံတွင်ရှိသည့်အမည် – အတိုကောက်များ
# (ACRONYMS)

| | |
|---|---|
| AA | Arakan Army (ရက္ခိုင့်တပ်တော်) |
| AAPP | Assistance Association for Political Prisoners<br>(နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့) |
| ABSDF | All Burma Students' Democratic Front<br>(မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး) |
| ALP | Arakan Liberation Party (ရခိုင်ပြည် လွတ်မြောက်ရေးပါတီ) |
| BNI | Burma News International (နိုင်ငံတကာမြန်မာ့သတင်းစဉ်) |
| CDF | Chin Defense Force (ချင်းပြည်သူ့ ကာကွယ်ရေးတပ်များ) |
| CDM | Civil Disobedience Movement (လူထုမှ အာဏာ (အမိန့်) ဖီဆန်ရေး လှုပ်ရှားမှု) |
| CNF | Chin National Front (ချင်းအမျိုးသားတပ်ဦး) |
| CRPH | Committee for Representing Pyidaungsu Hluttaw<br>(ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မီတီ) |
| DKBA | Democratic Karen Benevolent Army (ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော်) |
| DVB | Democratic Voice of Burma (ဒီမိုကရက်တစ်မြန်မာ့အသံ) |
| EAOs | Ethnic Armed Organizations (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ) |
| HURFOM | Human Rights Foundation of Monland (မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း) |
| ICC | International Criminal Court (နိုင်ငံတကာရာဇဝတ်ခုံရုံး) |
| ICJ | International Court of Justice (နိုင်ငံတကာတရားရုံး) |
| KHRG | Karen Human Rights Group (ကရင် လူ့အခွင့်အရေးအဖွဲ့) |
| KIC | Karen Information Center (ကရင်သတင်းစဉ်) |
| KII | Key Information Interview (အဓိကသတင်းအချက်အလက် အင်တာဗျူးပေးသူ) |
| KIO | Karen Independence Organization (ကချင်လွတ်လပ်ရေးအဖွဲ့) |
| KNU | Karen National Union (ကရင်အမျိုးသားအစည်းအရုံး) |
| KNU/KNLA(PC) | Karen National Union/ Karen National Liberation Army (Peace Council)<br>ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်<br>(ငြိမ်းချမ်းရေးကောင်စီ) |
| LDU | Lahu Democratic Union (လားဟူဒီမိုကရက်တစ်အစည်းအရုံး) |
| IMNA | Independent Mon News Agency (လွတ်လပ်သော မွန်သတင်းအေဂျင်စီ) |
| MRPC | Myanmar Peace and Reconciliation Center (မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဌာန) |
| MUP | Mon Unity Party (မွန်ညီညွတ်ရေးပါတီ) |
| NCA | Nationwide Ceasefire Agreement (တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်) |
| NLD | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| NMSP | New Mon State Party (မွန်ပြည်သစ်ပါတီ) |
| NSPCC | National Solidarity and Peace-making Central Committee<br>(အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မီတီ) |

| | |
|---|---|
| NUG | National Unity Government (အမျိုးသားညီညွတ်ရေးအစိုးရ) |
| PPST | Peace Process Streering Team (ငြိမ်းချမ်းရေးဆွေးနွေးမှု ဦးဆောင်အဖွဲ့) |
| PDF | People Defense Force (ပြည်သူ့ကာကွယ်ရေးတပ်) |
| PNLO | Pa–oh National Liberation Organization (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်) |
| RCSS | Restoration Council of Shan State (ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ) |
| SAC | State Administrative Council (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) |
| USLD | Union Solidarity and Development Party (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) |
| UNHCR | United Nations High Commissioner for Refugees (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး) |

## မြန်မာနိုင်ငံတောင်ပိုင်း စစ်ရေးပဋိပက္ခဖြစ်ပွားမှုနှင့် ပြည်သူလူထုများ အခြေအနေ

(၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအထိ)




1. တိုက်ပွဲဖြစ်ပွားမှုအကြိမ်ပေါင်း
2. စစ်ဘေးရှောင်အရေအတွက် (IDPs)
3. အရပ်သားသေဆုံးသူဦးရေ
4. အရပ်သားထိခိုက်ဒဏ်ရာရရှိသူများ

*ဖော်ပြပါ ကိန်းဂဏန်းအချက်အလက်များသည် သတင်းမီဒီယာများဖော်ပြချက်မှ ကောက်ယူစုဆောင်းထားသည်။*

# အဖြေမဲ့နေဆဲဖြစ်သည့် ငြိမ်းချမ်းရေး (မြန်မာနိုင်ငံတောင်ပိုင်းတွင် နက်ရှိုင်းလာသည့် စစ်ရေးပဋိပက္ခနှင့်အတူ ပြည်သူလူထုအသံများကို ဖော်ပြထားသည့် သုတေသနအစီရင်ခံစာ)

## ▮ နိဒါန်း ▮

၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုရှိသည်ဆိုသည့် စွပ်စွဲချက်ကို တရားဥပဒေနည်းလမ်းအရ မဖြေရှင်းပဲ ဗမာ/မြန်မာစစ်တပ်ခေါင်းဆောင် 'မင်းအောင်လှိုင်' သည် ရွေးကောက်ပွဲပြီး (၃) လတွင် ရွေးကောက်ပွဲအနိုင်ရရှိသော နိုင်ငံရေးပါတီများ အစိုးရမဖွဲ့နိုင်မီ အာဏာသိမ်းခဲ့သည်။ ၂၀၂၁ စစ်တပ်မှ အာဏာသိမ်းမှုသည် ဒီမိုကရေစီလမ်းကြောင်းသို့ ရောက်စရှိသည့် မြန်မာနိုင်ငံပြည်သူတို့အား နက်ရှိုင်းသော စစ်ရေးပဋိပက္ခအတွင်းသို့ တွန်းပို့လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း (၂) နှစ်တာကြာ ကာလအတွင်း အာဏာသိမ်းခြင်းကြောင့် တနိုင်ငံလုံးတွင် နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခကြီးမားလာပြီး စီးပွားရေးနှင့် လူမှုရေးအခြေအနေ ချွတ်ခြုံနေပြီး ပြည်သူလူထုများ အတိဒုက္ခရောက်ခဲ့ကြသည်။

နိုင်ငံအတွင်း ဆိုးဝါးသည့် လူမှုရေး၊ စီးပွားရေးအပြင် ပြည်သူလူထု၏ လုံခြုံရေးမှာလည်း ဆိုးဝါးသထက် ဆိုးဝါးလာသည်။ စစ်ပွဲကြောင့် ပြည်သူလူထုများ သွားလာလှုပ်ရှားမှုခက်ခဲပြီး ပဋိပက္ခဒေသများတွင် လယ်သမားမှအစ ပြည်သူလူထုများအနေဖြင့် မိမိတို့အလုပ်ခွင်အား သွားရောက်ရေးတွင် အဟန့်တားဖြစ်စေပါသည်။ အရေးကြီးသော ပင်မကားလမ်းများတွင် တိုက်ပွဲအဆက်မပြတ် ဖြစ်ပွားနေခြင်းကြောင့် ကုန်သည်များ၊ ပြည်သူများမှာလည်း ခရီးသွားလာရေးတွင် ပိုမိုသတိထားလာရပေသည်။ အချို့သော ဗမာ/မြန်မာစစ်တပ်နေရာ အနီးတဝိုက်များတွင်လည်း မြေမြှုပ်မိုင်းများထားရှိသည့် ရွာသားများ တက်နင်းမိသည်လည်းရှိသည်။ အဆိုးဆုံးအခြေအနေကား ဗမာ/မြန်မာစစ်တပ်၏ တပ်ရင်း/တပ်မများသည် ရပ်ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းပင်ဖြစ်သည်။ ၎င်းထက် ပိုမိုဆိုးဝါးသည်ကား စစ်တပ်၏ လေယာဉ်များမှ ရပ်ရွာများအတွင်းသို့ လေကြောင်းဖြင့် ပစ်ခတ်ခြင်းပင် ဖြစ်သည်။ ရပ်ရွာများမှ ပြည်သူလူထုများမှာ သေကြေရသည်။

စစ်တပ်မှ အာဏာသိမ်းပြီးနောက်တွင် နိုင်ငံအတွင်း ယခင်က တည်ဆောက်ထားသည့် ဈေးကွက်စီးပွားရေးပုံစံမှာ ပျက်ပြားပြီး ဖြစ်သည်။ ပြည်သူလူထု၏ နေ့စဉ်ကြုံတွေ့နေသည့် စားဝတ်နေရေးပြဿနာကား ပိုမိုဆိုးဝါးလာသည်။ အငယ်စား၊ အလတ်စား၊ အကြီးစား စီးပွားရေးလုပ်ငန်းများမှာလည်း ပိတ်သိမ်းခြင်းခံရသည်။ ပြည်သူလူထုအများအပြားမှ စီးပွားရေးအခြေအနေ ပျက်ယွင်းခြင်းကြောင့် တိုင်းတပါးသို့ သွားရောက်လုပ်ကိုင်ကြရသည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။ အာဏာသိမ်းခေါင်းဆောင် 'မင်းအောင်လှိုင်' ၏ ညွှန်ကြားချက်ဖြင့် မွန်ပြည်နယ်တွင် နိုင်ငံတကာလေဆိပ်တည်ဆောက်ရေးအတွက် မြေယာသိမ်းဆည်းမှုများ အကြီးစားဖြစ်ပွားခဲ့သည်။

တိုင်းပြည်အတွင်း လွန်ခဲ့သည့် (၁၀) နှစ်ခန့်က နလံထူစ လူမှုရေးအခန်းကဏ္ဍများမှာ အာဏာသိမ်းမှုကြောင့် ယိုယွင်းပျက်ပြားခဲ့သည်။ စစ်အာဏာသိမ်းမှုကြောင့် စစ်အုပ်ချုပ်ရေးစနစ်အောက်တွင် တာဝန်မထမ်းဆောင်လိုသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းအများအပြား လူထုဖီဆန်လှုပ်ရှားမှု (Civil Disobevience Movement – CDM) တွင် ပါဝင်လာသည်။ စစ်ကောင်စီ၏ စာသင်ကျောင်းများ ဆေးရုံများတွင် ဝန်ထမ်းမလုံမလောက်နှင့် ဆောင်ရွက်နေသည်ကို တွေ့ရပေသည်။ တိုက်ပွဲပြင်းထန်သည့် နေရာများတွင် စစ်ကောင်စီ၏ လေယာဉ်များမှ စာသင်ကျောင်းများကိုလည်း တိုက်ခိုက်သည်။ ယင်းအပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) တို့အား အမြစ်ဖြတ်တိုက်ခိုက်ရေးကိုသာ ဦးတည်ပြောဆိုနေပြီး ၎င်းတို့အားပေးနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တို့ကိုလည်း တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောဆိုနေပေသည်။

အချုပ်အားဖြင့် ဆိုရလျှင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်းကူးပြောင်းရေးကို မလိုလားသည့် စစ်ကောင်စီသည် အတင်းအဓမ္မ အာဏာသိမ်းလိုက်ခြင်း ဖြစ်သည်။ အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် စစ်ဗိုလ်ချုပ်ကြီးများသည် အာဏာတစုံလုံးကို လိုလားသောကြောင့် အာဏာသိမ်းခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းတို့ ရရှိထားသည့် အာဏာကို ပြန်လည်ခွဲဝေပေးသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိစ္စများ၊ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီလမ်းကြောင်းဆီသို့ ပြန်ရောက်စေသည့် လုပ်ရပ်များနှင့် တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကိုလည်း လက်ခံမည် မဟုတ်ပေ။

## အစီရင်ခံစာအား ပြင်ဆင်သည့် နည်းလမ်းများ

ယခု အစီရင်ခံစာသည် လွန်ခဲ့သည့် (၆) လကာလအတွင်း ဖြစ်ပျက်ခဲ့သည့် မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအခြေအနေများကို သုံးသပ်ထားသည့် အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် ကရင်နီ (ကယား) ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသ ကြီးအတွင်း ဖြစ်ပေါ်သည့် အခြေအနေများအား ဖော်ထုတ်ထားခြင်း ဖြစ်သည်။

အစီရင်ခံစာတွင် ပြည်သူလူထုတို့၏အမြင်များ ရရှိနိုင်ရေးအတွက် အင်တာဗျူးများ မေးမြန်းခဲ့သည်။ ပြည်သူ လူထု အများစုကား အာဏာရှင် မင်းအောင်လှိုင်ကြောင့် ယခုကဲ့သို့ ဆိုးဝါးသော အခြေအနေများကို ကြုံတွေ့ရသည်ဟု အများက သဘောတူညီကြသည်။ ယခုအစီရင်ခံစာတွင် ကရင်နီ (ကယား) ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းမှ ပြည်သူလူထု (၂၅) ဦးအား မေးခွန်းများ မေးမြန်းထားပါသည်။ မေးခွန်းအများစု ဖြေဆိုထားသူများ မှာလည်း ယနေ့ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကိုလည်းကောင်း၊ စစ်ရေးပဋိပက္ခကြောင့် ပြည်သူများ၏ အခြေအနေများကိုလည်းကောင်း၊ငြိမ်းချမ်းရေးအပေါ် အကြံပြုချက်များကိုလည်းကောင်း ကောင်းမွန်စွာ ပေးနိုင်သူများ ဖြစ်သည်။

၎င်းအပြင် လက်ရှိအစီရင်ခံစာတွင် ပါဝင်သည့် အချက်အလက်များ ခိုင်မာစေရန်အတွက် RICE သုတေသနအဖွဲ့ မှ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ပဋိပက္ခအခြေအနေတို့အား အစဉ်မပြတ် လေ့လာခဲ့သည်။ ပဋိပက္ခအခြေအနေများကို မီဒီယာများမှတဆင့် လေ့လာမှု ပြုလုပ်ခဲ့ပေသည်။

RICE သုတေသနအဖွဲ့မှ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်း ပဋိပက္ခ အကြိမ်အရေအတွက်များ၊ ပဋိပက္ခပုံစံအနေထားနှင့် ပဋိပက္ခကြောင့် ပြည်သူလူထုများ ဒုက္ခရောက်ကြရသည့် အခြေ အနေများကို သုံးသပ်ထားပါသည်။

ဤအစီရင်ခံစာသည် လက်ရှိအခြေအနေကို ဖော်ညွှန်းထားပြီး (၁၉၄၈) ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီး နောက်ပိုင်း စစ်ရေးပဋိပက္ခဆိုးဝါးဆုံးသော အခြေအနေတရပ်ကို ရောက်ရှိကာ ပြည်သူလူထုသေကြေမှု အများဆုံး ဖြစ်သည်ဟု သုံးသပ်ရပါသည်။

# အခန်း (၁)

# နိုင်ငံရေးဘောင်ကျဉ်းခြင်း

## (က) လွှတ်တော်အမတ်များ၏ အခန်းကဏ္ဍ

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် အာဏာသိမ်းစစ်ကောင်စီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy – NLD) မှ မိမိတို့၏ အာဏာကို ပြန်လည်စိန်ခေါ်နိုင်မှု မပြုရလေအောင် အင်အယ်ဒီခေါင်းဆောင်များနှင့် ၂၀၂၀ ရွေးကောက်ခံလွှတ်တော်အမတ်များကို ပစ်မှတ်ထား ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ NLD ပါတီခေါင်းဆောင်နှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် လွှတ်တော်အမတ်များအား ရန်သူသဖွယ် သဘောထားသည်။ အာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် စစ်တပ်မှ NLD ပါတီခေါင်းဆောင် သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးအရေးယူခဲ့သည်။ အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ဝန်ကြီးချုပ်များအား ဖမ်းဆီးခဲ့သည်။

တချိန်တည်းတွင် NLD ပါတီဝင်နှင့် လွှတ်တော်အမတ် အများအပြားမှာလည်း ထွက်ပြေးတိမ်းရှောင်ရသည်။ ၂၀၂၁ ခုနှစ်မှာပင် NLD ပါတီလွှတ်တော်အမတ်များနှင့် အခြားသော တိုင်းရင်းသားနိုင်ငံရေးပါတီမှ အမတ်များ ပူးပေါင်းပြီး **'ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မီတီ' (Committee for Representing People Htuttaw – CRPH)** ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သို့ရာတွင် NLD ပါတီခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ်အများအပြား ဖမ်းဆီးခံရသည်။

မေလ (၂၆) ရက်နေ့တွင် ထုတ်ပြန်သည့် Radio Free Asia သတင်းအရ ဖမ်းဆီးခံရသည့် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များတွင် (၁၆) ဦးမှာ အကျဉ်းထောင်တွင် သေဆုံးရသည်။ နိုင်ငံတကာမြန်မာ့သတင်း၏ အဆိုအရ မြန်မာစစ်တပ်မှာ (၂) နှစ်တာ အာဏာသိမ်ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် (၁,၂၃၂) ဦးတို့အား ဖမ်းဆီးထောင်ချခဲ့သည်။ ဖမ်းဆီးခံရသူ (၈၀) ဦးမှာ ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။

ထို့ကြောင့် ၂၀၂၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အမတ်အများစုမှာ ထွက်ပြေးတိမ်းရှောင်ရသည်။ စစ်ကောင်စီသည် တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအား ပစ်မှတ်ထား ဖမ်းဆီးမှု မရှိသော်လည်း ၎င်းတို့အား မည်သည့်နိုင်ငံရေးလှုပ်ရှားမှုတွင် မပါဝင်တော့ကြောင်း ခံဝန်ချက်အား လက်မှတ်ရေးထိုးခိုင်းကာ ထိန်းချုပ်ထားသည်။

ထို့ကြောင့် ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော လွှတ်တော်ကိုယ်စားလှယ်များမှာ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေကို မည်သို့မှ မတတ်သာ၊ မည်သို့မှ မကူညီနိုင်ပေ။ အာဏာမသိမ်းခင်ကတည်းက ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံရေးအင်စတီကျူးရှင်းများ ပျက်စီးသွားပြီဖြစ်သည်။

မွန်ပြည်နယ်တွင်ကား မွန်ပြည်သူတို့ မဲပေးထားသည့် မွန်ညီညွတ်ရေးပါတီမှာ ဆက်လက်လှုပ်ရှားနိုင်ခြင်း မရှိတော့ပေ။စစ်အာဏာရှင်မှNLDပါတီအားပစ်မှတ်ထားတိုက်ခိုက်ရုံသာမကပဲအခြားသောနိုင်ငံရေးပါတီများလှုပ်ရှားမှုမရှိစေရန် တားမြစ်ထားသည်။ ၎င်းအခြေအနေကို ရေးမြို့နယ်မှ ပြည်သူတဦး အောက်ပါအတိုင်း ပြောပြသည်။

> **"အာဏာသိမ်းလိုက်ခြင်းသည် အာဏာမသိမ်းခင်က တည်ဆောက်ထားသည့် နိုင်ငံရေးဖြစ်စဉ်မှန်သမျှ ပျက်စီးသွားတယ်လို့ မြင်တယ်။ ဘယ်လိုလဲဆိုရင် အာဏာမသိမ်းခင်က ကြိုးစားထားတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အကုန်လုံးသည် ပျက်သုဉ်းသွားတယ်။ နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်ဟာလည်း ကွန့်မြူးလာတဲ့အချိန် အတိုင်းအတာ တစ်ခု**



> **အထိ ရောက်လာပြီး၊ နောက် နှစ်(၂၀) အတွင်း ဒေသတွင်း အခြားနိုင်ငံတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့အခြေအနေတစ်ခုမှာ အာဏာသိမ်းလိုက်တာကြောင့် နောက်ပြန်ဆုတ်သွားတယ်။ တစ်ဖက်မှာလဲ မွန်ပြည်နယ်တွင်းမှာ အမျိုးသားရေးရှုထောင့်က ကြည့်မယ်ဆိုရင် စီစဉ်ထားသည့်အရာတွေ ပျက်သွားတယ်။ ဥပမာ – မွန်နိုင်ငံရေးပါတီ နှစ်ပါတီ ပေါင်းသွားပြီး၊ လွှတ်တော်တွင်း တင်ပြဆွေးနွေးမည့်အကြောင်းအရာများကို ပြင်ဆင်ခဲ့တယ်။ သို့သော်လည်းဘဲ အာဏာသိမ်းပြီးနောက်ပိုင်းမှာ အကုန်လုံး ပျက်ပြယ်သွားခဲ့တယ်။ စစ်ရေးအခြေအနေသည်လည်း ယခင်ကထက် ပိုဆိုးလာသည်။ အာဏာမသိမ်းခင်တုန်းကဆိုရင် တိုက်ပွဲမရှိသလောက် နည်းပါးတယ်။ (၁၉၉၅) ခုနှစ်လောက်ကတည်းက မွန်ပြည်နယ်မှာ တိုက်ပွဲမရှိဘူး။"**

အာဏာသိမ်းပြီးသည့်နောက် နိုင်ငံရေးဘောင် ကျဉ်းမြောင်းသွားပြီး၊ စစ်ရေးပဋိပက္ခဘောင် ပိုမိုကျယ်ပြန့်လာသည်။ စစ်ကောင်စီအနေဖြင့် နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုများ၏ နိုင်ငံရေးလွတ်လပ်မှုကို အပြင်းအထန် ကန့်သတ်ထားသည့်အချိန်တွင် ၎င်းတို့နှင့် စစ်ရေးအရ တိုက်ရိုက်ဆက်စပ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် ဟန်ပြ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

## (ခ) EAOs များ၏ အခန်းကဏ္ဍ

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်ကာလမှ စတင်ပြီး ၂၀၂၂ ခုနှစ် နှစ်လည်ပိုင်းအထိ အသစ်ပေါ်ပေါက်လာသည့် ပြည်သူ့ကာကွယ်ရေးတပ်များကို အပြင်းအထန် နှိမ်နင်းနေရသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုကိစ္စကို မဆောင်ရွက်နိုင်ပေ။ အာဏာသိမ်းပြီးကတည်းက နစကစစ်ကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မီတီ[၁]ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်သည်။

[၁]အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မီတီ (National Solidarity and Peace-Making Central Committee) အမိန့်အမှတ် ၆၉/၂၀၂၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်မီတီ။

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ပြီး စစ်ကောင်စီဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စတင်ဆောင်ရွက်လာသည်။ NCA လက်မှတ်ရေးထိုးထားသည့် မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် အခြားသော ငြိမ်းချမ်းရေးဆွေးနွေးမှု ဦးဆောင်ကော်မီတီ (Peace Process Streering Committee – PPST) မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO) အချို့မှ စစ်ကောင်စီမှ ခေါ်ဆိုသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပေသည်[၂]။

ဗမာ/မြန်မာစစ်တပ်မှ ယခင်က အသုံးပြုနေသည့် ပရိယာယ်များအတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ဆောင်သည့် အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့အား စုစည်းပြီး တွေ့ဆုံခြင်းမဟုတ်ပဲ၊ တဖွဲ့ချင်းကို တွေ့ဆုံခဲ့ပေသည်။ နောက်ပိုင်းတွင် အဖွဲ့အစည်း (၂) ဖွဲ့၊ (၃) ဖွဲ့တို့အား စုစည်းပြီး တွေ့ဆုံခြင်းမျိုးရှိခဲ့သည်။ မည်သို့ပင် တွေ့ဆုံသော်လည်း အဖြေကား မရရှိခဲ့ပေ။ အချုပ်အားဖြင့်ဆိုရသော် စစ်ကောင်စီ၏ နိုင်ငံရေး၊ စစ်ရေး ပရိယာယ်ကား တဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး တဖက်တွင် NUG နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့အား အပြတ်တိုက်ရန် ဖြစ်သည်။

သို့ရာတွင် စစ်ကောင်စီမှ ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်ကြောင်း ကျွန်ုပ်တို့ RICE သုတေသန အဖွဲ့နှင့် စကားပြောသည့် ပြည်သူများမှ ပြောဆိုသည်။

> **စစ်ကောင်စီကကျင်းပတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အလုပ်မဖြစ်ဘူးလို့ မြင်တယ်။ နောက်တစ်ခုက စစ်တပ် အာဏာသိမ်းလိုက်တာကြောင့် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပျက်သွားပြီ။ အဲတော့(၂၀၀၈) ဖွဲ့စည်းပုံ အောက်က (NCA) အပစ်ရပ်စဲရေးဟာလည်း အလိုအလျောက် (Automatic) ပျက်သွားပြီးဖြစ်တယ်။ ပြီးတော့ ဆက်ဆွေးနွေးနေတဲ့ ငြိမ်းချမ်းရေးကလည်း အရာမထင်ဘူးလို့မြင်တယ်။ အခု (NCA) ထိုးထားတဲ့ (၁၀) ဖွဲ့မှာ (၇) ဖွဲ့ဘဲ ကျန်နေပြီးတော့ ကျန်အင်အားကြီးတဲ့ (၃) ဖွဲ့ကတော့ ဆက်ပြီး လက်မခံတော့ဘဲ ထွက်သွားခဲ့တယ်။ တစ်ဖက်က ငြိမ်းချမ်းရေးဆွေးနွေးနေပေမဲ့ ပြည်တွင်းစစ်က တစ်နေ့တခြား ပိုပိုကြီးထွားလာတယ်။ သေချာတာက ငြိမ်းချမ်းရေး ဆွေးနွေးနေတာဟာ ဒီဆွေးနွေးနေတဲ့အဖွဲ့နဲ့ စစ်မျက်နှာမဖွင့်သေးလို့သာ ဆက်ပြီး ဆွေးနွေးနေတာ ဖြစ်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးမဟုတ်ဘူး။ တကယ့်လက်တွေ့မှာလဲ သိသာလာတဲ့အပြောင်းအလဲ မဖြစ်လာဘူး။**



စစ်ကောင်စီမှ ခေါ်ယူနေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် အတုအယောင်ဆွေးနွေးပွဲသာ ဖြစ်သည့်လျှောက် ရေရှည်အတွက် အဖြေမှန်ရရှိဖို့ ခက်ခဲကြောင်း ပြည်သူများက သုံးသပ်သည်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှ နိုင်ငံရေးသုံးသပ်သူတဦးက အောက်ပါအတိုင်း သုံးသပ်သည်။

> **အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်ထဲမှာတော့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ကိစ္စက ပါနေတာရှိတယ်။ ဒါအတွက် သူတို့ လုပ်ပြရတဲ့သဘောရှိမယ်။ ဒါပေမဲ့ အားလုံးမပါဝင်ဘူး တွေ့ရပါတယ်။ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့ အစည်းတွေကို အဖွဲ့အစည်းအလိုက်တွေ့ဆုံဆွေးနွေးတာတော့ အချို့အဖွဲ့က (၃) ကြိမ်၊ အချို့က (၂) ကြိမ် လာတွေ့သွားတာတော့ရှိတာ။ ဒါပေမယ့် နိုင်ငံရေးပြဿနာကို ဆွေးနွေးဖို့ အဆင်မပြေတာ တွေ့ရပါတယ်။ အဓိကကတော့ စစ်အုပ်စုကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အခြား လူမှုရေးကိစ္စတွေ ဆွေးနွေးတာပဲ ရှိပါတယ်။**

သို့ရာတွင် NCA သဘောတူညီစာချုပ်ကို အမှီပြုပြီး နစကစစ်ကောင်စီနှင့် ဆက်လက်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးလိုသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိသည်။ NCA သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း (၁၀) ဖွဲ့အနက် (၇) ဖွဲ့မှာ စစ်ကောင်စီနှင့် မဖြစ်နိုင်တော့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထပ်မံပြုလုပ်လိုသည်။ သို့ရာတွင် တော်လှန်ရေးအဖွဲ့အစည်းကြီးတဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းရုံး(KNU)၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ကျောင်းသားတပ်မတော် (ABSDF) တို့ကား ဗမာ/မြန်မာစစ်တပ်အား ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြဿနာကို စစ်ရေးအရ ဖြေရှင်းခြင်း မပြုလုပ်ပဲ အမြင်မတူညီသည့် အဖွဲ့အစည်းများ အကြား တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အာဆီယံအဖွဲ့အား တာဝန်ပေးခဲ့သည်။ အာဆီယံတွင် နိုင်ငံပေါင်း (၁၁) နိုင်ငံပါဝင်သည်။ ၂၀၂၁ ခုနှစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များ အစည်းဝေးတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ခေါ်ယူပြီး အာဆီယံသဘောတူညီချက် (၅) ချက်ကို ရရှိအောင် ဆောင်ရွက်ခဲ့သည်။ အာဆီယံ သဘောတူညီချက် (၅) ရပ်ကို အာဏာသိမ်း စစ်ခေါင်းဆောင်မှ သဘောတူခဲ့သော်လည်း တကယ်တမ်း အကောင်အထည်ဖော်သည့်အခါ စစ်ကောင်စီမှ လိုက်နာခြင်း မရှိခြင်းကြောင့် ပြဿနာကို ဆက်လက် ဖြေရှင်းရန် မဖြစ်နိုင်တော့ပေ။ အာဆီယံမှလည်း စစ်ကောင်စီအပေါ် စိတ်ပျက်မိလေသည်။

---

[၂]PPST တွင်ပါရှိသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှာ ရှမ်းပြည်ထူထောင်ရေးပါတီ (RCSS/SSA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA – PC) ၊ ဒီမိုကရက်တစ်အကျိုးပြုကရင့်တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ALP)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ကယန်းဒီမိုကရက်တစ်ပါတီ (LDU) အဖွဲ့ပေါင်း (၁၀) အဖွဲ့နှင့် ပေါင်းစပ်ထားသည်။

# အခန်း (၂)
## စစ်ရေးပဋိပက္ခ

အထက် အခန်း (၁) တွင် ဖော်ပြသကဲ့သို့ စစ်အာဏာသိမ်းပြီးသည့်နောက် ပြည်သူလူထုများ၏ နိုင်ငံရေး အရ ပါဝင်မှု (Political Participation) မှာ အားနည်းလာသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူလူထုများ လမ်း ပေါ်ထွက် ဆန္ဒပြမှုများကို အာဏာသိမ်းစစ်တပ်မှ နှိမ်နင်းခဲ့သည်။ နောက်ဆုံး ဆန္ဒပြလူငယ်များ ကျောင်းသားများနှင့် CDM ဝန်ထမ်းများအပေါ် စစ်တပ်မှ အတင်းအကြပ် ဖမ်းဆီးမှုများ ပြုလုပ်လာသည်။ အချို့ကို ၎င်းတို့ မိသားစုများ နေထိုင်သည့် အိမ်အတွင်းမှာပင် ပစ်သတ်ခြင်းခံရသည်။ အချို့ကို ဖမ်းဆီးသွားသည်။ အများအပြားမှာ ထောင်သွင်း အကျဉ်းချခြင်း ခံရသည်။

အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီစနစ် ပြန်လည်ရရှိရေးအတွက် တိုက်ပွဲဝင်နေသည့် ပြည်သူများ ကျောင်းသား လူငယ်များ CDM ဝန်ထမ်းများ ရွေးချယ်လမ်း မရှိတော့ပေ။ ၁၉၈၈ ဒီမိုကရေစီအရေးအခင်းကဲ့သို့ပင် ကျောင်းသား လူငယ် Generation Z များ တော်လှန်ရေးနယ်မြေသို့ ပထမဝင်ရောက်ခိုလှုံသည်။ ၎င်းနောက် စစ်သင်တန်း တက်ရောက်သည်။ ၎င်းနောက် စစ်ကောင်စီလက်အောက်ရှိ တပ်ရင်း/တပ်ဖွဲ့နှင့် စစ်ကြောင်းတို့အား တိုက်ခိုက်ခြင်း ပြုလုပ်လာသည်။

မွန်ပြည်နယ်အတွင်း အခြေအနေကို သုံးသပ်ရမည်ဆိုပါက ကျောင်းသားလူငယ် GZ များနှင့် CDM ဝန်ထမ်းအများ အပြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (Ethnic Armed Organizations – EAOs) ဖြစ်သည့် မွန်ပြည်သစ် ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့တွင် ဝင်ရောက်ခိုလှုံကြသည်။ မွန်ပြည်သစ်ပါတီအနေဖြင့် တနိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲမှုသဘောတူညီစာချုပ် (NCA) ထိန်းသိမ်းလိုသောကြောင့် မိမိနယ်မြေအတွင်း ရောက်ရှိလာ သူများကို နယ်မြေအတွင်း ခိုလှုံခွင့်ပေးသော်လည်း စစ်သင်တန်း မပေးပေ။ သို့ရာတွင် KNU နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တို့မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People Defense Force) များမှ လူငယ် ကျောင်းသားများကို သင်တန်းများ ပေးအပ်ခဲ့သည်။



၎င်းအခြေအနေကို စောင့်ကြည့်နေသည့် မွန်နိုင်ငံရေးသမားတဦးမှ အောက်ပါအတိုင်း သုံးသပ်သည်။

> **စစ်ရေးအခြေအနေက အာဏာသိမ်းပြီးနောက်ပိုင်းမှာ PDF တွေပေါ်လာတဲ့အတွက်ကြောင့် စစ်ကောင်စီတပ်တွေနဲ့ တိုက်ပွဲတွေဖြစ်လာတယ်။ ဒီလို PDF တွေပေါ်ပေါက်လာခြင်းက ကိုယ့်ကိုယ်ကို ခုခံကာကွယ်ဖို့အတွက် လိုအပ်တယ်လို့လည်းမြင်တယ်။ အထူးသဖြင့် မွန်ပြည်နယ်၊ ရေးမြို့နယ်ဘက်က ဒေသတွေဟာ မွန်ပြည်သစ်ပါတီနှင့် KNU တို့ရဲ့ ထိန်းချုပ်နယ်မြေတွေ ထိစပ်နေတယ်။ မွန်ပြည်သစ်ပါတီနယ်မြေမှာတော့ တိုက်ပွဲမရှိသလောက်ဖြစ်ပေမဲ့ KNU နယ်မြေမှာတော့ တိုက်ပွဲတွေများတယ်။ KNU ဘက်က PDF တွေကို စစ်သင်တန်းတွေ၊ စစ်ရေးအကူအညီတွေလည်း ပေးနေတဲ့အခါကျတော့ သူတို့နယ်မြေမှာ တိုက်ပွဲရှိတယ်။ မွန်ပြည်နယ်တောင်ပိုင်းက PDF တော်တော်များများဟာ NUG လက်အောက်ကို မဝင်ထားကြဘူး။ မွန်ပြည်နယ်အတွင်းရှိ PDF အများစုသည် NUG လက်အောက်ကို မဝင်ထားကြဘဲ LDF အနေနဲ့ဘဲ ဆက်လက်ရပ်တည်နေတာဖြစ်ပြီး တိုက်ပွဲဖော်ဆောင်ရာမှာ ပိုပြီးတော့ ခရီးရောက်တယ်လို့ မြင်တယ်။ ကျန်ပြည်နယ်ရှိ PDF တွေနဲ့ နှိုင်းယှဉ်ပါက စစ်ရေးလှုပ်ရှားမှုဟာ ပိုမိုလွတ်လပ်တယ်။ ကိုယ့်ဘာကိုယ် ပိုက်ဆံရှာတယ်၊ လက်နက်ဝယ်တယ်၊ တိုက်ပွဲဖော်ဆောင်တယ်။ ဤကဲ့သို့ PDF တွေ လွတ်လွတ်လပ်လပ် စစ်ရေးလှုပ်ရှားမှုရှိသလို တစ်ဖက်က စစ်ကောင်စီတပ်ကလည်း ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် စစ်မျက်နှာများသို့ လူအင်အားဖြည့်တင်းနေတာကြောင့် မွန်ပြည်နယ်မှာ စစ်ကောင်စီနယ်မြေခံတပ်ရင်းတွေမှာ လူအင်အားနည်းနေတယ်လို့မြင်တယ်။ မွန်ပြည်နယ်အတွင်း တိုက်ပွဲကတော့ ပြည်နယ်ရဲ့ တောင်ပိုင်းနှင့် မြောက်ပိုင်းမှာ တိုက်ပွဲများနေပြီး ပြည်နယ်ရဲ့ အလယ်ပိုင်းတွေမှာတော့ တိုက်ပွဲနည်းနေတဲ့အနေအထားမှာရှိနေတယ်။ တိုက်ပွဲများတဲ့ မွန်ပြည်နယ်ရဲ့ တောင်ပိုင်းနဲ့ မြောက်ပိုင်းဒေသက KNU တပ်မဟာ (၆) နဲ့ တပ်မဟာ (၁) ရဲ့ နယ်မြေတွေဖြစ်တယ်။ နောက်တစ်ခုက အဲဒီဒေသတွေဟာ အရင်ကတည်းက Gray Zone ဖြစ်နေတယ်။**

ဗမာ/မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA) ရေးထိုးထားသည့် စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက် (EAOs) များတွင်လည်း စစ်တပ်နှင့် ပတ်သက်ပြီး သဘောထားကွဲကြသည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏အဆိုအရ စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက် ၂၀၀၈ ဖွဲ့စည်းပုံကို အခြေပြုရေးဆွဲထားသော NCA စာချုပ်မှ ပျက်ပြီဖြစ်သည်။ ဗမာ/မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးခြင်းနှင့်အတူ ၎င်းတို့ ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအား အလိုလို ဖျက်သိမ်းလိုက်ပြီးဖြစ်သည်။

စစ်ကောင်စီမှ ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်နေသည်ဆိုသော်လည်း တချိန်တည်းတွင် ပြည်သူလူထုတို့အား သတ်ဖြတ်နေပေသည်။ စစ်ရေးပဋိပက္ခဖြစ်ပွားရာ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသအတွင်းသို့ နေ့စဉ်နှင့်အမျှ ဗုံးကြဲတိုက်ခိုက်နေသည်။ ထို့ကြောင့် စစ်ကောင်စီ ပြောဆိုနေသည့် ငြိမ်းချမ်းရေးကို ပြည်သူလူထုမှ ယုံကြည်မှု မရှိတော့ပေ။ ကရင်နီပြည်နယ် ဒေသခံတဦးက အောက်ပါအတိုင်း ပြောပြပါသည်။

> **ကျွန်တော်ကတော့ အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လို့ပဲ မြင်တယ်။ ကျွန်တော်တို့ဘက်မှာမှ မဟုတ်ဘူး အခြားဘယ်နေရာမှာမှ မငြိမ်းချမ်းနေဘူးလေ။ ငြိမ်းချမ်းရေး လုပ်နေတယ်လို့သာ ပြောနေတာ လူတွေသေနေတာ နေ့တိုင်း (၁) ယောက် (၂) ယောက်မှ မဟုတ်တာ။ နောက်ပြီး ကျွန်တော်တို့လည်း ခံရတာများတော့ စကစရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း မယုံကြည်နိုင်တော့တာလည်းပါတယ်။**

ကရင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ်က ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲပြီး ၂၀၁၅ ခုနှစ်တွင် KNU မှ NCA ကို လက်မှတ်ရေးထိုးခဲ့ကာ တနိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ခဲ့သည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် ကာလတလျှောက်လုံး၌ ကရင်ပြည်နယ်တွင် စစ်မက်ဖြစ်ပွားခဲ့ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မယုံကြည်တော့ပေ။

ကရင်ပြည်နယ်မှ လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို အောက်ပါအတိုင်း သုံးသပ်သည်။

> **အောက်ခြေမြေပြင်အခြေနေက ဆိုးရွားနေတဲ့အတွက် စကစ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဖြစ်နိုင်ချေမရှိသလို သက်ရောက်မှုလည်းမရှိဘူး။ စကစက ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ဆိုရင် သဘောထားပြည့်ဝဖို့လိုတယ်။ သူတို့က သဘောထားမပြည့်ဝတဲ့အတွက်ကြောင့် ပြည်သူလူထုလက်နက်ကိုင်တပ်ဖွဲ့တွေက စကစရဲ့ ငြိမ်းချမ်းရေးကို မယုံကြည်ဘူး။ မြေပြင်အခြေနေနဲ့ စကစထုတ်ပြန်ချက်နေတွေက လုံးဝမကိုက်ညီနေတော့ ယုံကြည်စရာလည်းမရှိနေဘူး။**

စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက်တွင် တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူတရပ်လုံးမှ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့သည်။ စစ်တပ်နှင့် ပြည်သူတို့မှာ တဖက်ဆီ ဖြစ်သွားသည့်အတွက် ပြည်သူများမပါသည့် မည်သည့် ငြိမ်းချမ်းရေးလုပ်ငန်းမျှ အောင်မြင်မည်မဟုတ်ပေ။ NCA သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် EAOs များကို စစ်ကောင်စီမှ အသုံးချပြီး ဟန်ပြငြိမ်းချမ်းရေးကို ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သည်ဟု ပြည်သူတို့က နားလည်သည်။

မုဒုံမြို့နယ် နိုင်ငံရေးလေ့လာသူတဦးက –

> **ငြိမ်းချမ်းရေးဟုဆိုရာတွင် စစ်တပ်နဲ့ ပြည်သူဆိုတာ လုံးဝကွဲလွဲသွားပါပြီ။ စစ်တပ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုတာ ရေပေါ်ဆီ အသုံးချလုပ်ငန်းစဉ်တစ်ရပ်လောက်ပဲ ဖြစ်ပါတယ်။ ပြည်သူတွေ ကိုယ်တိုင်ဘဝတွေ ခါးစည်းတွန်းကန်ရင်း တိုက်ယူနေရတဲ့အရာမို့ စစ်တပ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မဖြစ်နိုင်ပါ။ သို့သော် ကိုယ်ကျိုးကြည့်နေမယ့် EAOs တွေ ရှိနေသ၍တော့ ဟန်ပြ Peace Process တော့ရှိနေအုံးမှာပါပဲ။**

---

# အခန်း (၃)

## စစ်ရေးပဋိပက္ခဆိုင်ရာ အချက်အလက်များ

လွန်ခဲ့သည့် ၂၀၂၃ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပ်မတော်နေ့တွင် အာဏာသိမ်းခေါင်းဆောင်စစ်ကောင်စီ၏ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှငြိမ်းချမ်းရေးကိစ္စထက်စစ်ရေးပဋိပက္ခ တိုးမြှင့်ရန်သာ ပြောဆိုခဲ့ပေသည်။ ဗမာ/မြန်မာစစ်တပ် (သို့မဟုတ်) စစ်ကောင်စီအား တိုက်ခိုက်နေသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ၎င်းလက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်များ (PDFs) တို့ကို အမြစ်ပြတ်ချေမှုန်းပစ်ရန် အာဏာသိမ်းခေါင်းဆောင်က အမိန့်ပေးခဲ့သည်။ ၎င်းအပြင် ထိုပြည်သူ့ကာကွယ်ရေးတပ်များ (PDFs) တပ်များအား စစ်ရေးသင်တန်းအကူအညီ လက်နက်အကူအညီပေးအပ်နေသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) တို့အား တိုက်ခိုက်ရန်လည်း အမိန့်ပေးခဲ့သည်။

တိုက်ပွဲများနေ့စဉ်လိုလို ဖြစ်ပွားနေသည့် KNU ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင်၊ တပ်မဟာ (၆) နယ်မြေရှိ မြို့နယ် (၃) ခုအား Martial Law စစ်အုပ်ချုပ်ရေးနယ်မြေအဖြစ်ကြေညာကြောင်း ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စစ်ကောင်စီက သတင်းထုတ်ပြန်ကြေညာလိုက်သည်။ ဒူးပလာယာခရိုင်ရှိ ကော့ကရိတ်၊ ဝင်းရေး၊ နို့တကော်မြို့နယ် အုပ်ချုပ်ရေးနယ်မြေတွင် ပါဝင်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် မွန်ပြည်နယ်ရေးမြို့နယ်တို့သည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ စစ်အုပ်ချုပ်ရေးမာရှယ်လောအာဏာ ကျင့်သုံးရန် စစ်ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်လင်းဒွေး၏ အမိန့်အရ ထုတ်ပြန်ထားသည်ဟု သိရသည်။

အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ ရာဇသံသည် ငြိမ်းချမ်းရေးထက် စစ်ရေးဘက်သို့ စစ်ရေးပိုမိုတိုးပွားဖြစ်ပေါ်လာစေရေးအတွက် လုပ်ဆောင်ခြင်း ဖြစ်ပေသည်။ စစ်ခေါင်းဆောင်၏ အမိန့်စကားနှင့်အညီ တပ်မတော်နေ့အပြီးတွင် ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး လေယာဉ်ဖြင့် ဗုံးကြဲမှုများလည်း ပိုမိုတိုးပွားလာပါသည်။

စစ်ရေးတိုက်ပွဲကြောင့် ပြည်သူတွေ ဒုက္ခရောက်ရသည့်အကြောင်း ရေးမြို့နယ် ပြည်သူတဦးမှ ပြောကြားသည်။

> **ယခုလို ပြည်တွင်းမှာ တိုက်ပွဲတွေ နေ့စဉ်ဖြစ်ပွားနေရတဲ့ အဓိကအကြောင်းအရင်းကတော့ စစ်တပ်အာဏာသိမ်းမှုကြောင့်ဖြစ်တယ်။ ဒါပေမဲ့ အကုန်လုံးတော့ မမှန်ဘူးလို့ ဆိုချင်ပါတယ်။ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူ့ကာကွယ်ရေးတပ်တွေ အများအပြားပေါ်ပေါက်လာပြီးတော့ တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းအချို့တွေနဲ့ပူးပေါင်းပြီး စစ်ကောင်စီတပ်တွေနဲ့ နေ့စဉ်တိုက်ပွဲတွေ ဖြစ်ပွားနေတာပါ။ မြန်မာနိုင်ငံရဲ့ အနောက်ဘက် ရခိုင်ပြည်နယ်မှာတော့ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ (၂၀၂၂) ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက် မတိုင်ခင်အထိ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီလိုတိုက်ပွဲဖြစ်တာဟာ စစ်အာဏာသိမ်းမှုကြောင့် မဟုတ်ဘဲ ရခိုင်လူမျိုးအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ခွင့်ရရှိဖို့အတွက် ဖြစ်တယ်။ တိုက်ပွဲကြောင့် စစ်ဘေးရှောင်တွေများပြားလာသလို စစ်ကောင်စီတပ်၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာနဲ့နေအိမ်တွေ အများအပြား ပျက်စီးလာနေပါတယ်။ တိုက်ပွဲတွေ မရပ်တန့်ခဲ့ပါက ပြည်သူတွေဟာ ဆင်းရဲသထက် ဆင်းရဲလာကာ ငတ်မွတ်မှုဒဏ်ကို ရင်ဆိုင်လာနိုင်ပါတယ်။**

### (က) တိုက်ပွဲများ ဖြစ်ပွားမှုအချက်အလက်များ


ယခု RICE ၏ သုတေသနပြုစုမှုအချက်အလက်များသည် ဇန်နဝါရီလမှ ဇွန်လအထိ ဖြစ်သည်။ ဗမာ/ မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက် စစ်ရေးပဋိပက္ခသည် မြန်မာတနိုင်ငံလုံးနီးပါး ဖြစ်ပေါ်ခဲ့သည်။ စစ်ကောင်စီ၏ ဗဟို

ဌာနချုပ် နေပြည်တော်နှင့် နီးကပ်သော ကရင်နီပြည်နယ်တွင် တိုက်ပွဲပြင်းထန်နေဆဲဖြစ်သည်။ ကရင်ပြည်နယ်တွင်ကား ဒေသတခုလုံးနီးပါး တိုက်ပွဲဖြစ်ပွားကာ ၎င်းတို့နှင့် အဆက်အစပ်ဒေသတခုဖြစ်သော မွန်ပြည်နယ်မြောက်ပိုင်းတွင်လည်း တိုက်ပွဲအကြိမ်ပေါင်းများစွာ ဖြစ်ပွားသည်။ မွန်ပြည်နယ်အလယ်ပိုင်း ကျိုက်မရောမြို့နယ်တွင် တိုက်ပွဲများရှိသည်။ မွန်ပြည်နယ်တောင်ပိုင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည်သူ့တော်လှန်ရေးအဖွဲ့ အင်အားစုအသစ်များ ပေါ်ပေါက်လာခြင်းကြောင့် စစ်ကောင်စီမှ ပိုမိုတိုက်ခိုက်လာသည်ကို တွေ့ရသည်။

**တိုက်ပွဲဖြစ်ပွားမှု အရေအတွက် အခြေအနေကား –**

| | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | ဧပြီလ | မေလ | ဇွန်လ |
|---|---|---|---|---|---|---|
| ကရင်နီပြည်နယ် | ၉၅ | ၉၁ | ၉၃ | ၈၂ | ၁၀၅ | ၆၃ |
| ကရင်ပြည်နယ် | ၈၂ | ၁၂၇ | ၁၉၀ | ၁၃၅ | ၃၁ | ၃၈ |
| မွန်ပြည်နယ် | ၂၃ | ၁၂ | ၁၉ | ၂၁ | ၁၇ | ၁၈ |
| တနင်္သာရီတိုင်း | ၂၆ | ၃၉ | ၃၂ | ၂၁ | ၁၈ | ၁၅ |

**တိုက်ပွဲဖြစ်ပွားဖြစ်ပွားမှု အရေအတွက် အခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်။**




RICE သုတေသန အဖွဲ့မှ သတင်းမီဒီယာပေါ်မှ ဖော်ပြချက်များ၊ မိမိတို့ကိုယ်တိုင် စုံစမ်းချက်များအရ သိရှိရသည့် တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အခြေအနေများကား ပြည်တွင်းအိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်သည်

များ၊ အိမ်ယာမီးရှို့ခံရမှုများ၊ တိုက်ပွဲအတွင်း (စစ်သားများမဟုတ်သည့်) အရပ်သားသေဆုံးမှုများ၊ ဒဏ်ရာရမှုများ ရှိသည်။


ဇန်နဝါရီလမှဇွန်လအထိ (၆) လတာကာလအတွင်းတိုက်ပွဲကြောင့်ထွက်ပြေးတိမ်းရှောင်အိုးအိမ်မဲ့ရသည့်ပြည်သူလူထု အခြေအနေကား အောက်ပါအတိုင်းဖြစ်သည်။

## (၆) လတာ ကာလအတွင်း အိုးအိမ်မဲ့ပြည်သူများ (IDPs) အခြေအနေ။

**(ခ) (၆) လတာ ကာလအတွင်း အိုးအိမ်မဲ့ပြည်သူများ (IDPs) အခြေအနေ။**

| | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | ဧပြီလ | မေလ | ဇွန်လ |
|---|---|---|---|---|---|---|
| ကရင်နီပြည်နယ် | ၃၅၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀ | ၇၀၀ | ၅၀၀၀ |
| ကရင်ပြည်နယ် | ၁၀၀၀၀ | ၃၀၀၀ | ၄၅၅၆ | ၃၀၀၀ | ၁၃၀၀၀ | ၁၀,၀၀၀ |
| မွန်ပြည်နယ် | ၃၈၀၀ | ၂၀၈၀ | ၂၀၀၀ | ၃၀၀၀ | ၇၀၀၀ | – |
| တနင်္သာရီတိုင်း | ၂၀၀၀ | ၁၀၀၀ | ၄၀၀ | ၁၅၀၀၀ | ၃၀၀၀၀ | ၈,၀၀၀ |

**အိုးအိမ်မဲ့ပြည်သူများ အခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်။**




ဇန်နဝါရီလမှ ဇွန်လအထိ (၆) လတာကာလအတွင်း တိုက်ပွဲကြောင့်သော်လည်းကောင်း၊ ဗမာ/မြန်မာစစ်တပ်တို့မှ လက်နက်ကြီး အမြောက်တို့ဖြင့် ပစ်ခတ်သောကြောင့်လည်းကောင်း၊ မြေမြှုပ်မိုင်းများကြောင့်သော်လည်းကောင်း၊ မိုင်းများကြောင့်လည်းကောင်း ပြည်သူလူထု သေဆုံးမှု ရှိခဲ့သည်။

သတင်းမီဒီယာမှ သုတေသနပြုချက်များနှင့် မိမိတို့ RICE သုတေသနအဖွဲ့မှ သုတေသနပြုချက်အရ စစ်ရေးပဋိပက္ခကြောင့် သေဆုံးမှုစာရင်းအရ အောက်ပါအတိုင်း ဖြစ်သည်။

**(ဂ) (၆) လတာ ကာလအတွင်း ပြည်သူလူထုများ သေဆုံးမှုအခြေအနေ။**

| | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | ဧပြီလ | မေလ | ဇွန်လ |
|---|---|---|---|---|---|---|
| ကရင်နီပြည်နယ် | ၆ | ၇ | ၃၁ | ၅ | ၇ | ၅၉ |
| ကရင်ပြည်နယ် | ၁၉ | ၄ | ၃ | ၂ | ၆ | ၈ |
| မွန်ပြည်နယ် | ၃ | ၆ | ၂၃ | ၁ | ၁၀ | ၉ |
| တနင်္သာရီတိုင်း | ၂၅ | ၃၆ | ၂၀ | ၁၆ | ၁၉ | ၁၄ |

**ပြည်သူလူထုများ သေဆုံးမှုအခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်။**





ဇန်နဝါရီလမှ ဇွန်လအထိ (၆) လတာ ကာလအတွင်း တိုက်ပွဲကြောင့်သော်လည်းကောင်း၊ ဗမာ/မြန်မာစစ်တပ်တို့မှ လက်နက်ကြီး၊ အမြောက်တို့ဖြင့် ပစ်ခတ်သောကြောင့်လည်းကောင်း၊ မြေမြှုပ်မိုင်းများကြောင့်သော်လည်းကောင်း၊ မိုင်းများကြောင့်လည်းကောင်း ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရရှိမှု ရှိခဲ့သည်။

(ဃ) (၆) လတာကာလအတွင်း ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ။

| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
|---|---|---|---|---|---|---|
| ကရင်နီပြည်နယ် | ၆၆ | ၅၁ | ၁၅၆ | ၇၀ | ၈၈ | ၆၄ |
| ကရင်ပြည်နယ် | ၁၀၀ | ၃၆၈ | ၄၅ | ၅၈ | ၄၅ | ၅၅ |
| မွန်ပြည်နယ် | ၄၈ | ၂၀ | ၂၅ | ၃၆ | ၁၅ | ၄၁ |
| တနင်္သာရီတိုင်း | ၂၇ | ၁၄ | ၂၇ | ၁၈ | ၂၇ | ၁၅ |

ပြည်သူလူထုများ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေကို အောက်ပါဂရပ်ဖြင့် ဖော်ပြထားပါသည်။



# အခန်း (၄)
## စစ်ရေးပဋိပက္ခနှင့် အကြမ်းဖက်မှုများ




အထက်တွင် ဖော်ပြထားသကဲ့သို့ စစ်ကောင်စီမှ အာဏာသိမ်းပြီးသည့်နောက်ပိုင်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် လက်နက်ကိုင်တော်လှန်မှုမှာ တနိုင်ငံလုံးတွင်ပေါ်ပေါက်လာသည်။ ကျောင်းသားနှင့် GZ လူငယ်အများအပြား တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) ဒေသအတွင်းသို့ ရောက်ရှိလာပြီး စစ်သင်တန်းများ သင်ကြားခဲ့သည်။ ၎င်းနောက် EROs များ၏ အကူအညီဖြင့် တပ်ရင်း၊ တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး အချို့ကား EROs များနှင့် ပူးပေါင်းကာ ဗမာ/မြန်မာစစ်တပ်၏ တပ်ရင်း/တပ်ဖွဲ့တို့အား တိုက်ခိုက်ခဲ့သည်။ အချို့ PDFs တပ်ဖွဲ့၊ တပ်ရင်းများကား အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာန (MOD) တွင် တာဝန်ယူထမ်းဆောင်ကာ စစ်ဒေသအသစ်ကို ဖြန့်ကြက်နိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် PDFs များ စစ်ဆင်ရေး လုပ်ဆောင်နိုင်ခဲ့သည်။

တချိန်တည်းမှာပင် အချို့သော PDFs များမှာ မိမိတို့၏ ဒေသအတွင်းမှာပင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရန် ဒေသခံပြည်သူများ ကျောင်းသားများနှင့်လူငယ်များကို စုစည်းပြီး ဒေသခံပြည်သူကာကွယ်ရေးတပ်ဖွဲ့ (Local PDFs) အနေဖြင့် အမည်အမျိုးမျိုးဖြင့် ပေးအပ်ကာ ဗမာ/မြန်မာစစ်တပ်တို့ကို တိုက်ခိုက်ခဲ့သည်။

ထိုကဲ့သို့ စစ်အာဏာရှင်စနစ်ကို အပြတ်ချေမှုန်းရန်အတွက် နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ကြရာတွင် တိုင်းဒေသကြီးအပြင် EROs များရှိသည့် ပြည်နယ်ဒေသများတွင်လည်း တိုင်းရင်းသားလူငယ်များပါဝင်သည့် ပြည်သူ့ကာကွယ်ရေးတပ်လည်း ပေါ်ပေါက်လာသည်။ ဥပမာ – ကရင်နီပြည်နယ် (ကယားပြည်နယ်) တွင် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (Karennni Nationalities Defence Force – KPDF) နှင့် ချင်းပြည်နယ်တွင် ချင်းအမျိုးသားများကာကွယ်ရေးတပ် (Chin Nationalities Defence Force – CNDF) တို့ အသီးသီးပေါ်ပေါက်လာပြီး ၎င်းတို့မှာ ယခင်ရှိပြီးသား EROs များဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့၏ ပံ့ပိုးမှုဖြင့် ဗမာ/မြန်မာစစ်တပ်အား အပြင်းအထန်တိုက်ခိုက်ခဲ့ပေသည်။ ကရင်ပြည်နယ်တွင်လည်း PDFsတပ်ဖွဲ့ဝင်အများအပြားမှာ တပ်မဟာအသီးသီးတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့်အတူ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ မွန်ပြည်နယ်တွင် ဒေသခံ PDF အဖွဲ့အစည်းသာများသည်။ တနင်္သာရီတိုင်းတွင်းလည်း PDFs အဖွဲ့အစည်းအများအပြား ပေါ်ပေါက်လာ

ပြီး တဖြည်းဖြည်းစုစည်းလာသည်။

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင် ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ တပ်မဟာ (၅) ဒေသမှာ ဖေဖော်ဝါရီလ (၁) ရက်ကနေ (၁၅) ရက်အထိ နှစ်ပတ်အတွင်း တိုက်ပွဲတစ်ရာနီးပါးဖြစ်ပွားခဲ့သည်ဟု ဖေဖော်ဝါရီလ (၁၉) ရက်မှာ သတင်းထုတ်ပြန်ပါသည်။ စစ်ကောင်စီတပ်နဲ့ KNU လက်နက်ကိုင်တပ်တွေအကြား ရင်ဆိုင်တိုက်ပွဲ (၉၁) ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့် (၁၈) ကြိမ်ပစ်ခဲ့သည်။ လေကြောင်းဖြင့် ဗုံးအလုံး (၄၀) ကြဲချခဲ့သည်ဟု KNU တပ်မဟာ(၅) ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသည်။ ၎င်းတိုက်ပွဲကြောင့် စာသင်ဆောင်၊ နေအိမ်နှင့် အဆောက်အအုံ ၂၆ လုံး မီးလောင်ခဲ့သည်။ EROs နှင့် PDFs တို့မှ တိုက်ခိုက်ပြီး နယ်မြေများစွာကို သိမ်းပိုက်နိုင်ခဲ့သည်။ ဗမာ/မြန်မာစစ်တပ်မှ ကြည်းတပ်ဖြင့် တော်လှန်ရေးတပ်ဖွဲ့ တို့ အား တိုက်ခိုက်နိုင်စွမ်း မရှိတော့ပေ။ စစ်မျက်နှာ စစ်ဒေသအများအပြားကို ဖွင့်ထားရသည့် စစ်တပ်သည် ၎င်းတို့၏ အင်အားကို အပြည့်အဝ မသုံးပြုနိုင်တော့ပေ။ ထို့ကြောင့် စစ်ကောင်စီသည် တော်လှန်ရေးတပ်ဖွဲ့များရှိသည့် နေရာများကို လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သည်။ ထိုကဲ့သို့ ဗုံးကြဲတိုက်ခိုက်မှုသည် တော်လှန်ရေးတပ်ဖွဲ့များကို မထိခိုက်နိုင်ပေ။ များသောအားဖြင့် ပြည်သူလူထုများကို ထိခိုက်သည်က များသည်။

စစ်မြေပြင်တွင် ကြည်းတပ်အားဖြင့် EROs အဖွဲ့ အစည်းတို့ အား တိုက်ခိုက်သည့် စစ်ကောင်စီဘက်မှ အင်အားအတော်ပင် ဆုံးရှုံးကြောင့် KNU နှင့် ရင်ဆိုင်သည့် တိုက်ပွဲများတွင် တွေ့မြင်ရသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၅) နယ်မြေ၊ မူတြော်(ဖာပွန်) ခရိုင်တွင် ပြီးခဲ့သည့် မေလအတွင်း စစ်ကောင်စီ၊ နယ်ခြားစောင့်တပ်-BGF များနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် -KNLA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲပေါင်း နှစ်ရာ(၂၀၀) တိတိဖြစ်ပွားခဲ့ပြီး စစ်ကောင်စီနှင့် BGF တပ်ဖွဲ့ဝင် (၁၂၂)ဦး သေဆုံးခဲ့ကြောင်း မူတြော်ခရိုင် သတင်းစဉ်က ဇွန်လ (၂) ရက်နေ့တွင် ထုတ်ပြန်ထားသည်။ အဆိုပါ တိုက်ပွဲများတွင် သေဆုံးခဲ့သော စစ်ကောင်စီနှင့် BGF တစ်ရာကျော်အနက် တပ်ခွဲမှူး (၁) ဦး၊ ဒု-ခွဲမှူး (၂) ဦး၊ တပ်ကြပ် (၄) ဦးပါဝင်ပြီး ထိခိုက်ဒဏ်ရာရရှိသူ (၄၈) ဦးရှိကြောင်း၊ ကေအဲန်ယူ တပ်မဟာ (၅) ဘက်မှ တပ်ဖွဲ့ဝင် (၂) ဦးကျဆုံး၍ (၁၀) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၃]။

စစ်ကောင်စီသည် ကြည်းတပ်ဖြင့် EROs နှင့် PDFs တို့အား မတိုက်ခိုက်နိုင်သည့်နောက်ပိုင်း လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်။ ၂၀၂၃ ခုနှစ် ပထမ (၆) လပတ်ကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်း ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် စစ်ကောင်စီမှ  လေယာဉ်ဖြင့် အကြိမ်ပေါင်းများစွာ ဗုံးကြဲခဲ့သည်။

## အခန်း (၄-က)
## လေကြောင်းဖြင့် တိုက်ခိုက်မှု

စစ်ကောင်စီအနေဖြင့်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် PDFsတို့အားကြည်းတပ်ဖြင့်စစ်ကြောင်းထိုးတိုက်ခိုက်ရန်အခြေအနေမပေးတော့ပေ။ချီတက်လာသည့်စစ်ကြောင်းများသည်များသောအားဖြင့်လမ်းထက်ဝက်တွင် အမြဲတမ်းအလိုလို တိုက်ခိုက်ခြင်းခံရသည်။ စစ်ကောင်စီဖက်မှ ကျဆုံးမှုများ၊ ထိခိုက်မှုများ စစ်လက်နက်ပစ္စည်းသိမ်းဆည်းခံရမှုများ ရှိသည်။

ထို့ကြောင့် စစ်ကောင်စီမှ ၎င်းတို့၏လေကြောင်းကို အသုံးပြုကာ EROs နှင့် PDFs တပ်ဖွဲ့များ၏ တပ်စခန်းများရှိသည့်နေရာသို့ လေယာဉ်ဖြင့် ဗုံးကြဲသည်။ စစ်ကောင်စီ၏ လေကြောင်းတပ်သည် EROs နှင့် PDFs တပ်စခန်းနှင့် နီးစပ်ရာ ကျေးရွာများကိုလည်း ဗုံးကြဲတိုက်ခိုက်သည်။ ကျေးရွာများအား မီးရှို့ခြင်း၊ စာသင်ကျောင်း၊ ဗုဒ္ဓဘာသာ ဘုန်းကြီး

[၃] ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၅) နယ်မြေ ထုတ်ပြန်ကျေညာချက်။



Figure ၁Mi-၃၅ အမျိုးအစား တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စီး။ (ဓာတ်ပုံ- Ye Aung Thu/AFP via Getty Images)

ကျောင်းနှင့် ခရစ်ယာန်ချတ်ကျောင်း (Churches) များကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်။ ထိုသို့ တိုက်ခိုက်မှုတွင် အပြစ်မဲ့ပြည်သူများသာ သေကြေမှုများသည်။

ပြီးခဲ့သည့် ဧပြီလ (၁၁) ရက်နေ့က စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူအများအပြား (နောက်ဆုံးသတင်းအရ ၁၆၀ ကျော်) သေဆုံးခဲ့ရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ကောင်စီ၏ လုပ်ရပ်အား တကမ္ဘာလုံးက ရှုတ်ချသည်။ ထို့အတူ အာဏာသိမ်းကာလအတွင်း စစ်ကောင်စီမှ အရပ်သားပြည်သူပိုင်နေရာများတွင် လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ရာ ကရင်ပြည်နယ်တွင်လည်း လေကြောင်းမှတိုက်ခိုက်မှုအကြိမ်ရေ အနည်းဆုံး (၁၅၅) ကြိမ် ဖြစ်ပွားခဲ့သည့်အနက် အရပ်သား (၅၀) ကျော်သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ အနည်းဆုံး ၁၀၀ ကျော်ရှိခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၄]။

အထူးသဖြင့် မြန်မာနိုင်ငံတောင်ပိုင်းတွင် KNU ထိန်းချုပ်ထားသည့် နယ်မြေများတွင် ပိုမိုတိုက်ခိုက်ခြင်းခံရသည်။

> **အာဏာသိမ်းပြီးနောက် ရက်ပေါင်း (၇၅၁) ရက်အတွင်း စစ်ကောင်စီတပ်တို့မှ ကရင်အမျိုးသားအစည်းအရုံး KNU အုပ်ချုပ်နယ်မြေ ခရိုင် (၇) ခရိုင်အတွင်း နေထိုင်သော အရပ်သားပြည်သူများအား ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုပေါင်း (၃၀၇) ကြိမ်ခန့်ပြုလုပ်ခဲ့သည်ဟု KNU က ထုတ်ပြန်ထားသည်။ ထိုလေကြောင်းတိုက်ခိုက်မှု (၃၀၇) ကြိမ်အတွင်း အပြစ်မဲ့အရပ်သားပြည်သူ (၃၆) ဦး သေဆုံးပြီး (၅၇) ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုလည်း ထုတ်ပြန်ပါရှိသည်။ ၎င်းအပြင် နေအိမ် (၂၅၈) လုံး၊ စာသင်ကျောင်း (၁၂) ကျောင်း၊ ဆေးရုံ (၆) လုံး၊ ပြည်သူပိုင်အဆောက်အဦး (၃၅) လုံး၊ ဘုန်းကြီးကျောင်း (၄) ကျောင်း၊ သီလရှင်ကျောင်း (၁) ကျောင်း၊ ခရစ္စယာန်ဘုရားကျောင်း (၈) ကျောင်းလည်း ထိခိုက်ပျက်စီးခဲ့ရသည်ဟုဆိုသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် အပြစ်မဲ့**

[၄] https://kicnews.org/၂၀၂၃/၀၄/ကရင်ပြည်နယ်အတွင်း-လေကြေ/

**အရပ်သားပြည်သူများအားပစ်မှတ်ထားပြီးတိုက်ခိုက်ခဲ့သောလေကြောင်းတိုက်ခိုက်မှုများသာဖြစ်ပြီးတပ်ပိုင်းဆိုင်ရာသို့ လာရောက်တိုက်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများ မပါသေးဘူးလို့လည်း KNU က ထုတ်ပြန်ပြောဆိုထားသည်[၅]။**

အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းအသုံးပြု သတ်ဖြတ်မှုနှင့် နိုင်ငံတကာ၏ ရပ်တည်ချက် ခေါင်းစဉ်ဖြင့် ထုတ်ပြန်သော ညဏ်လင်းသစ်သုတေသနအဖွဲ့၏ အစီရင်ခံစာပါ အချက်အလက်များအရ ၂၀၂၁ ခုနှစ်မှ ယခုနှစ် ၂၀၂၃ခုနှစ် ဧပြီလအထိ ပြုစုထားသော အချက်အလက်များတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ကောင်စီ ၏ လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ (၁၄၂၇) ကြိမ်ရှိခဲ့ပြီး တိုင်းနှင့် ပြည်နယ်အလိုက် စာရင်းပြုစုမှုအရ ကရင် ပြည်နယ်တွင် (၃၂၂) ကြိမ်အထိရှိသည်ဟု ဖော်ပြထားသည်[၆]။

ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့အတွင်း ပြည်သူလူထုတို့အား လေကြောင်းဖြင့် ပစ်ခတ်မှုကို အောက်ပါအတိုင်း တွေ့ရပါသည်။

## ကရင်နီပြည်နယ်

မြန်မာနိုင်ငံတောင်ပိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်သည့်အခါ ကရင်နီ (ကယား) ပြည်နယ်ကို အဓိကထား တိုက်ခိုက်ခဲ့သည်။ အဘယ်ကြောင့် ကရင်နီပြည်နယ်အတွင်းတွင် ကရင်နီတပ်မတော် (Karenni Army) နှင့် အသစ်ထွက်ပေါ်လာသည့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) တို့၏ တိုက်ခိုက်မှုစွမ်းအားသည် အလွန်ပင်ကောင်းမွန်ပြီး စစ်ကောင်စီ၏ စစ်စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ၎င်းအပြင် ကရင်နီပြည်နယ်သည် နေပြည်တော်နှင့် နီးကပ်သည့်အတွက် နေပြည်တော်ရှိ စစ်ခေါင်းဆောင်များကို ခြိမ်းခြောက်နေသည်။ ထို့ကြောင့် ဗမာ/မြန်မာစစ်တပ်မှ လေကြောင်းဖြင့် ကရင်နီပြည်နယ်ကို အပြင်းအထန် တိုက်ခိုက်သည်။

ကရင်နီပြည်နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းအပေါ် ဒေသခံပြည်သူများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် သတင်းဌာနတို့မှ စနစ်တကျမှတ်တမ်းပြုစုထားသည်။ ပြည်သူလူထုများမှ တော်လှန်ရေးတပ်သားများထက် ပိုမိုသေကြေကြပါသည်။

ဇန်နဝါရီလ ၁၈ရက်။ ကရင်နီ (ကယား) ပြည်နယ်၊ မိုးဗြဲမြို့၊ ကောင်းဆောင်ကျေးရွာတွင် ဖယ်ခုံမြို့ စစ်ကောင်စီအမြောက်တပ်မှ လက်နက်ကြီးအကြိမ်ရေ (၅၀) ခန့် ပစ်ခတ်မှုလုပ်ဆောင်သည့်အတွက် စစ်ဘေးရှောင်နေသော အမျိုးသမီး (၁) ဦး လက်နက်ကြီး ထိမှန်သေဆုံးခဲ့ပြီး ဒေသခံ (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (MBPDF) တပ်ရင်း-၁၀၀၁ က ဇန်နဝါရီလ (၁၇) ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်[၇]။

ကရင်နီပြည်မှာ မေလ တစ်လအတွင်း လေကြောင်းတိုက်ခိုက်ခံရမှုအကြိမ် ၁၀၀ ရှိခဲ့ပြီး ၎င်းထက်လည်း များနိုင်သည်ဟု တိုးတက်သောကရင်နီပြည်သူ့အင်အားစု (PKPF) တာဝန်ရှိသူတစ်ဦးကပြောပါသည်။ PKPF ကကောက်ယူထားတဲ့ အချက်အလက်အရ အာဏာသိမ်းကာလတစ်လျှောက်လုံးမှာ ၂၀၂၃ မေလအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ အများဆုံးရှိခဲ့တယ်လို့ (PKPF) တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

**"မေလ ၂၀၂၃ အများဆုံးရှိတယ်။ မေလမှာ အများဆုံးဖြစ်ပြီးတော့ မတ်လမှာက ၉၈ ကြိမ်ရှိခဲ့တယ်ပေါ့နော်။**

[၅] https://burmese.monnews.org/၂၀၂၃/၀၂/၂၂/စစ်တပ်က-ပြည်သူကိုပစ်မှတ/

[၆] https://kicnews.org/၂၀၂၃/၀၅/အာဏာသိမ်း-၂နှစ်ကျော်အတွ/

[၇] https://kicnews.org/၂၀၂၃/၀၁/စစ်ကောင်စီ-လက်နက်ကြီးက-၂/

> **မတ်လက ဒုတိယအများဆုံးပေါ့" ဟု ပြောပါသည်။ တိုက်ပွဲအတွင်းမဟုတ်သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် တော်လှန်ရေးရဲဘော် ၆ ဦး၊ အရပ်သားပြည်သူ ၃ ဦးသေဆုံးခဲ့ပြီး ၎င်းတို့အနက် ၁၈ နှစ်အောက်ကလေးငယ် ၂ ဦး ပါဝင်သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် စစ်ဘေးရှောင် ပြည်သူရှိသည့်နေရာ၊ တော်လှန်ရေးရဲဘော်များ၏ စခန်းများတွင် လေယာဉ်ဗုံးကြဲပြီး လက်နက်ကြီးတွေနဲ့ အမြဲတမ်းတိုက်ခိုက်နေသည်ဟု ဒီးမော့ဆိုမြို့ ဒေသခံတစ်ဦးက ပြောပါတယ်[၈]။"**

**မတ်လ ၂၈ ရက်နေ့။** ကယားပြည်နယ်၊ဒီးမော့ဆိုမြို့နယ်အနောက်ဘက်အခြမ်းမှာရှိသည့်ဒေါရောက်ခူဒုက္ခသည်စခန်း အနီးတွင် ညနေ ၅ နာရီခန့်၌ စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်နဲ့ လေကြောင်းကနေ တိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့မှ ပြောပါသည်[၉]။

**ဧပြီလ (၇) ရက်နေ့။** ကရင်နီပြည် ရှေ့တန်းစစ်မြေပြင်တစ်နေရာ၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရေးပေါ်ကယ်ဆယ်ရေးဆေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ (၂) ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်ဟု ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) ကျန်းမာရေးကော်မတီက ဧပြီ ၁၁ ရက်နေ့မှာ သတင်းထုတ်ပြန်ပါသည်[၁၀]။

ကရင်နီပြည်ဒီးမော့ဆိုမြို့နယ်အရှေ့ဘက်ခြမ်းမှာတိုက်ပွဲပြင်းထန်နေသောကြောင့်ဧပြီလ၁၆ရက်နေ့ကစပြီးစစ်ကောင်စီတပ်မှ လေကြောင်းဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုတွေ ပြုလုပ်နေသည်ဟု ကရင်နီပြည်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးခူညေးရယ်က ပြောပါသည်[၁၁]။

စစ်ကောင်စီသည် တိုင်းရင်းသား EROs များနှင့် PDFs တို့အား တိုက်ခိုက်ရာတွင် လူထုဝန်ဆောင်မှုအဆောက်အဦများကို ပစ်မှတ်ထားတိုက်ခိုက်နေသည်ကို တွေ့ရပေသည်။ အဓိကအားဖြင့် ဆေးရုံများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်သည်။ ဆေးရုံ၊ ဆေးခန်းများသည် တော်လှန်ရေးတပ်ဖွဲ့တို့အား ကုသသည့်နေရာဖြစ်သည်ဟု စစ်ကောင်စီမှ အမှတ်ယူပြီး တိုက်ခိုက်သည်။ သို့ရာတွင် ပြည်သူတို့ကိုသာ ထိခိုက်မှုရှိသည်။

**ဧပြီလ (၂၅) ရက်။** နေ့လည် ၁၂ နာရီ ၄၅ မိနစ်အချိန် ဖယ်ခုံမြို့နယ် အနောက်ဖက်ခြမ်းရှိ ဆောင်းဖွေးကျေးရွာမှာရှိသည့် ဆေးရုံကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် လာရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

> **"အဲဒါ ပြောရမယ်ဆိုရင် ၁၆၊ ၁၇၊ ၁၈ ဒီရက်အထိပေါ့နော်။ ဒေါ်ညေးခူမှာ တိုက်ပွဲဖြစ်နေတယ်။ တိုက်ပွဲဖြစ်နေတော့ ၁၆ ရက် နေ့လည်မှာ လေယာဉ်နဲ့ တစ်ခေါက်လာပစ်တယ်။ ညနေ ၃ နာရီကျော်မှာ တစ်ခေါက်လာပစ်တယ်။ နောက် မနေ့ည (ဧပြီ ၁၇) က ည ၁၁ နာရီကျော်၊ ၁၂ နာရီထိုးခါနီးလောက်မှာ တစ်ခေါက်လာပစ်တယ်။ အဲဒီ စစ်ဂျက်လေယာဉ်နဲ့ပေါ့။ ပစ်လည်းပစ် ဗုံးသီးလည်းချပေါ့။ အဲဒီမှာ ဒေါ်ညေးခူက အိမ်ခြေသုံးလုံးလောက်မီးလောင်သွားတယ်။ တစ်လုံးက ပျက်သွားတယ် အဲဒီလိုမျိုးသိရတယ်။"** ဟု ခူညေးရယ်က ပြောပါသည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆေးရုံမှာ ဆေးကုသမှုခံယူနေတဲ့ အရပ်သား လူနာ ၄ ဦး ထိခိုက်မှုရှိခဲ့ပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်တယ်လို့ သိရှိရပါသည်။ ၎င်းဆေးရုံမှာ ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် ဆေးရုံအဆောက်အဦ ပျက်စီးမှုတွေလည်း ရှိနေပါသည်[၁၂]။

ကရင်နီပြည်နယ်အတွင်း လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် တော်လှန်ရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိပဲ၊ ပြည်သူ

[၈] https://www.kantarawaddytimes.org/ကရင်နီပြည်မှာ-မေလ-တစ်လအတ/

[၉] https://www.kantarawaddytimes.org/ကရင်နီစစ်မြေပြင်တစ်နေရာ/

[၁၀] https://www.kantarawaddytimes.org/ကရင်နီစစ်မြေပြင်တစ်နေရာ/

[၁၁] https://www.kantarawaddytimes.org/ဒီးမော့ဆိုမြို့နယ်အရှေ-၂/

[၁၂] https://www.kantarawaddytimes.org/တိုက်ပွဲဖြစ်ပွားခြင်းမ-၄/

လူထုအများအပြားကို သွားရောက်ထိခိုက်မှုရှိသည်။ အရပ်သားသေဆုံးမှု အထိအခိုက် ဒဏ်ရာရရှိမှု ပိုမိုများပြားသည်။

> **“ဖြစ်တာက ဒုက္ခသည်စခန်းနဲ့ တစ်ဖာလုံလောက်တော့ ဝေးတယ်ပေါ့နော်။ ကနဦးရထားတဲ့ အချက်အလက်အရ တစ်ဦးသေတယ်။ ရွာသားနှစ်ဦး အနည်းငယ်ဒဏ်ရာရသွားတယ်” ၎င်းနေရာတွင် စစ်ကောင်စီတပ်ဖွဲ့နဲ့ တိုက်ပွဲဖြစ်တာတာမရှိဘဲ စစ်ကောင်စီဘက်က လေကြောင်းကနေ လာရောက်တိုက်ခိုက်ခဲ့သည်ဟု ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်မတော် (KNDF) မှ ပြောပါသည်[၃၃]။**

**မေလ (၁၄) ရက်နေ့မှ မေလ (၂၂) ရက်နေ့အထိ။** ဒီးမော့ဆိုအရှေ့ဖက်ခြမ်း ဒေါလျားခူကျေးရွာ တောင်ပေါ်တွင် စစ်ကောင်စီနှင့် ကရင်နီဒေသခံကာကွယ်ရေးပူးပေါင်းတပ်တို့ (၉) ရက်ဆက်တိုက် တိုက်ပွဲပြင်းထန်နေစဉ် စစ်ကောင်စီမှ မေလ (၁၇) ရက်နေ့ကစပြီး (၆) ရက်ဆက်တိုက် လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ရာတွင် ပွိုင့် ၅ သေနတ်သုံးပြီး ပေါင် (၅၀၀) ဗုံးသီးတွေချခဲ့သည်ဟု ကရင်နီပြည်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခူဒေးရယ်က ပြောပါသည်[၃၄]။ ကရင်နီပြည်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ ဆေးရုံ၊ ဆေးပေးခန်း (၄) နေရာအား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် ပျက်စီးသွားခဲ့သည်ဟု ကရင်နီပြည်လူ့အခွင့်အရေးအဖွဲ့မှ ပြောပါသည်။

**မေလတွင်ကား** စစ်ကောင်စီလေကြောင်းတပ်မှ ကရင်နီပြည်နယ်အပြင် ၎င်းနှင့် နယ်စပ်ချင်းထိစပ်ရာ ရှမ်းပြည်နယ်တွင်လည်း ဗုံးကြဲတိုက်ခိုက်ခဲ့သည်ကို တွေ့ရပေမည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် အနောက်ဖက်ခြမ်း အစွန်မှာရှိသည့် လန်းကောရွာကို မေလ (၆) ရက်နေ့ မနက် (၄) နာရီအချိန်တွင် လေကြောင်းနှင့် ဗုံးကြဲခံရသည်ဟု ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY) မှ ဖော်ပြထားသည်။ ယင်းလေကြောင်း တိုက်ခိုက်ခံရမှုကြောင့် ကတ်သလစ်ဘုရားကျောင်းတစ်ကျောင်း နေအိမ်တချို့ ထိခိုက်ပျက်စီးခဲ့ပါသည်[၃၅]။

**ဇွန်လ ၁၄ ရက်**။ ည ၇ နာရီကျော်အချိန်မှာ ဖားဆောင်းမြို့အနီး သံလွင်အရှေ့ဘက်ခြမ်းကို စစ်ကောင်စီမှ လေယာဉ်ဖြင့် (၃) ကြိမ် ဗုံးကျဲတိုက်ခိုက်ခဲ့ပြီး လက်နက်ကြီးတွေလည်း အဆက်မပြတ် ပစ်ခတ်ခဲ့သည်ဟု ဖားဆောင်းမြို့ဒေသခံများမှ သိရပါသည်။ မနက်ပိုင်းတွင် ဒေသခံများမှ လေယာဉ်ဗုံးကျဲတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကို စိုးရိမ်ထိတ်လန့်နေကြပြီး ဘုန်းကြီးကျောင်းတွင် တချို့သွားရောက်ခိုလှုံကြသကဲ့သို့ ဈေးဆိုင်အားလုံးကလည်း ပိတ်ကြထားကြသည်ဟု ဖားဆောင်းမြို့ခံတစ်ဦးက ဆက်ပြောပါသည်[၃၆]။

**ဇွန်လ ၂၁ရက်နေ့။** ထိုနေ့ည ၁၂ နာရီဝန်းကျင်အချိန်မှာ ကရင်နီပြည်၊ ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်းက ကျေးရွာတစ်ရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက လေယာဉ်နဲ့ (၃) ကြိမ်ခန့် အကြောင်းမဲ့ ဗုံးကျဲတိုက်ခိုက်ခဲ့ခြင်းကြောင့် စာသင်ကျောင်းဆောင်နှင့် နေအိမ်အချို့ ထိမှန်ပျက်စီးသွားခဲ့သည်[၃၇]။

## ကရင်ပြည်နယ်

ကရင်နီပြည်နယ်မှာကဲ့သို့ပင် ကရင်ပြည်နယ်တွင်လည်း စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့်အခါ ပြည်သူလူထုများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ ကရင်ပြည်နယ်

[၃၃] https://www.rfa.org/burmese/news/airstrike-in-kayah-၀၃၂၉၂၀၂၃၀၆၁၀၂၀.html

[၃၄] https://www.kantarawaddytimes.org/ဒီးမော့ဆိုအရှေ့ဖက်ခြမ်-၆/

[၃၅] https://www.kantarawaddytimes.org/ဖယ်ခုံမြို့နယ်-အနောက်ဘက/

[၃၆] https://www.kantarawaddytimes.org/ဖားဆောင်းမြို့-အနီးက-သံလ/

[၃၇] https://www.kantarawaddytimes.org/ဖရူဆိုမြို့အနောက်ဘက်ခြ-၂/



**ကရင်ပြည်နယ်ရှိ ဗုံးခိုကျင်းတစ်ခုတွင် ခိုလှုံနေကြသည့် စစ်ဘေးဒုက္ခသည် ကလေးနှစ်ဦးအား ၂၀၂၂ ခုနှစ် မေလ အစောပိုင်းက တွေ့ရစဉ်။**

အတွင်း လေကြောင်းဖြင့် ပစ်ခိုက်တိုက်ခိုက်မှု၊ ပြည်သူလူထုအားထိခိုက်မှု၊ ပြည်သူလူထုနှင့် သက်ဆိုင်ရာနေရာများ ဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ဘုန်းကြီးကျောင်းနှင့် ခရစ်ယာန်ကျောင်းများကိုလည်း ပစ်ခတ်ထား တိုက်ခိုက်သည်။

**ဖေဖော်ဝါရီ (၅) ရက်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်နယ်မြေ မူတြော်ခရိုင်၊ တပ်မဟာ (၅) တွင် ၂၀၂၃ ခုနှစ်အစ ဇန်နဝါရီလ (၁) ရက်မှ ဖေဖော်ဝါရီလ (၃) ရက်နေ့အထိတွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲ တိုက်ခိုက်သည့်အတွက်အရပ်သား(၁၄)ဦးထပ်မံသေဆုံးပြီး(၁၁)ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုမူတြော်ခရိုင်သတင်းစဉ်က သတင်းထုတ်ပြန်ထားသည်။ စစ်ကောင်စီတပ် လေကြောင်းတိုက်မှုတွင် အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုအပြင် လူနေအိမ်အဆောက်အဦး (၅၂) လုံးလည်း ထိခိုက်ပျက်စီးခဲ့ရပြီး ထိုအထဲတွင် နေအိမ်ဒါဇင်ကျော်သည် မီးလောင်ပြာ ကျသွားခဲ့သည်။ အဆိုပါ လူနေအိမ်အဆောက်အဦးများ မီးလောင်ပြာကျသည့်အထဲတွင် ဆေးရုံ၊ ဆေးခန်း (၄) လုံးနှင့် ဘာသာရေးအဆောက်အဦး (၄) လုံး ပါဝင်ကြောင်းလည်း ထုတ်ပြန်ချက်အရ သိရသည်[၁၈]။

**ဖေဖော်ဝါရီ (၂၀) ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ စစ်ဘေးဒုက္ခသည်များ ခိုလှုံနေသည့်နေရာ (၃) နေရာအား စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်ရာ အသက် (၁၄) နှစ်အရွယ်ကလေးတဦး ထိခိုက်ဒဏ်ရာ ရရှိပြီး ပြည်သူလူထုအများအပြား ထွက်ပြေးတိမ်းရှောင်ကြရပေသည်။ စစ်ဘေးဒုက္ခသည် (၃) ဦးလည်း သေဆုံးသည်။ လေကြောင်းတိုက်ခိုက်မှုကို ဖေဖော်ဝါရီလ (၁၉) ရက် ညဘက်တွင်တကြိမ်၊ ဖေဖော်ဝါရီ (၂၀) ရက်နေ့ မနက်ပိုင်းတွင် တကြိမ် တိုက်ခိုက်ခဲ့သည်[၁၉]။

**ဖေဖော်ဝါရီလ (၁၅) ရက်နေ့။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မူတြော် (ဖာပွန်) ခရိုင် (တပ်မဟာ ၅) နယ် မြေ တွင် ပြီးခဲ့သည့်ရက်ပိုင်းက စစ်ကောင်စီ၏ နှစ်ရက်ဆက်တိုက် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ စာသင်

[၁၈] https://kicnews.org/၂၀၂၃/၀၂/knu-တပ်မဟာ၅တွင်-စစ်ကောင်စီ/

[၁၉] Human Rights Foundation of Monland, ၂၀ February ၂၀၂၃, https://rehmonnya.org/archives/၈၀၃၈#more-၈၀၃၈

ကျောင်းနှင့် လူနေအိမ်အဆောက်အဦးအများအပြား မီးလောင်ပျက်စီးခဲ့သည်ဟု မူတြော်ခရိုင် သတင်းစဉ်က သတင်းထုတ်ပြန်ထားသည်။ ည (၁၁) နာရီခွဲအချိန်တွင် လူသောမြို့နယ်၊ ပေးကေးဒဲကျေးရွာအုပ်စု ထော့ထီးပယ်ကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်ဖြင့် ဗုံး (၆) လုံးကြဲချသည့်အတွက် စာသင်ကျောင်း (၇) ကျောင်း၊ လူမနေသည့် အဆောက်အဦး (၆) လုံး၊ ဈေးဆိုင် (၃) ဆိုင်နှင့် စပါးကျီ (၂) လုံးအား ကျည်ထိမှန်ကာ မီးလောင်ပျက်စီးခဲ့သည်ဟု ကေအဲန်ယူ–မူတြော်ခရိုင်သတင်းစဉ် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၂၀]။

ဖေဖော်ဝါရီလအတွင်း ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ၊ တပ်မဟာ ၅ ထိန်းချုပ်ရာဒေသတွင် စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု (၇) ကြိမ်ပြုလုပ်ခဲ့ပြီး ဒေသခံ အရပ်သားသုံးဦး သေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့သည်ဟု KNU မှ မတ်လ ၆ ရက်မှာ ထုတ်ပြန်ပါသည်။။ ဒီတိုက်ခိုက်မှုကြောင့် နေအိမ် ၃၆ လုံးလည်း ပျက်စီးခဲ့ပါသည်။။ တစ်လအတွင်း KNU လက်အောက်ခံ KNLA ပူးပေါင်းတပ်နဲ့ စစ်ကောင်စီတပ်အကြား တိုက်ပွဲ ၁၇၈ ကြိမ်ဖြစ်ပွားခဲ့သည်ဟုလည်း ဖော်ပြထားပါတယ်[၂၁]။

**ဧပြီလ ၂၆။** ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တောင်ပိုင်းအပြင်၊ ကွင်းကလေးကျေးရွာတွင် ယမန်နေ့ညနေ ၄ နာရီဝန်းကျင်က စစ်ကောင်စီ၏ လေယာဉ်ဗုံးကြဲပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား မိသားစုဝင် (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကွင်းကလေးကျေးရွာသားများကပြောသည်။ ကွင်းကလေးကျေးရွာတွင်စစ်ကောင်စီနှင့်နယ်မြေခံတော်လှန်ရေးအင်အားစုတို့အကြား နှစ်ဖက်တိုက်ပွဲတစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိဘဲစစ်ကောင်စီဘက်မှလေယာဉ်ဖြင့်လာရောက်ဗုံးကြဲချမှုကြောင့် ဒေသခံရွာသား မိသားစုဝင် (၄) ဦးမှာ အသီးသီး ထိခိုက်ဒဏ်ရာရရှိခဲ့ရခြင်းဖြစ်သည်ဟု ကွင်းကလေးဒေသခံတစ်ဦးက ယခုလို ပြောသည်[၂၂]။

**မေလ ၇။** KNU –ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင် အုပ်ချုပ်သည့်နယ်မြေများတွင် စစ်ရေးပစ်မှတ် မဟုတ်သည့် ဘာသာရေးအဆောက်အဦးနေရာများ၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်းနှင့် အရပ်သားပြည်သူနေအိမ်များကို စစ်ကောင်စီက လေယာဉ်ဖြင့် ပစ်မှတ်ထားဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်နေသည်ဟု KNU ဒူးပလာယာခရိုင်က ပြောသည်။ ဝင်းရေး၊ ကျုံဒိုး၊ နို့တကော်၊ ကော့ကရိတ် စသည့်မြို့နယ်အသီးသီးရှိ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ဘာသာရေးအဆောက်အဦးနေရာများအပြင် ပြည်သူပိုင်နေအိမ်များပါ စစ်ကောင်စီက တိုက်ခိုက်ရေးလေယာဉ်များဖြင့် ပြီးခဲ့သည့် ဧပြီလအတွင်း ၃၁ ကြိမ်ထက်မနည်း လာရောက်ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီး ဌာနေလူထုနှစ်သောင်းကျော်လည်း စစ်ဘေးတိမ်းရှောင်နေကြရသည်ဟု မေလ ၇ ရက်နေ့တွင် KNU ဒူးပလာယာခရိုင် သတင်းနှင့်ပြန်ကြားရေးဌာနက ထုတ်ပြန်ထားသည်[၂၃]။

**မေလ ၁၄။** ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေ၊ ညောင်လေးပင်ခရိုင် မုန်းမြို့နယ်ထဲတွင် စစ်ကောင်စီတပ်မှ ကလေးငယ်အပါအဝင် အရပ်သား (၁၉) ဦးကို အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်မှုနှင့် ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကေအဲန်ယူ –ကရင်အမျိုးသားအစည်းအရုံး ဗဟိုက ပြောဆိုလိုက်သည်။ အဆိုပါ အရပ်သား (၁၉) ဦးကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်တွင်မိသားစုအလိုက်ပါဝင်သည့်အပြင်အခြားကျေးရွာရှိ ဒေသခံတစ်ဦးကိုလည်း သင်္ချိုင်းကုန်းတွင် သတ်ဖြတ်ထားသလို နောက်ထပ် အရပ်သား (၇) ဦးကိုလည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သေးကြောင်း ကေအဲန်ယူ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၂၄]။

စစ်တပ်အာဏာသိမ်းပြီး ၂၀၂၁ ခုနှစ်မှ ယခု ၂၀၂၃ ခုနှစ်၊ မေလအထိ စစ်ကောင်စီလေကြောင်း တိုက်ခိုက်မှုကြောင့်

[၂၀] https://www.bnionline.net/mm/news-၉၇၇၀၆

[၂၁] https://www.rfa.org/burmese/news/airstrike-in-karen-state-၀၃၀၇၂၀၂၃၀၁၃၂၅၇.html

[၂၂] https://kicnews.org/၂၀၂၃/၀၄/စစ်ကောင်စီ၏-လေယာဉ်ဗုံး-၂/

[၂၃] https://kicnews.org/၂၀၂၃/၀၅/စစ်ရေးပစ်မှတ်မဟုတ်သည့်/

[၂၄] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီ၏-အစုလိုက်အပြု/

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေအတွင်းရှိ စာသင်ကျောင်း ပေါင်း (၁၇) ကျောင်း ထိခိုက်ပျက်စီးခဲ့သည်ဟု ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန KECD မှ မှတ်တမ်းပြုစုထားသည်။

> **“စာသင်ကျောင်းက (၁၇) ကျောင်း ထိခိုက်တယ်။ အဲဒါက ကျောင်းပေါင်းပဲ၊ အဲဒီ (၁၇)ကျောင်းထဲမှာ အဆောက်အဦ ထိခိုက်ပျက်စီးတာ အများကြီးပဲ။ တချို့ဆို ကျောင်းတစ်ကျောင်းမှာ စာသင်ကျောင်း အဆောက်အဦး ၃ လုံး၊ ၄လုံး ပျက်စီးသွားတာလည်း ရှိတယ်။ ကျနော်တို့က ကျောင်းဆောင်ကိုမတွက်ဘူး၊ ကျောင်းပေါင်းကို တွက်လိုက်တာပေါ့။ တချို့ဆိုတစ်ကျောင်းလုံး ပြန်ပြင်လို့ မရအောင် အကုန်ပျက်စီးသွားတာရှိတယ်၊ တချို့က ခေါင်မိုးတို့၊ တံခါးတို့အဲလိုပျက်စီးသွားတာရှိတယ်။ ”ဟု ပဒိုစောလောအယ်မူးက ကေအိုင်စီသို့ ပြောသည်[၂၅]။**

**ဇွန်လ ၂ ရက်နေ့။** ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် တပ်မဟာ(၆)၊ နို့တကောမြို့နယ် (ကြာအင်းဆိပ်ကြီးမြို့နယ်) ကြာအင်းဆိပ်ကြီးမြို့အတွင်းသို့ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် သံဃာတော်တစ်ပါးအပါအဝင် ကလေးငယ် ၁ ဦးနှင့် ဒေသခံပြည်သူ ၂ ဦးသေဆုံးခဲ့ရကြောင်း ကေအဲန်ယူဗဟိုမှ သတင်းထုတ်ပြန်ထားသည်။ ကြာအင်းဆိပ်ကြီးအခြေစိုက် စစ်ကောင်စီတပ်၏ ခြေလျင်တပ်ရင်း (ခလရ–၃၂) (ခလရ–၂၈၃) နှင့် အမှတ် ၁ ဗျူဟာတို့မှ ၁၂၀ မမလက်နက်ကြီးများဖြင့် ပြည်သူလူထုများကို ပစ်ခတ်ခဲ့ပြီး မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) လေတပ်မှ Mi–၃၅P Helicopter ဖြင့်လည်း ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ယခုလိုသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကေအဲန်ယူဗဟို၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၂၆]။

**ဇွန်လ ၂၇ ရက်**။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေ မူတြော် (ဖာပွန်) ခရိုင်၊ တပ်မဟာ (၅) နှင့် ဒူးပလာယာခရိုင်၊ တပ်မဟာ (၆) တွင် တစ်ရက်အတွင်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု (၂) နေရာ ပြုလုပ်သွားခဲ့သည်ဟု သိရှိရသည်။ မူတြော်ခရိုင် ဒေဘူးနိုကျေးရွာရှိ မျိုးဆက်သစ်ကျောင်းနေရာကို ယနေ့နံနက် (၇) နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်ဖြင့် လာရောက်ပစ်ခတ်ပြီးနောက် နံနက် ၁၁ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေးမြို့နယ်၊ ကနင်ကမော့ရွာအနီး၌ Mi၃၅ စစ်သုံးရဟတ်ယာဉ်ဖြင့် လာရောက် ပစ်ခတ်သွားခဲ့သည်ဟု ဒေသခံများထံမှ သိရသည်[၂၇]။

## မွန်ပြည်နယ်

မေလ (၇) ရက်နေ့နှင့် (၈) ရက်နေ့တို့တွင် မြန်မာစစ်တပ်မှ ရေးမြို့နယ်အတွင်းရှိ ဝယ်ပတဲအမည်ရှိ မွန်/ကရင်ကျေးရွာတရွာသို့ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ရွာသူ/ရွာသား (၈) ဦးခန့်ဒဏ်ရာရရှိကာ ရွာသူ/ရွာသားပေါင်း (၅၀၀) ခန့်မှာလည်း ထွက်ပြေးတိမ်းရှောင်ရသည်။ တိုက်ခိုက်ခံရသည့်ရွာမှာ ‘ဘေးလမုရွာ’ အနီးတွင် တည်ရှိသည်[၂၈]။

ဇွန်လ (၂၇) ရက်နေ့ တွင် ရေးမြို့နယ် နှစ်ကရင်ရွာရှိ ရဲစခန်းအား KNLA/PDF ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ခိုက်ပြီးနောက် ဗမာစစ်တပ်မှ လေကြောင်းဖြင့် ဝင်ရောက်ကူညီတိုက်ခိုက်သည့်အတွက် နှစ်ကရင်ရွာသား (၄) ဦး သေဆုံးပြီး (၂၀) ဦး ခန့် ဒဏ်ရာရရှိခဲ့သည်[၂၉]။

[၂၅] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီ–လေကြောင်းတို/

[၂၆] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီတပ်၏–လေကြောင်/

[၂၇] https://kicnews.org/၂၀၂၃/၀၆/ကေအဲန်ယူနယ်မြေတွင်–တစ်ရ/

[၂၈] *Human Rights Foundation of Monland, 11 May 2023, https://rehmonnya.org/archives/8249#more-8249*

[၂၉] *Human Rights Foundation of Monland, 27 June 2023, https://rehmonnya.org/archives/8613*

## အခန်း (၄-ခ)

## လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ



ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တော်လှန်ရေးအင်အားစုတို့မှ ပိုမိုအားကောင်းလာပြီး စစ်ကောင်စီတို့၏ တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်မှု ပြုလုပ်လာသည်။ အချို့တပ်စခန်းများကို ကောင်းမွန်စွာ သိမ်းပိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။ EROs နှင့် PDFs များ၏ သတင်းထုတ်ပြန်ချက်များအရ စစ်ကောင်စီတပ်စခန်းများကို သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်သားများ သေဆုံးမှုရှိသည်။ အများအပြားကား လက်နက်ချသည်။

တပ်စခန်းများတွင်ရှိနေသည့်ဗမာ/မြန်မာစစ်တပ်သည် EROsနှင့် PDFsတပ်ဖွဲ့ဝင်များ မိမိတို့တပ်စခန်းအနီး ရောက်လာမည်ကို အလွန်ပင်စိုးရိမ်သည်။ ထို့ကြောင့် EROs နှင့် PDF များ လာရောက်နိုင်သည့် လမ်းကြောင်းနှင့် ခိုအောင်းနိုင်သည့် နေရာများဆီသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တတ်ပေသည်။ ထိုသို့ ပစ်ခတ်ရာတွင် EROs နှင့် PDFs တပ်ဖွဲ့တို့အား ထိခိုက်မှုမရှိပေ။ ဒေသအတွင်းရှိ ပြည်သူလူထုများကို ထိခိုက်နိုင်ပါသည်။

တချို့သော ဒေသများတွင် စစ်ကောင်စီ၏ စစ်စခန်းများမှ ကျေးရွာများအတွင်းသို့ တမင်တကာ ပစ်ခတ်ခြင်းလည်းရှိသည်။ ၎င်းကျေးရွာများမှ EROs နှင့် PDFs တပ်ဖွဲ့ဝင်များကို လက်ခံထားသည်ဟူသည့် ယူဆချက်ဖြင့် ရွာသူ/ရွာသားတို့အား တမင်တကာ ဒဏ်ခတ် လက်စားချေလိုခြင်းကြောင့် ပစ်ခတ်ခြင်း ဖြစ်သည်။

ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့အတွင်း စစ်ကောင်စီ၏ စစ်တပ်မှ လက်နက်ကြီး

ဖြင့် ပစ်ခတ်မှုများမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ကရင်နီ (ကယား) ပြည်နယ်

ကရင်နီ (ကယား) ပြည်နယ်အတွင်း စစ်ကောင်စီမှ လေယာဉ်နှင့် ဗုံးကြဲသည့်အခါ လူထုကိုသာ ပစ်မှတ်ထား တိုက်ခိုက်သည်ကို တွေ့ရပေမည်။ စစ်ကောင်စီမှ ရက်စက်ကြမ်းကြုတ်မှုများကို ကရင်နီလူ့အခွင့်အရေးအဖွဲ့မှ ပြည့်ပြည့်စုံစုံပင် မှတ်တမ်းတင်ထားပေသည်။

**ဇန်နဝါရီလ ၂၂ ရက်။** ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့အရှေ့အခြမ်းက စစ်ဘေးဒုက္ခသည် (၁၀၀) ခန့်ရှိသည့် ဒုက္ခသည်စခန်းတစ်ခုအတွင်း ည ၉ နာရီခန့်တွင် စစ်ကောင်စီ၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သောကြောင့် အသက် (၂) နှစ်နှင့် ငါးနှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် လေးဦးဒဏ်ရာရသည်ဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့က ပြောပါသည်။ ဒဏ်ရာရ ရရှိသူများတွင် အသက် ၃၀ ခန့်အမျိုးသမီးမှာ ခြေထောက်နှစ်ဖက်စလုံး ဖြတ်ရမယ့်အခြေအနေဖြစ်နေတယ်ဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့မှ ပြောပါသည်[၃၀]။

**ဇန်နဝါလ ၂၃ ရက်။** လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာမှာ စစ်ကောင်စီ၏ လက်နက်ကြီးထိမှန်ပြီး တဦးသေဆုံးပြီး အများအပြား ဒဏ်ရရှိသည်ဟု ဒေသခံများက ပြောပါသည်။ စစ်ကောင်စီက ပြုလုပ်သည့် ကယားပြည်နယ်နေ့ အခမ်းအနား တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီတပ်က အနီးအနားကို ဦးတည်ရာမဲ့ ပစ်ခတ်တာကြောင့်ဖြစ်သည်ဟု ပြောပါသည်။ ညနေ ၃ နာရီ ခန့်တွင် လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးကျေးရွာမှာ လက်နက်ကြီး ကျခြင်းကြောင့် အရပ်သား ၃ ဦး ထိခိုက်ဒဏ်ရာရရှိသည်ဟု ဒေသခံတဦးက ပြောပါသည်[၃၁]။

**ဖေဖော်ဝါရီလ ၂၇ ရက်။** ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှာ စစ်ကောင်စီတပ်၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့သည်။ မနက် ၁၁ နာရီခန့်တွင် ဒီးမော့ဆို၊ အရှေ့ဘက်အခြမ်းက ရွာတစ်ခုအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုပါသည်[၃၂]။

**ဖေဖော်ဝါရီလ ၂၇ ရက်။** စစ်ရေးတင်းမာနေသည့် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တွင် ဖေဖော်ဝါရီလ ၂၇ ရက်က စစ်တပ်ဘက်က ပစ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခြင်းကြောင်း ဒေသခံပြည်သူ ၂ဦး သေဆုံးပြီး ၄ ယောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့ပါသည်။ တိုက်ပွဲဖြစ်နေတာမဟုတ်ဘဲ စစ်တပ်ဘက်က လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့ပြီး ဒရုန်းယာဉ်များ သုံးကာ ဗုံးများ ချခဲ့သည်[၃၃]။

**မတ်လ ၅။** ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်များမှာ လက်နက်ကြီးကျည်ကြောင့် ဖေဖော်ဝါရီလအတွင်း ကလေးငယ်တစ်ဦးအပါအဝင် အရပ်သားရှစ်ဦး သေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့သည်ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) မှ မတ်လ ၅ ရက်မှာ သတင်းထုတ်ပြန်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံ၊ ပင်လောင်းနှင့် ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆို၊လွိုင်ကော်မြို့နယ်များမှာ စစ်ကောင်စီတပ်က လက်နက်ကြီးနှင့် အရပ်သားများနေထိုင်သည့် နေရာများအား ပစ်ခတ်ခဲ့သည်ဟု ဆိုပါသည်[၃၄]။

---

၃၀ https://www.rfa.org/burmese/news/demoso-weapon-01242023020249.html

၃၁ https://burmese.voanews.com/a/loikaw-fighting-civilians-killed/6919978.html

၃၂ https://www.rfa.org/burmese/news/demoso-local-death-02282023014921.html

၃၃ *https://burmese.voanews.com/a/sac-shelling-killed-two-civilians-in-demoso/6982055.html*

၃၄ *https://www.rfa.org/burmese/news/khayah-local-death-03062023054712.html*



**ဒီးမော့ဆိုမြို့နယ်မှာ လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရသူကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကတွေ့ရစဉ်။**

**မတ်လ ၂၄ ရက်။** နေ့လယ်ပိုင်းတွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စုအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံများ ပြောပါသည်။ စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားတာမရှိဘဲ လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောပါသည်[၃၅]။

**ဧပြီလ ၁၅ ရက်။** စစ်ကောင်စီမှ ဧပြီလ ၁၅ ရက်နေ့ မနက် ၁၀ နာရီခွဲအချိန်တွင် လက်နက်ကြီးတွေနှင့် ပစ်ခတ်လာခြင်းများ ရှိခဲ့ပြီး အဖေနှင့်သမီး နှစ်ဦးအား ထိခိုက်ဒဏ်ရာရသွားခဲ့သည်ဟု စစ်ရှောင်စခန်း တာဝန်ခံတစ်ဦးမှ ပြောပြပါသည်။ ပြီးခဲ့သည့် မေလ ၂၇ ရက်နေ့တွင် မိုးဗြဲမြို့ပေါ်သို့ အင်အားအလုံးအရင်းနှင့် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီးနောက် အရပ်သားသေဆုံးမှုကလည်း ၂၀ ဦးထက်မနည်းရှိသည်ဟု မိုးဗြဲမြို့မှ ကယ်ဆယ်ရေး ဆောင်ရွက်သူများမှ သိရသည်။ သေဆုံးသူအရပ်သားများတွင် စစ်ကောင်စီပစ်ခတ်သည့် လက်နက်ကြီးစ ထိမှန်ခြင်း၊ နေအိမ်အတွင်းပိတ်မိပြီး စစ်ကောင်စီက ဖမ်းဆီးပစ်သတ်ခြင်း၊ လမ်းသွားလမ်းလာပြည်သူတွေကို ပစ်ခတ်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်[၃၆]။

**ဇွန်လ ၆ ရက်။** ရှမ်း၊ ကရင်နီနယ်စပ် မိုးဗြဲမြို့တွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ၁၂ နှစ်အရွယ်ကလေးအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး လမ်းသွားလမ်းလာပြည်သူ ၃ ဦးကိုလည်း စစ်ကောင်စီမှ လက်နက်ငယ်ဖြင့် ပစ်သတ်ခဲ့သည်ဟု မိုးဗြဲမြို့မှ စစ်ရှောင်အရေးကူညီဆောင်ရွက်ပေးသူထံကနေ သိရပါသည်။

> **“မနေ့က လက်နက်ကြီးထိတာက နှစ်ဦးပေါ့နော။ ကလေးငယ်တစ်ဦးဆုံးတယ်။ နောက်လူကြီးတစ်ဦးပေါ့နော်။ နောက် အခုမကောက်နိုင်သေးတဲ့ ပြည်သူအလောင်း နှစ်လောင်း၊ သုံးလောင်း အတည်ပြုလို့ရတယ်ပေါ့နော်။ အဲ့ဒါ လောလောဆယ် လက်နက်ကြီးနဲ့ လက်နက်ငယ်ထိခိုက်မိတဲ့ ပြည်သူတွေပေါ့။ မနေ့က တစ်ရက်တည်းဖြစ်တဲ့ဟာပေါ့နော်။”** လို့ အဆိုပါ စစ်ရှောင်အရေးကူညီဆောင်ရွက်ပေးသူ တစ်ဦးက ပြောပါသည်[၃၇]။

[၃၅] https://www.rfa.org/burmese/news/demoso-weapon-injured-03252023063839.html

[၃၆] https://www.kantarawaddytimes.org/တိုက်ပွဲပြင်းထန်နေတဲ့-မ/

[၃၇] https://www.kantarawaddytimes.org/မိုးဗြဲမြို့မှာ-စစ်ကော-၂/

**ဇွန်လ ၆ ရက်။** ကရင်နီ (ကယား) ပြည်နယ်စပ်၊ ရှမ်းပြည်နယ်တောင်ဘက်ပိုင်းရှိ မိုးဗြဲမြို့တွင် ပြီးခဲ့သည့် ဇွန်လ (၆) ရက်မှ (၈) ရက်နေ့အထိ သုံးရက်အတွင်း စစ်ကောင်စီ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် အရပ်သား ၂၆ ဦးသေဆုံးခဲ့ကြောင်း Free Burma Rangers–FBR က ဇွန်လ (၁၃) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါအရပ်သားများအနက် (၁၄) ဦးသည် ဇွန်လ (၇) ရက်နှင့် (၈) ရက်နေ့တို့တွင် စစ်ကောင်စီ၏ လက်နက်ငယ်ဖြင့် ပစ်သတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်ပြီး ကျန်ရှိ (၁၂) ဦးမှာ လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရသော မိုးဗြဲမြို့မြောက်ပိုင်းရှိ ကျေးရွာများမှ ဒေသခံများဖြစ်ကြောင်း Free Burma Rangers ၏ ထုတ်ပြန်ချက်အရ သိရသည်[၃၈]။

## ကရင်ပြည်နယ်

**ဇန်နဝါရီ ၅ ရက်။** ဇန်နဝါရီ ၄–၅ ရက်နေ့ ကြာအင်းဆိပ်ကြီး တောင်စွန်းကျေးရွာတွင် ဖြစ်ပွားသော ဗမာစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် PDF ပူးပေါင်းရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားပြီး ရွာသူ/ရွာသား (၁၄) ဦးသေဆုံးခဲ့သည်။ ရွာသူရွာသား ထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်ရသည်[၃၉]။

**ဇန်နဝါရီ ၉ ရက်။** ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၊ မူတြော်ခရိုင်၊ တပ်မဟာ (၅) နယ်မြေထဲတွင် စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကြီးများရမ်းသမ်းပစ်ခတ်မှုကြောင့် ၂၀၂၂ ခုနှစ်တစ်နှစ်လုံးတွင် ဒေသအတွင်းရှိ အပြစ်မဲ့ပြည်သူ (၄၁) ဦးသေဆုံးခဲ့ရသည်ဟု ကေအဲန်ယူ တပ်မဟာ (၅) မူတြော်သတင်းစဉ်၏ တစ်နှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှုပေါင်း နှစ်ချုပ် သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဒေသခံပြည်သူ ၄၁ ဦး သေဆုံးခဲ့သည့်အပြင် ၉၉ ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်ဟု ကေအဲန်ယူ၊ တပ်မဟာ (၅) က ဇန်နဝါရီလ (၆) ရက်နေ့စွဲနှင့် သတင်းထုတ်ပြန်ထားသည်။ ၎င်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် လူနေအိမ် (၉၄) လုံးလည်း ထိခိုက်ပျက်စီးသွားခဲ့ပြီး ဘာသာရေးအဆောက်အဦးဖြစ်သည့် ခရစ်ယာန်ဘုရားကျောင်း (၂) လုံး၊ ပြည်သူလူထု၏ စပါးကျီ (၁၀) လုံးလည်း မီးလောင်ကျွမ်းခဲ့သည့်အပြင် အခြားထိခိုက်ပျက်စီးမှု အများအပြားရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၄၀]။

**ဇန်နဝါရီလ ၁၃ ရက်။** ကရင်အမျိုးသားအစည်းအရုံး–KNU၊ တပ်မဟာ (၅) ထိန်းချုပ်နယ်မြေ၊ မူတြော် (ဖာပွန်) ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ လေးဝါးကျေးရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ယမန်နေ့ နေ့လည် ၂ နာရီအချိန်က စစ်ကောင်စီက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သောကြောင့် သင်းအုပ်ဆရာတော်တစ်ပါးအပါအဝင် ဒေသခံရွာသား ၅ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များက ပြောသည်။ စစ်ကောင်စီလေကြောင်းမှ လေးဝါးကျေးရွာအပေါ် ဗုံးသီး ၆ လုံး ကြဲချခဲ့ပြီး ရွာရှိခရစ်ယာန်ဘုရားကျောင်းအပေါ် ထိမှန်ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် ယခုလို ဘာသာရေးခေါင်းဆောင်နှင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု KNU တပ်မဟာ (၅) ၏ ပြောခွင့်ရ ဒုဗိုလ်မှူးကြီး စောကလယ်ဒို့ကလည်း ပြောသည်[၄၁]။

**ဇန်နဝါရီ ၂၁ ရက်။** KNU –ဒူးပလာယာခရိုင် (ကြာအင်းဆိပ်ကြီးမြို့နယ်) ကြိမ်ချောင်း (လေးဝါးဖလို့) ရွာတွင် အခြေစိုက်သည့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) အဖွဲ့၏ အမှတ် ၂ စစ်နည်းဗျူဟာဌာနချုပ်နေရာကို ယနေ့ ဇန်နဝါရီ ၂၁ ရက်နေ့ နံနက်ပိုင်းအချိန်တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်သည့်အတွက် အဆောက်အဦးအချို့ မီးလောင်ပျက်စီးသွားသည်ဟု တာဝန်ရှိသူများထံမှ သိရသည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် DKBA အဖွဲ့၏ မိသားစုနေအိမ်နှင့် ရုံးအဆောက်အဦးအချို့ မီးလောင်ပျက်စီးမှုရှိပြီး ၎င်းတို့အဖွဲ့၏ အခမဲ့လူထုကျန်းမာရေးဆေးခန်းနေရာအနီးနှင့် ကျေးရွာဘုရားရှိခိုးကျောင်းအနီးတို့ ဗုံးကျရောက်ပေါက်ကွဲပြီး ထိခိုက်ပျက်စီးမှု ရှိသည်[၄၂]။

---

[၃၈] https://kicnews.org/၂၀၂၃/၀၆/ကရင်နီတွင်-သုံးရက်အတွင်/

[၃၉] Human Rights Foundation of Monland: January 10, 2023, https://rehmonnya.org/archives/7854

[၄၀] https://kicnews.org/၂၀၂၃/၀၁/စစ်ကောင်စီလေကြောင်းနှင/

[၄၁] https://kicnews.org/၂၀၂၃/၀၁/ခရစ်ယာန်ဘုရားကျောင်းကိ/

[၄၂] https://kicnews.org/၂၀၂၃/၀၁/nca-ထိုးထားသည့်-dkba-အဖွဲ့-ဗိုလ်/

**ဖေဖော်ဝါရီလ ၉ ရက်။** ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးကျေးနယ်ရှိ ကျောက်ဖျာကျေးရွာတွင် ယမန်နေ့ဖေဖော်ဝါရီလ ၈ ရက်နေ့ ညနေအချိန်တွင် စစ်ကောင်စီတပ် ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် အမျိုးသမီးတစ်ဦးသေဆုံးသွားခဲ့ကြောင်း ကျုံဒိုးမြို့ဒေသခံများက ပြောသည်။ အသက် ၆၀ ဝန်းကျင်အရွယ် နော်တာမုနော်ကို လက်နက်ကြီးကျည်ထိမှန်၍ သေဆုံးသွားကြောင်း အမည်မဖော်လိုသူ ကျောက်ဖျာရွာသားတစ်ဦးက ပြောသည်။

**ဇန်နဝါရီလ ၂၅ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့အနီးကျေးရွာများတွင် ယနေ့ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲများဆက်လက်ပြင်းထန်နေပြီး စစ်ကောင်စီဘက်မှ ထိခိုက်ကျဆုံးမှုများပြား၍ လေကြောင်းဖြင့် ပစ်ကူနေရကြောင်း ကျုံဒိုးမြို့ဒေသခံများက ပြောသည်။

> **ကျုံဒိုးမြို့ဒေသခံတစ်ဦးက "ဒီနေ့လည်း တိုက်ပွဲပြင်းထန်နေတယ်။ ကမ်းနီ၊ ကော့ကာဘက်မှာ လေယာဉ်နဲ့လည်း လာပစ်တယ်။ ကြောက်စရာပဲ။ တိုက်ပွဲဆက်ဖြစ်တာတော့ သုံးရက်မြောက်ရှိပြီး။ သူတို့ (စစ်ကောင်စီ) တွေ မနိုင်တော့လို့ လေယာဉ်ပဲအားကိုးတာပေါ့။ လက်နက်ကြီးလည်း အဆက်မပြတ်ပစ်တယ်။" ဟု ပြောသည်[၆၃]။**

**ဇန်နဝါရီလ ၂၆ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကျုံဒိုး-ကမ်းနီကျေးရွာတိုက်ပွဲဖြစ်စဉ်တွင်အရပ်သားပြည်သူနေအိမ် ၈ လုံး မီးလောင်ပျက်စီးခဲ့ပြီး ယနေ့ဇန်နဝါရီလ ၂၆ ရက်နေ့အထိ ပစ်ခတ်မှုများ ဆက်ရှိနေသေးသည်ဟု ဒေသခံများက ပြောသည်။

ကျုံဒိုးမြို့နယ်ခွဲ တစ်ဖက်ကမ်းရှိ မွန်တိုင်းရင်းသားကျေးရွာများဖြစ်သော ကမ်းနီ၊ ညောင်ရိပ်သာ၊ သရက်တော၊ ကော့လျှမ်း၊ ကော့ခိုက်၊ ကော့ကျိုက်၊ တံတားဦး၊ မိဂလုံ၊ ကျောက်ဖျာကျေးရွာများမှ ဒေသခံ ၅၀၀၀ ဝန်းကျင်ခန့် နေရပ်စွန့်ခွာ စစ်ဘေးရှောင်နေကြရကြောင်း၊ အချို့မှာ နှစ်ဖက်ပစ်ခတ်နေသည့် ကျေးရွာများအတွင်း ကျန်ရစ် ပိတ်မိနေထိုင်နေရသူများလည်းရှိနေကြောင်း သိရှိရပါသည်[၆၄]။

**ဖေဖော်ဝါရီလ ၂၂ ရက်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၃) နယ်မြေ၊ မုန်းမြို့နယ်အတွင်းရှိ တုံးတောကျေးရွာတွင် အခြေချတပ်စွဲထားသည့် စစ်ကောင်စီ ခြေမြန်တပ်ရင်း (ခမရ-၅၉၉) သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၈) ရက်နေ့ညက ကွန်းတောကျေးရွာထဲသို့ (၁၂၀ မမ) လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သောကြောင့် ဒေသခံအမျိုးသမီးတစ်ဦးသေဆုံးပြီး ကျောင်းနေအရွယ်ကလေး ၂ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ယနေ့ ကေအဲန်ယူဗဟိုက သတင်းထုတ်ပြန်ထားသည်[၆၅]။

**မတ်လ ၂၃ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မြောက်ပိုင်းရှိ ကြောင်လှျာကုန်းကျေးရွာထဲသို့ စစ်ကောင်စီတပ် ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ၉ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအပါအဝင် ၄ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရွာသားများက ပြောသည်[၆၆]။

**မတ်လ ၂၆ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မှာ မတ်လ ၂၆ ရက် မနက်ပိုင်းမှာ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်တွေကြားမှာ တိုက်ပွဲပြင်းထန်နေပြီး အရပ်သားထိခိုက်သေဆုံးမှုတွေလည်းရှိနေတယ်လို့ မြို့ခံများက ပြောပါသည်။ မနက်ပိုင်းမှာ မြို့ပေါ်ရပ်ကွက်တွေထဲကို လက်နက်ကြီးကျည်တွေ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၅ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိထားသည်ဟု ဒေသခံများ ပြောပါသည်။ စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသည်[၆၇]။

---

[၆၃] https://kicnews.org/၂၀၂၃/၀၁/ကျုံဒိုးမြို့အနီး-ကျေးရ/

[၆၄] https://kicnews.org/၂၀၂၃/၀၁/ကျုံဒိုး-ကမ်းနီတိုက်ပွဲ/

[၆၅] https://kicnews.org/၂၀၂၃/၀၂/စစ်ကောင်စီတပ်၏-လက်နက်က-၅/

[၆၆] https://kicnews.org/၂၀၂၃/၀၃/စစ်ကောင်စီတပ်-လက်နက်ကြ-၁၀/

[၆၇] https://www.rfa.org/burmese/news/kawkareik-battle-03262023020443.html

**ဧပြီလ ၆ ရက်။** ကော့ကရိတ်မြို့အခြေစိုက် ခလရ ၉၇ တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ကော့ကရိတ်– မြဝတီလမ်းဟောင်းဘက်ရှိ ခနိမ်းမူကျေးရွာနေအမျိုးသမီးတစ်ဦးနှင့် အမှတ် ၇ ရပ်ကွက်တွင် နေထိုင်သူအမျိုးသမီးတစ် ဦးတို့ကို ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်ဟု မြို့ခံများထံမှ သိရှိရသည်။ အလားတူ ယနေ့နေ့လည်တွင် အဆိုပါစစ်ကောင်စီ တပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အံကလေဘ်ကျေးရွာ ဘုန်းကြီးကျောင်းခေါင်မိုးပေါ်တွင် ကျရောက်ပေါက်ကွဲကာ ဘုန်းကြီးကျောင်းတွင် သွားရောက်ခိုလှုံသူ ရွာသားနှစ်ဦးလည်း ကျည်စထိမှန်ဒဏ်ရာရခဲ့သည်ဟု ရွာသားများကပြော သည်။

**ဧပြီလ ၆ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ အမှတ် ၁ ရပ်ကွက် မြောက်ကရင်စုအပိုင်းဘက်သို့ ယမန်နေ့ ဧပြီလ ၆ ရက်ညတွင် စစ်ကောင်စီတပ် ခြေမြန်တပ်ရင်း–ခမရ ၅၄၅ တပ်က လက်နက်ကြီး ပစ်ခတ်တိုက်ခိုက် မှုကြောင့် နေအိမ် ၄ လုံးမီးလောင်ပျက်စီးပြီး ၅ လုံးခန့် လက်နက်ကြီးစမှန် ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်[၄၈]။

**ဇွန်လ ၁၅ ရက်။** KNU–ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၂) နယ်မြေ၊ တောအူး (တောင်ငူ) ခရိုင်ရှိ ထိုလွီဝါး အထက်တန်းကျောင်းနေရာသို့ ည ၁၁ နာရီဝန်းကျင်က စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျောင်းသူ အဆောင်နေရာအနီး လက်နက်ကြီး ကျည်တစ်လုံးကျရောက်ပေါက်ကွဲခဲ့ပြီး အလယ်တန်းကျောင်းသူ ၃ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကာ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များထံမှ သိရသည်[၄၉]။ ကော့ကရိတ် မြို့တောင်ပိုင်းရှိ ဆံဖလားကျေးရွာတွင် ည ၁ နာရီ ၅၀ မိနစ်အချိန်က စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာလေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်သောကြောင့် ကျေးရွာစာသင်ကျောင်းနှင့် လူနေအိမ် ၄ လုံး ထိခိုက်ပျက်စီးခဲ့ ကြောင်း သိရှိရသည်[၅၀]။

**မေလ ၄ ရက်။** မြဝတီမြို့ပြင် မဲကနယ်ဒေသဘက်ကို စစ်ကောင်စီတပ်၏ လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ဘာသာရေးအဆောက်အဦနှင့် ဒေသခံနေအိမ် ထိခိုက်ပျက်စီးမှု များပြားလျက်ရှိသည်ဟု စစ်ရေး နယ်မြေသတင်းရင်းမြစ်အရ သိရသည်။ မြဝတီမြို့ပြင် မဲကနယ်ဒေသဘက်ကို အမြောက်တပ်နှင့် လေယာဉ်ဗုံးကြဲ တိုက်ခိုက်မှုများ လက်ခတ်တောင်၊ ဘုရားကုန်းဘက်အထိ နေ့/ည တိုက်ခိုက်မှု လုပ်ဆောင်နေပြီး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်–KNLA ပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်များ နှစ်ဖက်စစ်ရေးတင်းမာတိုက်ခိုက်နေ ဆဲဖြစ်သည်ဟု KNLA စစ်ရေးနယ်မြေ သတင်းရင်းမြစ်က ပြောသည်[၅၁]။

**မေလ ၂၂ ရက်။** ကရင်ပြည်နယ်၊ သံတောင် (၁၃) မိုင်မြို့တွင် မေလ (၂၁) ရက်နေ့က စစ်ကောင်စီ၏ ပစ်ခတ်လိုက် သောလက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ရပ်ကွက် (၃) အောက်ပိုင်းရှိ Sunday School ဘုရားကျောင်းနံရံ များ ကျည်စထိမှန်ပြီး ခေါင်မိုးများ ပြိုကျပျက်စီးခဲ့ကြောင်း သံတောင်မြို့ခံများမှ သိရသည်။ အဆိုပါနေ့ နံနက်ပိုင်း (၉) နာရီဝန်းကျင်ခန့်က စစ်ကောင်စီတပ်များသည် သံတောင်မြို့တွင်းသို့ အကြောင်းမဲ့လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့ရာ လက်နက်ကြီး (၂) လုံးမှာ စိုက်ပျိုးခြံမြေများအတွင်း ကျရောက်၍ ကျန် (၂) လုံးမှာ Sunday School ဘုရားကျောင်း ငယ်တည်ရှိရာ ကျရောက်ပေါက်ကွဲခဲ့သော်လည်း ကျောင်းတက်နေသူမရှိ၍ ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်[၅၂]။

**မေလ ၂၄ ရက်။** ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့ပေါ်သို့ ယမန်နေ့ နေ့လည် ၂ နာရီဝန်းကျင် တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျိုက်ဒုံမြို့၊ ရပ်ကွက် (၁) နေ ကလေးငယ်နှစ်ဦး

---

[၄၈] https://kicnews.org/၂၀၂၃/၀၄/တိုက်ပွဲမဖြစ်ဘဲ–စစ်ကောင/

[၄၉] https://kicnews.org/၂၀၂၃/၀၆/ထိုလွီဝါးအထက်တန်းကျောင/

[၅၀] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီ၏–လေကြောင်းတိ/

[၅၁] https://kicnews.org/၂၀၂၃/၀၅/မဲကနယ်ဒေသ–လေကြောင်းနှင့်/

[၅၂] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီတပ်၏–လက်နက်က–ရ/

လက်နက်ကြီးကျည်ထိမှန်ပြီး တစ်ဦးသေဆုံးကာ ကျန်တစ်ဦးမှာစိုးရိမ်ရကြောင်း သိရသည်။ ကျိုက်ဒုံအခြေစိုက် စစ်ကောင်စီဗျူဟာကုန်းမှတဆင့် ကျိုက်ဒုံမြို့တွင်းသို့ လက်နက်ကြီးကျည် (၁၀) လုံးခန့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် တစ်အိမ်တည်းနေ ညီအစ်ကိုနှစ်ဦးကို လက်နက်ကြီးကျည် ထိမှန်ခဲ့ခြင်းဖြစ်ပြီး အစ်ကိုဖြစ်သူမှာ ပွဲချင်းပြီးထိမှန်သေဆုံးကာ ညီဖြစ်သူမှာ ဆေးရုံတင်ထားရပြီး စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေကြောင်း အမည်မဖော်လိုသူ ကျိုက်ဒုံမြို့ခံတစ်ဦးက ယခုကဲ့သို့ ပြောသည်[၇၃]။

**မေလ ၁၈ ရက်။** သထုံမြို့နယ်၊ ပိန္နဲတောကျေးရွာအခြေစိုက် စစ်ကောင်စီတပ်စခန်းမှ ကျေးရွာအုပ်စုအတွင်းရှိ အရပ်သားများ နေထိုင်သည့် နေရာများသို့ ပြီးခဲ့သည့် မေလ (၁၄) ရက်နေ့က လက်နက်ကြီးပစ်ခတ်ခဲ့မှုကြောင့် ၅ နှစ်အရွယ် ကလေးငယ်အပါအဝင် နှစ်ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံးခဲ့သည်ဟုသိရသည်။ ထိုနေ့ စစ်ကောင်စီပစ်ခတ်လိုက်သော လက်နက်ကြီးရှစ်လုံးအနက် တစ်လုံးသည် ပိန္နဲတောကျေးရွာအုပ်စု၊ သာသနာကုန်းရွာရှိ ဒေသခံတစ်ဦး၏ နေအိမ်အနီး ကျရောက်ပေါက်ကွဲခဲ့ရာ အသက် (၄၅) နှစ်အရွယ် အမျိုးသားတစ်ဦး ကျည်စထိမှန်သေဆုံး၍ အသက် (၅) နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် (၄၉) နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်က ပြောသည်[၇၄]။

**မေလ (၂၈) ရက်။** ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၆) နယ်မြေ၊ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ် အတွင်းသို့ ည ၈ နာရီအချိန်ခန့်တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ် ၁ ဦးအပါအဝင် အမျိုးသမီး ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၆ လုံး လက်နက်ကြီးထိမှန်ပျက်စီးခဲ့ကြောင်း ကေအဲန်ယူဗဟိုက ယနေ့ သတင်းထုတ်ပြန်ထားသည်။ ကျုံဒိုးမြို့ အခြေစိုက်စစ်ကောင်စီ၏ ခြေမြန်တပ်ရင်း (ခမရ–၅၄၆) တပ်ရင်းမှ ၁၂၀ မမ၊ ၁၀၅ မမ ဟောင်ဝစ်ဇာအမြောက်ဖြင့် ကျုံဒိုးမြို့အနီးသို့ ရမ်းသမ်းပစ်ခတ်မှုကြောင့် ကော့ကာကျေးရွာအတွင်းသို့ လက်နက်ကြီး ၂ လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကော့ကာကျေးရွာဒေသခံ (၃) ဦးဒဏ်ရာရရှိခဲ့ပြီး ပြည်သူပိုင်နေအိမ် (၆) လုံး ပျက်စီးခဲ့သည်ဟု ကေအဲန်ယူဗဟို၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၇၅]။

**မေလ ၃၀ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ ကမ်းနီးကျေးရွာအနီးတွင် မေလ ၃၀ ရက်နေ့ နံနက်ပိုင်းက လက်နက်ကြီးကျည်ထိမှန်ပြီး သရက်တောကျေးရွာခံ ၁ ဦး သေဆုံးသွားကြောင်း ဒေသခံတို့ထံမှ သိရသည်။ ယနေ့ နံနက် ၁၀ နာရီအချိန်ခန့်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ပူးပေါင်းအဖွဲ့တို့က ကျုံဒိုးမြို့ရှိ စစ်ကောင်စီတပ်စခန်းကို ဒရုန်းဖြင့် ပစ်ခတ်တိုက်ခဲ့ပြီးနောက် စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။ စစ်ကောင်စီတပ် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်သည် ကမ်းနီးကျေးရွာအနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ဘေးတွဲဆိုင်ကယ်စီးနင်းလာသည့် သရက်တောကျေးရွာမှ နိုင်ပုဆိုသူ လက်နက်ကြီးကျည် ထိမှန်သေဆုံးသွားခဲ့သည်ဟု ဒေသခံတို့က ပြောသည်[၇၆]။

**ဇွန်လ ၂ ရက်။** ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထိန်းချုပ်နယ်မြေ၊ သထုံခရိုင်၊ ဘီးလင်းမြို့ရှိ ရွှေရောင်ပြကျေးရွာနှင့်အလူးလေးအနောက်ရွာတို့တွင်နှစ်ရက်အတွင်းစစ်ကောင်စီတပ်၏လက်နက်ကြီးပစ်ခတ်မှုများကြောင့် ရွာခံအမျိုးသမီး (၃) ဦးနှင့် အသက်ဆယ့်ရှစ်နှစ်အောက် ကလေးငယ် (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြေပြင်သတင်းရင်းမြစ်များထံမှ သိရသည်။ ယနေ့နံနက်ပိုင်းက အလုံတောင်ဘုရားကုန်းတွင် တပ်စွဲထားသော စစ်ကောင်စီ ခြေလျင်တပ်ရင်း ခလရ (၈) မှ လက်နက်ကြီး (၅) လုံးထက်မနည်း ပစ်ခတ်ခဲ့သဖြင့် အလူးအနောက်ရွာလေးရွာရှိ ဒေသခံအမျိုးသမီးတစ်ဦး လက်မောင်းထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

**"လက်နက်ကြီးနှစ်လုံး ရွာထဲကျတာ အိမ်တွေပျက်စီးတာမရှိပေမယ့် မမိုးဆန်း (ရွာခံအမျိုးသမီးတစ်ဦး) ကတော့**

[၇၃] https://kicnews.org/၂၀၂၃/၀၅/ကျိုက်ဒုံမြို့ပေါ်-လက်န/

[၇၄] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီတပ်လက်နက်ကြီ/

[၇၅] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီ၏-လက်နက်ကြီး-၄/

[၇၆] https://burmese.monnews.org/၂၀၂၃/၀၅/၃၀/ကမ်းနီးကျေးရွာအနီးတွင်/

**လက်မောင်းကျည်စထိမှန် ဒဏ်ရာရသွားတယ်။" ဟု အမည်မဖော်လိုသူ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်[၅၇]။**

**ဇွန်လ ၁၅ ရက်။** KNU–ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၂) နယ်မြေ၊ တောအူး (တောင်ငူ) ခရိုင်ရှိ ထိုလွီဝါး အထက်တန်းကျောင်းနေရာသို့ ယမန်နေ့ည ၁၁ နာရီဝန်းကျင်က စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျောင်းသူအဆောင်နေရာအနီး လက်နက်ကြီးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး အလယ်တန်းကျောင်းသူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များထံမှ သိရသည်[၅၈]။

ကော့ကရိတ်မြို့တောင်ပိုင်းရှိ ဆံဖလားကျေးရွာတွင် ယမန်နေ့ည ၁ နာရီ ၅၀ မိနစ်အချိန်က စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာလေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်သောကြောင့် ကျေးရွာစာသင်ကျောင်းနှင့် လူနေအိမ် ၄ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်[၅၉]။

**ဇွန်လ ၂၁ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်သဖြင့် အရပ်သားပြည်သူများ ထိခိုက်မှု ဆက်တိုက်ရှိနေကြောင်း ဒေသခံများက ပြောသည်။ ဇွန်လ ၂၁ ရက်နေ့တွင် ကော့ကရိတ်မြို့၏ တောင်ဘက်ပိုင်း၊ ကမိုင်ကုန်းလမ်းဆုံ ဒေါနအလှရေကူးကန်နှင့် ပုလဲဖြူလူမှုကယ်ဆယ်ရေးရုံးရှေ့ရှိ သင်္ချိုင်းကုန်းနေရာ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် လှိုင်ဝအခြေစိုက် စစ်ကောင်စီတပ် ခလရ -၉၇ တပ်ရင်းမှ လှမ်းပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် မြို့ပေါ်ရှိပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုဆက်ရှိနေကြောင်း ဒေသခံများက ပြောသည်[၆၀]။

## မွန်ပြည်နယ်

**ဇန်နဝါရီ ၂၅ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ ရန်ကုန်–မော်လမြိုင် ကားလမ်းဆုံနေရာတွင် ဇန်နဝါရီ ၂၅ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်ခန့်က ဘုရားဖူးယာဉ်ပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဒေသခံတို့ထံမှ သိရသည်။ ဘုရားဖူးယာဉ်ပေါ် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး သေဆုံးပြီး ၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတို့ကပြောသည်။ အဆိုပါ ဘုရားဖူးယာဉ်သည် Light Truck ယာဉ်အမျိုးအစားဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့မှလာကြောင်း ယာဉ်ပေါ်တွင် လူ ၁၂ ဦး စီးနင်းလိုက်ပါလာသည်ဟု သိရကြောင်း ဒေသခံတစ်ဦးက ပြောသည်[၆၁]။

**ဖေဖော်ဝါရီလ ၁၂ ရက်။** စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဘီးလင်းမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု မိကျောင်းအိုင်ကျေးရွာ ဘုန်းကြီးကျောင်းမှ သံဃာတော်တစ်ပါးနှင့် ကိုရင်နှစ်ပါး လက်နက်ကြီးကျည် ထိမှန်ဒဏ်ရာ ရရှိခဲ့သည်ဟု ဒေသခံတို့ထံမှ သိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၁ ရက် ည ၈ နာရီခွဲအချိန်ခန့်က စစ်ကောင်စီတပ် ခမရ (၉) မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်သည် မိကျောင်းအိုင်ကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့သည်။ ဘုန်းကြီးကျောင်းဝင်းအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါးနှင့်ကိုရင်နှစ်ပါး ထိမှန်ဒဏ်ရာရပြီး ကျောင်းအဆောက်အဦးတချို့လည်း ထိခိုက်ပျက်ဆီးမှုရှိသည်ဟု ဒေသခံတစ်ဦးက ပြောသည်[၆၂]။

---

[၅၇] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီတပ်–လက်နက်ကြ–၁၄/

[၅၈] https://kicnews.org/၂၀၂၃/၀၆/ထိုလွီဝါးအထက်တန်းကျော င/

[၅၉] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီ၏–လေကြောင်းတိ/

[၆၀] https://kicnews.org/၂၀၂၃/၀၆/စစ်ကောင်စီတပ်–လက်နက်ကြ–၁၆/

[၆၁] https://burmese.monnews.org/၂၀၂၃/၀၁/၂၅/ကျိုက်ထိုတွင်–လက်နက်ကြီ/

[၆၂] https://burmese.monnews.org/၂၀၂၃/၀၂/၁၃/စစ်ကောင်စီ–လက်နက်ကြီးက–၂/

**ဖေဖော်ဝါရီလ (၁၄) ရက်။** မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ရွာသစ်အနီးအခြေစိုက်သည့် အမှတ် (၃၁၇) အမြောက်တပ်မှ အခြားရွာတရွာဖြစ်သည့် စုစည်းမြိုင် (ကရင်ရွာ) အတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အသက် (၁၂) ရွယ်ကလေးတဦး ထိခိုက်သေဆုံးကာ ဘုန်းကြီးတပါး ဒဏ်ရာရရှိသည်[၆၃]။

**မတ်လ ၁၀ ရက်။** မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျုံမိန်ကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့တို့ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ကလေး ၂ ဦး သေဆုံးပြီး၊ လူကြီးနှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတို့ထံမှ သိရသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ကြာပန်ကျေးရွာအခြေစိုက် ခြေလျင်တပ်ရင်းမှ ကျေးရွာထဲကို လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျုံမိန်ကျေးရွာထဲ ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် နေအိမ်ခြံဝင်းအတွင်းရှိနေသည့် ၁၀ နှစ်အရွယ်နှင့် ၁၂ နှစ်အရွယ်ကလေး ၂ ဦး ပွဲချင်းပြီးသေဆုံးပြီး အသက် ၅၀ ကျော် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်[၆၄]။

**မတ်လ ၁၄ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မဲရုံလေးကျေးရွာအတွင်းသို့ တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ် လက်နက်ကြီး ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မှုကြောင့် ဒေသခံခြံလုပ်သား ၂ ဦး သေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိခဲ့သည်[၆၅]။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်းတာပန်ကျေးရွာထဲ တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီးနှင့် ပစ်ခတ်မှုကြောင့် ဒေသခံနေအိမ် ၄ လုံး ထိခိုက်ပျက်စီးခဲ့သည်ဟု KNU သထုံခရိုင်က မတ် ၁၄ ရက်မှာ ထုတ်ပြန်ပါသည်[၆၆]။

**မတ်လ ၁၈ ရက်။** မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အဝန်းကြီးရွာထဲကို မတ်လ ၁၈ ရက်က လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက်ခြောက်နှစ်အရွယ် စောဖိုးသင်္ကြန်သေဆုံးခဲ့သည်ဟု ဒေသခံတွေမှ ပြောပါသည်။ မွန်းလွဲ ၃ နာရီဝန်းကျင်တွင် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲပြီး စောဖိုးသင်္ကြန်၏ဦးခေါင်းကို ကျည်စထိမှန် သေဆုံးခဲ့သည်ဟု မျက်မြင်တွေ့များ ပြောပါသည်[၆၇]။

**မတ်လ ၂၁ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှာ သိမ်ဇရပ်စစ်ကောင်စီ အမြောက်တပ် ၃၁၀ နှင့် ကင်မွန်းစခန်း ရဲကုန်းတို့ကနေ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံထောင်ချီ ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်နေရသည်ဟု ကျိုက်ထိုဒေသခံတွေက ပြောပါတယ်[၆၈]။

**မတ်လ ၂၀ ရက်။** စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ကရဝေးဆိပ်အထက်စုကျေးရွာမှ အမျိုးသား ၂ ဦးသေဆုံးပြီး ကိုယ်ဝန်ဆောင်အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတို့ထံမှသိရသည်။ ကျိုက်ထိုမြို့နယ် ကင်မွန်းစခန်းရှိ စစ်ကောင်စီတပ် ရဲကုန်းလက်နက်ကြီးအထိုင်ထားသည့် နေရာနှင့် ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်အစပ်ရှိ သပြေနီသံတံတားဂိတ်စခန်းတို့မှ မတ်လ ၂၀ ရက် ည ၇ နာရီခွဲ ဝန်းကျင်အချိန်ခန့်က ကျေးရွာဘက် လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သည်ဟုလည်း ဒေသခံတို့ကဆိုသည်။ နေအိမ်ပေါ် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ရှိ အသက် ၅၀ နှစ်အရွယ် ဦးကုလားဆိုသူသည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးသွားခဲ့ပြီး ဦးအောင်လွင်နှင့် ၎င်း၏ဇနီးဖြစ်သူမှာ ကျည်စထိမှန်ဒဏ်ရာများရရှိခဲ့သည်[၆၉]။

**မတ်လ ၂၇ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့အခြေစိုက် စစ်ကောင်စီ အမှတ် (၃၁၀) အမြောက်တပ်နှင့် ကင်မွန်းစခန်း ရဲကုန်းဘက်ရှိ စစ်ကောင်စီတပ်တို့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်နေမှုကြောင့် ကျေးရွာ ၆ ရွာမှ

[၆၃] Human Rights Foundation of Monland, 14 February 2023, https://rehmonnya.org/archives/7978

[၆၄] https://burmese.monnews.org/၂၀၂၃/၀၃/၁၀/သထုံမြို့နယ်တွင်-စစ်ကေ-၂/

[၆၅] http://burmese.dvb.no/archives/၅၈၅၆၇၂

[၆၆] http://burmese.dvb.no/archives/၅၈၃၄၇၀

[၆၇] https://www.rfa.org/burmese/news/bilin-weapon-child-killed-၀၃၁၉၂၀၂၃၀၃၅၄၂၂.html

[၆၈] http://burmese.dvb.no/archives/၅၈၄၇၂၃

[၆၉] https://burmese.monnews.org/၂၀၂၃/၀၃/၂၁/စစ်ကောင်စီတပ်-လက်နက်ကြ-၄/

ဒေသခံပြည်သူ ၇၀၀၀ ကျော်တို့က ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သိရသည်[၇၀]။ မတ်လ (၂၇) နေ့တွင်လည်း မရမ်းချောင်တပ်စခန်းရှိ ဗမာစစ်တပ်၏ အမြောက်တပ်မှ ကျိုက်ထိုမြို့နယ် မဲရုံရွာဘက်သို့ ပစ်ခတ်သည့် အခါ လယ်ကွင်းတွင် လက်နက်ကြီးကျရောက်ပြီး လယ်သမား (၂) ဦး သေဆုံးရသည်[၇၁]။

**မတ်လ ၃၀ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အခြေစိုက် စစ်ကောင်စီတပ်ရင်းတို့မှ ကျေးရွာအတွင်း လက်နက်ကြီး များဖြင့် ပစ်ခတ်မှုကြောင့် မတ်လ ၂၀ ရက်နေ့မှ ၂၉ ရက်နေ့အတွင်း ဒေသခံ ၄ ဦး သေဆုံးပြီး ၉ ဦး ထိခိုက်ဒဏ်ရာရရှိ သည်ဟု သိရသည်။ စစ်ကောင်စီ အမတ-၃၁၄ တပ်ရင်းမှ သထုံမြို့နယ်၊ ဒေါက်ရပ်ကျေးရွာအုပ်စုထဲ လက်နက်ကြီးများ ဖြင့် ပစ်ခတ်ခဲ့ရာ တောင်ကလေးကျေးရွာအတွင်း လူနေအိမ် ၁ လုံးအပေါ် ကျရောက်ပေါက်ကွဲခဲ့ရာ မိသားစုဝင်များ သေဆုံးခဲ့သည်။

**မေလ ၅ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ ဝါးဒတ်ကွင်းကျေးရွာတွင် စစ်ကောင်စီတပ် ပစ်ခတ်လိုက် သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ကလေး ၂ဦးအပါအဝင် ၄ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံ တို့ထံမှ သိရသည်။ သိမ်ဇရပ်အခြေစိုက် ခမရ ၂၀၇ တပ်ရင်းမှ မေ ၃ ရက်နေ့ ညနေ ၄ နာရီအချိန်ခန့်က တိုက်ပွဲ ဖြစ်ပွားခြင်းမရှိပဲ ကျေးရွာဘက်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်ဟု ဒေသခံတို့၏ ပြောပြချက်အရသိရသည်။ စစ် ကောင်စီတပ် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်တစ်လုံးသည် ဝါးဒတ်ကွင်းကျေးရွာရှိ ဦးရာဇထွန်းဆိုသူ နေအိမ် ပေါ် ကျရောက်ပေါက်ကွဲခဲ့သည်[၇၂]။

**မေလ ၇ ရက်။** မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အလုံတောင်ခြေတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်တို့မှ အလူး ကျေးရွာထဲ လက်နက်ကြီးဖြင့် ၈ ကြိမ်ထက်မနည်း လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရကာ နေအိမ် ၃ လုံး ပျက်ဆီးသွားကြောင်း ဒေသခံတို့ထံမှ သိရသည်။ လက်နက်ကြီး ကျရောက်ပေါက် ကွဲမှုကြောင့် ဦးနေမျိုးကျော်နှင့် ဇနီးဖြစ်သူဒေါ်ခင်စန်းရီဆိုသူတို့ လက်နက်ကြီးကျည်ထိမှန်ပြီး ပြင်းထန်ဒဏ်ရာရရှိခဲ့ သည့်အပြင် နေအိမ် ၃ လုံးလည်း ထိခိုက်ပျက်ဆီးသွားကြောင်း ဒေသခံတို့ပြောပြချက်အရ သိရသည်[၇၃]။

**ဇွန်လ ၁ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူးကျေးရွာတွင် နေအိမ်ပေါ် လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲပြီး ကလေးအပါအဝင် ၆ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံတို့ထံမှသိရသည်။ မေလ ၃၁ ရက်နေ့ နေ့ လည် ၁ နာရီအချိန်ခန့်က လှည်းလမ်းကူးကျေးရွာနေ ဦးထွန်းအေးနေအိမ်ပေါ် လက်နက်ကြီးကျည်တစ်လုံး ကျရောက် ပေါက်ကွဲခဲ့သည်။ နေအိမ်ပေါ် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၃၀ နှစ်အရွယ် ဦးစောထွန်း၊ အသက် ၁၃ နှစ်အရွယ် မြင့်မြတ်လင်း၊ အသက် ၃၀ နှစ်အရွယ် ဒေါ်ဝင်းစန္ဒာမြင့်တို့ ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ၎င်းအပြင် အသက် ၃၇ နှစ်အရွယ် ထွန်းထွန်းလင်း၊ အသက် ၆ နှစ်အရွယ် ယွန်းရတီထွန်း၊ အသက် ၁၅ နှစ်အရွယ် မောင်သိမ်းပိုက်စိုးစံတို့ အသီးသီး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပြီး ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိ ရသည်[၇၄]။

**မေလ ၆ ရက်။** မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အလူးကျေးရွာအုပ်စု၊ အလူးအနောက်ကျေးရွာသို့ မေလ (၆) ရက်နေ့ အလုံတောင်ခြေ စစ်ကောင်စီတပ်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်စထိမှန်၍ ဒေသခံရွာသား (၂) ဦး ထိခိုက် ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း မြေပြင်သတင်းအရင်းအမြစ်များမှ သိရသည်။ စစ်ကောင်စီတပ်များသည် အလူး ကျေးရွာဘက်သို့ လက်နက်ကြီး (၈) လုံးထက်မနည်း ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အလူးအနောက်ရွာရှိ

---

[၇၀] https://burmese.monnews.org/၂၀၂၃/၀၃/၂၂/စစ်ကောင်စီတပ်မှ-လက်နက်က/

[၇၁] Human Rights Foundation of Monland, ၃၀ March ၂၀၂၀၃, https://rehmonnya.org/archives/၈၁၆၄

[၇၂] https://burmese.monnews.org/၂၀၂၃/၀၅/၀၅/ကျိုက်ထိုတွင်-စစ်ကောင်-၃/

[၇၃] https://burmese.monnews.org/၂၀၂၃/၀၅/၀၇/ဘီးလင်းတွင်-စစ်ကောင်စီ-၂/

[၇၄] https://burmese.monnews.org/၂၀၂၃/၀၆/၀၁/ကျိုက်ထိုတွင်-လက်နက်ကြ-၂/

ဒေသခံတစ်ဦး၏နေအိမ်အနီးကျရောက်ပေါက်ကွဲ၍နေအိမ်ပိုင်ရှင်လင်မယား(၂)ဦး၏လက်နှင့်နားထင်တို့ကိုလက်နက်ကြီးကျည်စများ ထိမှန်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်[၇၅]။

**ဇွန်လ (၆) ရက်။** ကျိုက်ထိုမြို့ အခြေစိုက်လက်နက်ကြီးတပ်မှ လှည်းလမ်းကူးကျေးရွာအတွင်းသို့ တိုက်ပွဲများ မရှိသော်လည်း လက်နက်ကြီးဖြင့် ပစ်ခတ်သည့်အတွက် ရွာသူရွာသား (၆) ဦး ဒဏ်ရာရရှိကာ ၎င်းတို့အထဲတွင် အသက် (၆) နှစ်အရွယ်ကလေးငယ်တဦးလည်း ပါဝင်သည်[၇၆]။

ဇွန်လ ၁၂ ရက်။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝယ်ဖယ်ကျေးရွာရှိ စစ်ကောင်စီအမြောက်တပ် (၃၁၇) မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နှစ်ကရင်ရွာသားတစ်ဦး ကျည်စထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတို့ထံမှ သိရသည်။ ဇွန်လ ၉ ရက်နေ့ ည ၁၀ နာရီဝန်းကျင်အချိန်ခန့်က စစ်ကောင်စီအမြောက်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်သည် နှစ်ကရင်ကျေးရွာ ရပ်ကွက် ၅ အနီး ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဆိုသည်။ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၃၆ နှစ်အရွယ် ကိုဂေါင်ကြီးဆိုသူ လက်နက်ကျည်စထိမှန် ဒဏ်ရာရရှိခဲ့သည်[၇၇]။

**ဇွန်လ ၁၉ ရက်။** မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာတွင် အခြေစိုက်ထားသည့် စစ်ကောင်စီအမြောက်တပ်ရင်းမှ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင်ကျေးရွာများသို့ လက်နက်ကြီးများဖြင့် လှမ်းပစ်ခတ်သည့်အတွက် ဒေသခံအရပ်သား ၃ ဦး ကျည်ထိမှန်သွားပြီး အရေးပေါ်ဆေးကုသမှု ခံယူနေရသည်ဟု ရွာသားများထံမှ သိရသည်[၇၈]။

**ဇွန်လ ၂၁ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ သိမ်ဇရပ်မြို့သို့ စစ်ကောင်စီ၏ အမြောက်တပ်ရင်း (၃၁၇) မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် အမျိုးသမီးတဦးသေဆုံးကာ၊ ကလေးငယ်တဦးအပါအဝင် (၄) ဦး ဒဏ်ရာရရှိသည်[၇၉]။

**ဇွန်လ ၂၁ ရက်။** ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်တံခွန်တိုင်ကျေးရွာအတွင်း စစ်ကောင်စီအမြောက်တပ် (၃၁၈) မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား ၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံတို့ထံမှ သိရသည်။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအခြေစိုက် အမြောက်တပ် (၃၁၈) မှ ဇွန်လ ၁၉ ရက်နေ့ ညနေပိုင်းအချိန်ခန့်က ၁၂၀ မမ လက်နက်ကြီးဖြင့် တံခွန်တိုင်ကျေးရွာဘက် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

**မေလ ၂၄ ရက်နေ့။** ဗမာစစ်တပ်နှင့် KNLA/PDF တို့ သထုံမြို့နယ် ပိန္နဲတောရွာအနီး တိုက်ပွဲအပြင်းအထန် ဖြစ်ပွားရာ စစ်တပ်မှ အမြောက်အကူဖြင့် တိုက်ခိုက်ရာ ရွာသား (၁) ဦး သေဆုံးပြီး (၃) ဦး ဒဏ်ရာရရှိသည်[၈၀]။

**ဇွန်လ ၂၄ ရက်။** မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာတွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၆၀ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကျည်ထိမှန်သေဆုံးသွားကြောင်း ဒေသခံတို့ထံမှ သိရသည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ ကျေးရွာထဲ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဒေသခံတို့ကဆိုသည်။ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် စခန်းကြီးကျေးရွာနေ အသက် ၆၀ နှစ်အရွယ် မိလှချိန်ဆိုသူ သေဆုံးသွားခဲ့သည်ဟု သိရသည်[၈၁]။

---

[၇၅] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီ၏-လက်နက်ကြီး-၃/

[၇၆] Human Rights Foundation of Monland, June 6, 2023, https://rehmonnya.org/archives/8433

[၇၇] https://burmese.monnews.org/၂၀၂၃/၀၆/၁၂/စစ်ကောင်စီတပ်-လက်နက်ကြ-၆/

[၇၈] https://kicnews.org/၂၀၂၃/၀၆/အဘစ်စခန်းမှ-ပစ်ခတ်သည့်လ/

[၇၉] Human Rights Foundation of Monland, June 21 2023, https://rehmonnya.org/archives/8545

[၈၀] Human Rights Foundation of Monland, May 23, 2023, https://rehmonnya.org/archives/8337

[၈၁] https://burmese.monnews.org/၂၀၂၃/၀၆/၂၅/သံဖြူဇရပ်မြို့နယ်အတွင်-၃/

## တနင်္သာရီတိုင်း

စစ်ကောင်စီမှအာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင်တနင်္သာရီတိုင်းဒေသကြီးတွင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းကာ တိုင်းဒေသကြီးအတွင်းရှိ ဗမာစစ်တပ်၏ စစ်စခန်းများ၊ တပ်များကို တိုက်ခိုက်ခဲ့သည်။ ဗမာစစ်တပ်မှ စစ်ကြောင်းများထိုးကာ PDFs တပ်များကို လိုက်လံတိုက်ခိုက်ခဲ့သည်။ PDFs တို့အား ထောက်ခံသည်ဟု ထင်ရသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးပစ်ခဲ့ပေသည်။ အချို့သော ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်သွင်းသည်လည်း ရှိသည်။



**၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့က လက်နက်ကြီးကျည်ကျရောက်ပေါက် ကွဲခဲ့သည့် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လယ်သစ်ရွာမှ နေအိမ်ကို တွေ့ရစဉ်။**

**မတ်လ ၁၀ ရက်။** တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လယ်သစ်ရွာမှာ မတ်လ ၁၀ ရက်က လက်နက်ကြီးကျည် ကျရောက်ပြီး အသက်ကိုးနှစ်အရွယ် ကလေးတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ မနက် ၈ နာရီခွဲဝန်းကျင်မှာ တနင်္သာရီမြို့အနီး စစ်ကောင်စီအမြောက်တပ်က လက်နက်ကြီးပစ်ခတ်ခဲ့တာလို့ ဒေသခံတစ်ဦးက ပြောပါတယ်[၅၅]။

တနင်္သာရီတိုင်းဒေသကြီး၊လောင်းလုံမြို့နယ်တွင်အာဏာသိမ်းစစ်ကောင်စီတပ်ဖွဲ့ဝင်များသည်တစ်ရွာဝင်တစ်ရွာထွက်ကာ ရွာလုံးကျွတ်နီးပါး မီးရှို့ဖျက်ဆီးမှုများ လိုက်လံပြုလုပ်ပြီး ဒေသခံပြည်သူတစ်ဦးကိုလည်း သတ်ဖြတ်သွားခဲ့ကြောင်း ဒေသခံများကပြောသည်။

**မတ်လ ၂၁ ရက်။** လောင်းလုံမြို့နယ်ရှိ ရွာနှစ်ရွာဖြစ်သည့် ညောပြင်ကျေးရွာနှင့် အောက်ကျောက်ဝပ်ကျေးရွာရှိ နေအိမ်များကို နေ့လည် ၁၂ နာရီဝန်းကျင်အချိန်ခန့်တွင် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရေလမ်းကြောင်းဖြင့်ဝင်ရောက်ကာ ကျေးရွာအတွင်းရှိ နေအိမ် စုစုပေါင်း ၁၅၀ နီးပါးကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ပြီး အကြမ်းဖက်သတ်

[၅၅] https://www.rfa.org/burmese/news/injured-in-tanintharyi-03112023075505.html

ဖြတ်မှုများ လုပ်ဆောင်ခဲ့သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များအနေဖြင့် ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးမှုကို လုပ်ဆောင်သောကြောင့် မီးရှို့ခံရသည့် ကျေးရွာများအပြင် အနီးအနားရှိ ကျေးရွာစုစုပေါင်း ၅ ရွာထက်မနည်း ကြောက်လန့်ထွက်ပြေးရပြီး ဘေးလွတ်ရာသို့ ရှောင်တိမ်းနေကြရကြောင်း ဒေသခံပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များထံမှ သိရသည်[၈၃]။

**ဇွန်လ ၉ ရက်။** ပုလောမြို့နယ်၊ မင်းထိန်ကျေးရွာအတွင်းသို့ စစ်ကောင်စီမှ လက်နက်ကြီးဖြင့်ပစ်ခတ်ရာ အသက် (၅၃) နှစ်အရွယ် ယောက်ျားတဦးသေဆုံးပြီး အခြားရွာသူ/ရွာသား (၆) ဦးလည်း ထိခိုက်ဒဏ်ရာရရှိသည်[၈၄]။

## အခန်း (၄-ဂ)
## သတ်ဖြတ်မှုများ

**ဇန်နဝါရီလ ၁၀ ရက်။** စစ်အာဏာသိမ်းကာလအတွင်း တနင်္သာရီတိုင်းတွင် အရပ်သားသေဆုံးမှု ၃၃၅ ဦးရှိပြီး ၎င်းထဲတွင် အမျိုးသမီး ၁၅ ရာခိုင်နှုန်းပါဝင်သည်ဟု Southern Monitor က ထုတ်ပြန်ထားချက်အရ သိရသည်။ သေဆုံးအရပ်သားတွေထဲက ၇၇ ရာခိုင်နှုန်းကတော့ အမျိုးသားတွေဖြစ်ပြီး ကျန် ၇ ရာခိုင်နှုန်းကတော့ ကျား/မ ခွဲခြားဖော်ပြနိုင်ခြင်း မရှိဘူးလို့ဆိုသည်။ ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်တွေက အခြားမြို့နယ်တွေထက် အရပ်သားသေဆုံးမှုအရေအတွက် သိသိသာသာ များပြားနေသည်ဟုလည်း Southern Monitor ထုတ်ပြန်ထားသည်။



**မူဆယ်မြို့နယ် ဆိုက်ခေါင်ရွာတွင် လက်နက်ကြီးထိမှန်သဖြင့် သေဆုံးခဲ့သူအား ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က တွေ့ရစဉ်။**

စစ်ကောင်စီဘက်က ကျူးလွန်သည့် အရပ်သားသေဆုံးမှုဖြစ်စဉ်များသည် ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ပစ်ခတ်နှိမ်နင်းခြင်း၊ စစ်ကောင်စီတပ်ဖွဲ့များ စစ်ကြောင်းထိုးလာချိန် ဒေသခံများကို ဖမ်းဆီးသတ်ဖြတ်ခြင်း။ လက်နက်ကြီးထိမှန်သေဆုံးခြင်း၊ ဆိုင်ကယ်စီးသူတွေနှင့် သာမန်ပြည်သူတွေကို လုံခြုံရေးအကြောင်းပြချက်နှင့် ပစ်ခတ်သတ်ဖြတ်ခြင်းများ

[၈၃] https://kicnews.org/၂၀၂၃/၀၃/စစ်ကောင်စီတပ်ဖွဲ့ဝင်မျ-၂/

[၈၄] Human Rights Foundation of Monland, June 13 2023, https://rehmonnya.org/archives/8488

ပါဝင်ပြီး စစ်ကောင်စီလက်အောက်ခံ ပျူစောထီး၊ သွေးသောက်၊ စွန်ရဲ စသည့်အဖွဲ့တို့မှ တတ်ကြွလူငယ်များ၊ PDF အဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် NLD ပါတီဝင်များကို ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်ခြင်းများ ပါဝင်သည်ဟု ဆိုသည်[၈၅]။

**ဇန်နဝါရီလ ၁၂ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်တို့တွင် သုံးရက်အတွင်းအရပ်သားပြည်သူ ၆ဦးထက်မနည်းပစ်သတ်ခံခဲ့ရကြောင်းဒေသခံတို့ထံမှသိရသည်။လောင်းလုံမြို့နယ်သဘော့ဆိပ်ကျေးရွာနေ အသက် ၅၀ နှစ်အရွယ်ရှိ ဦးကျော်လွင်ဆိုသူကတော့ ဇန်နဝါရီလ ၉ ရက်နေ့က နေအိမ်တွင် ပစ်ခတ်ခံခဲ့ရသည်။ အလားတူ အသက် ၆၃ နှစ်ရှိ ကျောက်ဆင်ကျေးရွာ ဒေါ်မာမာဇင်ဆိုသူလည်း ဇန်နဝါရီလ ၁၀ ရက်နေ့က အမည်မသိသေနတ်သမားတို့က နေအိမ်တွင် လာရောက်ပစ်ခတ်ခဲ့ပြီး လည်ပင်း၊ မျက်လုံးနှင့် နားထင်တို့တွင် ရရှိသည့် ဒဏ်ရာများဖြင့် အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ဇန်နဝါရီလ ၁၁ ရက်နေ့ နေ့လည် ၁၂ နာရီအချိန်ခန့်ကလည်း လောင်းလုံးမြို့နယ်၊ ဝေဒီမြို့ဟောင်းကျေးရွာမှ အသက် ၆၀ အရွယ် ဒေါ်တင်သန်းဆိုသူက ၎င်း၏ နေအိမ်ဈေးဆိုင်တွင်ရှိနေစဉ် အမည်မသိသေနတ်သမားနှစ်ဦးရောက်ရှိလာပြီး ဈေးဝယ်ဟန်ဆောင်ကာ ပစ်သတ်သွားခဲ့သည်[၈၆]။

တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်၊ ရွာဟော့လူကျေးရွာတွင် အမျိုးသားရှစ်ဦးကို လက်နက်ကိုင်အဖွဲ့က ခေါ်ဆောင်သွားပြီးနောက် နှစ်ရက်အကြာ ဇန်နဝါရီလ ၁၄ ရက်နေ့ သေဆုံးနေသည်ကို တွေ့ရသည်။

**ဇန်နဝါရီလ ၁၂ ရက်။** ၄င်းနေ့ညနေမှာ တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်၊ ရွာဟော့လူကျေးရွာမှ အမျိုးသားရှစ်ဦးကို လက်နက်ကိုင်ဆောင်ထားသူတွေ လာရောက်ခေါ်ဆောင်သွားပြီးနောက် သေနတ်ဒဏ်ရာနှင့် အလောင်းတွေ ပြန်တွေ့ရသည်ဟု လုံခြုံရေးအရ အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောပါသည်။

> **“လာခေါ်သွားတာက လူလေး၊ ငါး၊ ခြောက်ယောက်လောက် ပါတယ်ဗျ။ သေနတ်တွေလည်း ပါတယ်ဗျ။ ယူနီဖောင်းကတော့ ကော်သူးလေအာမီကပါ။ အလောင်းတွေကို ရွာအဖျားမှာ တွေ့ရတယ်ဗျ။ ၁၃ ရက်မှာ သတင်းကြားတယ်၊ အလောင်းကို ၁၄ ရက်မှာ တွေ့ရတယ်”**

သေဆုံးသူများမှာ ငြိမ်းချမ်းသာရွာဥက္ကဋ္ဌ ဦးစိန်ဝင်း၊ NLD အစိုးရလက်ထက် ရပ်ကျေးဥက္ကဋ္ဌဟောင်းတွေဖြစ်သည့် ဦးအောင်ဖေ၊ ဦးဇော်ဝမ်းနဲ့ ဒေသခံတွေဖြစ်တဲ့ ဦးဉာဏ်ဝင်း၊ ဦးသန်းဗို၊ ဦးဟန်ဒူး၊ ကိုဇော်သိန်း၊ ကိုဇော်ထွေးတို့ ဖြစ်သည်[၈၇]။

ဇန်နဝါရီလ ၁၂ ရက်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ကစပြီး စစ်ကောင်စီတပ်နှင့် KNLA၊ PDF ပူးပေါင်းတပ်များ တိုက်ပွဲဆက်တိုက်ဖြစ်ပွားနေပြီး ဒေသခံ ငါးဦးကိုလည်း စစ်ကောင်စီတပ်သားမှ ပစ်သတ်သွားသည်ဟု KNLA နဲ့ ပူးပေါင်း တိုက်နေတဲ့ နဂါးနီစစ်ကြောင်းမှ ပြောပါသည်[၈၈]။

**ဖေဖော်ဝါရီလ ၄ ရက်။** စစ်အုပ်ချုပ်ရေး (Martial Law) ကြေညာထားသည့် မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်း စစ်ကောင်စီတပ်ဖွဲ့တို့က အရပ်သားပြည်သူတွေကို သတ်ဖြတ်၊ ဖမ်းဆီးမှုများ ဆက်တိုက်လုပ်ဆောင်လာခဲ့သည်ဟု ဒေသခံတို့ထံမှသိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၉ ရက်နေ့က ရေးမြို့နယ်၊ မော့ကနင်ကျေးရွာမှ နိုင်ဗင်ဆိုသူကို စစ်ကောင်စီတပ်ဖွဲ့တို့က ရော်ဘာခြံတွင် ပစ်သတ်ခဲ့သည်ဟု ဒေသခံတို့ထံမှ သိရသည်[၈၉]။

---

[၈၅] https://burmese.monnews.org/၂၀၂၃/၀၁/၁၀/စစ်အာဏာသိမ်းကာလ-တနင်္သာ/

[၈၆] https://burmese.monnews.org/၂၀၂၃/၀၁/၁၂/ရေဖြူနှင့်-လောင်းလုံးတွ/

[၈၇] https://www.rfa.org/burmese/news/killed-၈-people-in-bokpyin-၀၁၁၈၂၀၂၃၀၄၂၀၁၀.html

[၈၈] https://www.rfa.org/burmese/news/၅-death-in-kyainseikgyi-၀၁၁၆၂၀၂၃၀၅၄၇၀၈.html

[၈၉] https://burmese.monnews.org/၂၀၂၃/၀၂/၁၄/ရေးမြို့နယ်တွင်-အရပ်သာ-၂/

**ဖေဖော်ဝါရီလ ၈ ရက်။** စစ်တပ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကနေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ တနင်္သာရီတိုင်းဒေသကြီးတွင် အရပ်သားသေဆုံးမှု ၃၆၀ ဦးကျော်ရှိသည်ဟု Southern Monitor အဖွဲ့က ထုတ်ပြန်ထားချက်အရ သိရသည်။ စစ်တပ်အာဏာသိမ်းကာလအတွင်း အရပ်သားဒဏ်ရာရသူ ၁၃၆ ဦးကျော်ရှိခဲ့ပြီး အရပ်သားထိခိုက်မှု (Civilian casualty) စုစုပေါင်း ၄၉၆ ဦးရှိခဲ့ကြောင်းလည်း Southern Monitor က ထုတ်ပြန်ထားသည်။ တိုင်းအတွင်း၌ ပဋိပက္ခကြောင့် အရပ်သားထိခိုက်မှုအများဆုံးသည် လောင်းလုံးမြို့နယ်ဖြစ်ပြီး အရပ်သားစုစုပေါင်း ၉၉ ဦး သေဆုံးပြီး၊ ဒဏ်ရာရသူ ၂၈ ဦးရှိခဲ့သည်ဟု ဆိုသည်။ အလားတူ ရေဖြူ ထားဝယ်၊ ပုလော၊ သရက်ချောင်းမြို့နယ်တို့တွင်လည်း အရပ်သားထိခိုက်မှု များပြားကြောင်းလည်း Southern Monitor က ဆိုထားသည်[၉၀]။

**ဖေဖော်ဝါရီလ ၈ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ် ရင်ငဲကျေးရွာခံ အမျိုးသားနှစ်ဦးကို စစ်ကောင်စီတပ်တို့က ဖမ်းဆီးပြီး သတ်ဖြတ်လိုက်ကြောင်း ဒေသခံတို့ထံမှ သိရသည်။ အင်အား ၂၀ ကျော်ရှိသည့် စစ်ကောင်စီတပ်ဖွဲ့တို့မှ ဖေဖော်ဝါရီ ၇ ရက်နေ့၊ နံနက် ၈ နာရီခွဲအချိန်ခန့်တွင် ရင်ငဲကျေးရွာထဲ ဝင်ရောက်လာပြီးနောက် နေအိမ်တစ်လုံးရှိ အသက် ၃၀ နှစ်အရွယ် ကိုပိုင်စိုးနှင့် အသက် ၂၁ နှစ်အရွယ် ကိုဖြိုးငယ်ဇော်တို့ကို ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်တို့ ပစ်သတ်ခဲ့သည့် အဆိုပါအမျိုးသားနှစ်ဦးသည် ရင်ငဲကျေးရွာနေ သာမန်အရပ်သားများဖြစ်ကြပြီး တစ်ဦးက ဘုန်းကြီးကျောင်းတွင်နေထိုင်ပြီး တစ်ဦးက ရော်ဘာအစေးခြစ်သည့် အလုပ်ကို လုပ်ကိုင်နေသူများဖြစ်သည်ဟုလည်း ဒေသခံတို့ထံမှ သိရသည်[၉၁]။

**မတ်လ ၄ ရက်။** တနင်္သာရီတိုင်းအတွင်း အရပ်သားထိခိုက်သေဆုံးမှု ဖေဖော်ဝါရီလမှာ မြင့်တက်လာသည်ဟု ဒေသတွင်း အခြေအနေတွေကို စာရင်းပြုစုနေသည့် Southern Monitor က မတ်လ ၄ ရက်မှာ သတင်းထုတ်ပြန်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အရပ်သား ၃၄ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်ဆိုပါသည်။ ဒီစာရင်းမှာ အာဏာသိမ်းပြီးနောက် အရပ်သား သေဆုံးထိခိုက်မှု အမြင့်ဆုံးအရေအတွက် ဖြစ်ပါသည်[၉၂]။

**မတ်လ ၄ ရက်။** မွန်ပြည်နယ်၊ သထုံ–ဘီးလင်းအမြန်ကားလမ်းမကြီးဘေး ဒေါက်ရပ်ကျေးရွာနားမှာ စစ်ကောင်စီလက်အောက်ခံ အမှတ် (၈) ခြေလျင်တပ်ရင်းအဖွဲ့ဝင်တွေက ပြည်သူ ၂ ယောက်ကို အကြောင်းရင်းမရှိဘဲ သေနတ်နှင့်ပစ်သတ်ခဲ့ပြီး နောက်ထပ် ၂ ယောက်ဆီက ငွေကြေးနှင့်ဖုန်းများ အဓမ္မလုယူသွားခဲ့သည်ဟု ကေအန်ယူဗဟိုမှ ထုတ်ပြန်ပါသည်[၉၃]။

**မတ်လ ၄ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ကျေးရွာတွင် အရပ်သား ၆ ဦးကို စစ်ကောင်စီတပ်ဖွဲ့တို့မှ ပစ်ခတ်ခဲ့ပြီး ၅ ဦးသေဆုံးကာ တစ်ဦးပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတို့ထံမှ သိရသည်။ မတ်လ ၄ ရက်နေ့ နံနက် ၉ နာရီကျော်ခန့်က လောင်းလုံးမြို့နယ် ကျောက်ဝပ်ပြင်ကျေးရွာကနေ စစ်ကြောင်းထိုးဝင်ရောက်လာသည့် စစ်ကောင်စီတပ်နှင့် ပျူစောထီးအင်အား ၅၀ ကျော်ရှိသည့် ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီး လက်နက်ငယ်ဖြင့် ရမ်းသမ်းခြိမ်းခြောက်ပစ်ခတ်ပြီးနောက် အောက်ကျော်ဝပ်ကျေးရွာထဲကို ဝင်ရောက်လာကာ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု အောက်ကျောက်ဝပ်ဒေသခံတစ်ဦးက ပြောသည်[၉၄]။

**မတ်လ ၁၃ ရက်။** ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ ဆောင်ပြောင်းဒေသ နမ်းနိမ်းကျေးရွာဘုန်းကြီးကျောင်းတွင် ခိုလှုံနေကြသည့် ရဟန်းနှင့်ပြည်သူများ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည်ဟု ကရင်နီအမျိုးသားတပ်မတော် (KNDF) နှင့် ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (ခမ်းကောင်း) PNDF(KK) က ထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီတပ်

---

[၉၀] https://burmese.monnews.org/2023/02/08/စစ်အာဏာသိမ်းကာလ-တနင်္သာ-၂/

[၉၁] https://burmese.monnews.org/2023/02/08/သရက်ချောင်း-ရင်ငဲရွာသားနှ/

[၉၂] https://www.rfa.org/burmese/news/tanintharyi-civilians-killed-03052023045322.html

[၉၃] http://burmese.dvb.no/archives/585589

[၉၄] https://burmese.monnews.org/၂၀၂၃/၀၃/၀၄/လောင်းလုံး-အောက်ကျောက်ဝ/

သည် ပင်လောင်မြို့နယ် နမ်းနိမ်းကျေးရွာအနီးဝန်းကျင်သို့ တိုက်လေယာဉ်နှင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ပြီး နောက် ကျေးရွာအတွင်းသို့ ဝင်ရောက်ကာ ဘုန်းကြီးကျောင်းတွင် ခိုလှုံနေသည့် ကျေးရွာသား ၃ဝ ဦးနှင့် ဘုန်းကြီး ၃ ပါး တို့အား ခိုအောင်းရာနေရာမှ ထွက်စေခဲ့ပြီး ကျောင်းနံရံရှေ့တွင်ပင် ရက်စက်စွာ သတ်ဖြတ်ခဲ့သည်ဟု KNDF က ထုတ်ပြန်ထားသည်[၉၅]။ စစ်ကောင်စီတပ်များ ကျေးရွာအတွင်းသို့ ဝင်ရောက်စဉ် KNDF, PDF, KA တို့ မလှမ်းမကမ်းတွင် ကင်းထောက်တွေ့ရှိခဲ့သော်လည်း စစ်ကောင်စီတပ်ဘက်မှ အင်အားအများအပြားဖြင့် ဝင်ရောက်စီးနင်းမှုကြောင့် မိမိတို့ ဝင်ရောက်ကူညီနိုင်ခြင်းမရှိခဲ့ဘူးလို့လည်း ဆိုသည်။ မတ်လ ၁၂ ရက်နေ့ နေ့လည်အချိန်မှသာ ကျေးရွာအတွင်း ဝင်ရောက်နိုင်ခဲ့ပြီး ရဟန်းနှင့်ပြည်သူများ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရသည်ကို မှတ်တမ်းယူနိုင်ခဲ့သည်ဟုလည်း KNDF က ထုတ်ပြန်ထားသည်[၉၆]။

စစ်တပ်အာဏာသိမ်းပြီး ၂နှစ်တာကာလအတွင်းကရင်အမျိုးသားအစည်းအရုံး KNU အုပ်ချုပ်မှုနယ်မြေတွင်စစ်ကောင်စီတပ်တို့၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အရပ်သားပြည်သူ ၂ဝဝ ကျော် သေဆုံးပြီး၊ ၅ဝဝ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း KNU မှ ထုတ်ပြန်လိုက်သည့် အစီရင်ခံစာက ဖော်ပြထားသည်။ စစ်တပ်အာဏာသိမ်းသည့် ၂ဝ၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂ဝ၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း KNU အုပ်ချုပ်မှုနယ်မြေက လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေကို **“မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများကြောင့် ရှင်သန်မှု ပျောက်ဆုံးနေသော လူသားဘဝများ”** ဆိုသည့် အစီရင်ခံစာတစ်ရပ်ကို KNU ဗဟိုက မတ်လ ၂၇ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာတွင် စစ်တပ်အာဏာသိမ်းပြီးနောက် KNU လက်အောက်ခံတပ်နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပေါင်း ၇၅ဝဝ ကျော်ဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီတပ်ဘက်က လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှု အကြိမ်ပေါင်း ၁၅ဝဝ နီးပါးရှိခဲ့သည်ဟု ရေးသားထားသည်။ KNU နယ်မြေအတွင်း စစ်ကောင်စီတပ်၏ နည်းအမျိုးမျိုးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခဲ့ခြင်းများကြောင့် ကျေးရွာနေပြည်သူ ၂ဝဝ ကျော်သေဆုံးခဲ့ရပြီး၊ ပြည်သူ ၅ဝဝ နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်[၉၇]။

ဇွန်လ ၆ ရက်မှ ၈ ရက်။ စစ်ကောင်စီက မိုးဗြဲမြို့စေတီတော်အနီးမှာ ဒေသခံရွာသား ၁၄ ဦးကို အစုလိုက်အပြုံလိုက်ပစ်သတ်ခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုကြောင့် အခြားသောပြည်သူ ၁၂ ဦးလည်း သေဆုံးခဲ့ရတယ်လို့ ဒေါက်တာဆာဆာ ကပြောပါတယ်။ လူမျိုးတုံးအစုလိုက်အပြုံလိုက်သတ်ဖြတ်တဲ့စစ်ကောင်စီကလူသားမျိုးနွယ်အပေါ် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ခံရမှာဖြစ်ပြီး ကူညီပံ့ပိုးပေးသူတွေကိုလည်း ရာဇဝတ်မှုပိုပြီး ကျူးလွန်အောင် ကူညီခြင်းဖြစ်တာကြောင့် တာဝန်ခံရမှာဖြစ်တယ်လို့ ဒေါက်တာဆာဆာက ထုတ်ပြန်ချက်မှာ ထည့်ရေးထားပါတယ်[၉၈]။

**ဇွန်လ ၁၄ ရက်။** ရှမ်း–ကရင်နီနယ်စပ် မိုးဗြဲမြို့မှာ အရပ်သား ၂၆ ဦးကို စစ်ကောင်စီက သတ်ဖြတ်ခဲ့ပြီး လူမျိုးတုံးသတ်ဖြတ်မှုလုပ်ရပ်အဖြစ် ပြင်းပြင်းထန်ထန်ရှုတ်ချတယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဆာဆာက ဇွန်လ ၁၄ ရက်နေ့မှာ ရှုတ်ချကြောင်း ထုတ်ပြန်လိုက်ပါတယ်။

---

၉၅ https://burmese.monnews.org/၂ဝ၂၃/ဝ၃/၁၃/ပင်လောင်းတွင်–ဘုန်းကြီး/

၉၆ https://burmese.monnews.org/၂ဝ၂၃/ဝ၃/၁၃/ပင်လောင်းတွင်–ဘုန်းကြီး/

၉၇ https://burmese.monnews.org/၂ဝ၂၃/ဝ၃/၂၉/စစ်တပ်အာဏာသိမ်းပြီး–၂–နှ/

၉၈ https://www.kantarawaddytimes.org/မိုးဗြဲ–အရပ်သား–၂၆–ဦး–သေဆ/

## မြေမြှုပ်မိုင်းနှင့် လမ်းမိုင်းထိခိုက်မှု



ဒီမောဆိုမြို့အနီး ကားတစ်စီးမိုင်းနင်းမိပြီး လူ ၄ ဦးသေဆုံးခဲ့ (ဖေဖော်ဝါရီလ ၆ ရက် ၂၀၂၃) ဓာတ်ပုံ - ရွှေလှိုင်ကော်(ကယား)ပရဟိတအသင်း

**ဇန်နဝါရီလ၃၁ရက်။**မွန်ပြည်နယ်၊ရေးမြို့နယ်တွင်ယမန်နေ့ဇန်နဝါရီလ(၃၀)ရက်နေ့ကစစ်ကောင်စီတပ်များတပ်စွဲထားသည့် ကြိုးတံတားကျေးရွာချောင်းအနီး၌ ရေပိုက်ပြင်သည့်အဖိုးအိုတစ်ဦး မိုင်းနင်းမိ၍ ခြေထောက်ပြတ်သွားကြောင်း ဒေသတွင်း လူမှုကယ်ဆယ်ရေးအဖွဲ့ထံမှ သိရသည်။ စစ်ကောင်စီတပ်များနှင့် နယ်မြေခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တပ်ဖွဲ့များအကြား မကြာခဏတိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ကြိုးတံတားကျေးရွာထဲတွင် စစ်ကောင်စီတပ်များကဝင်ရောက်တပ်စွဲထားခြင်းဖြစ်ပြီးကျေးရွာချောင်းအနီး၌ရေပိုက်လိုက်လံပြုပြင်ပေးနေသည့်အသက်(၇၀)အရွယ်အဖိုးအိုတစ်ဦးသည် မိုင်းနင်းမိ၍ ခြေမျက်စိအထိ ပြတ်သွားသည်ဟု ဒေသအတွင်း လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ယခုလိုပြောသည်[၉၉]။

**ဖေဖေါ်ဝါရီလ (၇) ရက်။** ကယားပြည်နယ် ဒေသအခေါ် ကရင်နီဒေသ၊ ဒီးမော့ဆိုမြို့နယ် ဇရပ်ဖြူရွာနားတွင် အရပ်သားခရီးသည်များ တင်ဆောင်လာသည့်ကားတစီး မိုင်းနင်းမိပြီး ပေါက်ကွဲပျက်စီးမှုမှာ၊ လူလေးဦးသေဆုံးပြီး နှစ်ဦးပြင်းပြင်းထန်ထန်ဒဏ်ရာရရှိထားသည်ဟု ဒေသခံပရဟိတအသင်းက ပြောပါသည်။ ကယားပြည်နယ်အတွင်း အခုကဲ့သို့ မိုင်းနင်းမိပြီး ထိခိုက်သေဆုံးမှုများ မကြာခဏဖြစ်ပွားခြင်းကြောင်း အသွားအလာသတိထားကြရန် ပရဟိတအသင်းနဲ့ ကာကွယ်ရေးအဖွဲ့များမှ သတိပေးနေပါသည်[၁၀၀]။

**ဖေဖော်ဝါရီလ ၁၈ ရက်။** မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ ဘေးကလွဲကျေးရွာ ကြိုးတံတားချောင်းအနီးတွင် ဖေဖော်ဝါရီ ၁၇ ရက်နေ့ နံနက်ပိုင်းက အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသခံတို့ထံမှသိရသည်။ ယမန်နေ့ နံနက် ၉ နာရီခွဲအချိန်ခန့်က မော့ကနင်းကျေးရွာမှ အသက် ၅၉ နှစ်အရွယ် နိုင်ညွှန့်ဝေဆိုသူသည် ၎င်းပိုင်ဆိုင်သည့်ခြံကနေ ပစ္စည်းထွက်ဝယ်စဉ် မြေမြှုပ်မိုင်းနင်းမိခြင်းဖြစ်သည်[၁၀၁]။

[၉၉] https://kicnews.org/၂၀၂၃/၀၁/ကြိုးတံတားရွာချောင်း၌-မ/

[၁၀၀] https://burmese.voanews.com/a/civilian-bus-hit-by-landmine-at-demoso-kayah/၆၉၅၁၁၆၃.html

[၁၀၁] https://burmese.monnews.org/၂၀၂၃/၀၂/၁၈/လမိုင်းမြို့-အနီးတွင်-အမ/

**မတ်လ ၉ ရက် မွန်ပြည်နယ်။** ရေးမြို့နယ်အတွင်းရှိ ကြိုးတံတားကျေးရွာ တောင်ယာခြံမြေများထဲတွင် စစ်ကောင်စီတပ်က ဇန်နဝါရီလပိုင်းမှစ၍ မြေမြှုပ်မိုင်းများထောင်ထားလျက်ရှိနေသောကြောင့် တောင်ယာလုပ်ကိုင်သူများအနေဖြင့် လုပ်ကိုင်စားသောက်ရန် အခက်တွေ့နေကြရကြောင်း ဒေသခံရွာသားများထံမှ သိရသည်[၁၀၂]။ ကြိုးတံတားကျေးရွာနှင့်နီးစပ်သည့် မော့ကနင်ကျေးရွာတွင် စစ်ကောင်စီတပ်၏ ခြေမြန်တပ်ရင်း (ခမရ-၁၀၆) နှင့် အမြောက်တပ်များရှိပြီး စစ်ကောင်စီတပ်များက ၎င်းကြိုးတံတားကျေးရွာထဲရှိ တောင်ယာခြံမြေများထဲတွင် မြေမြှုပ်မိုင်းများထောင်ထားသောကြောင့် တောင်ယာလုပ်ကိုင်သူများအနေဖြင့် တောင်ယာခင်းထဲသို့ သွားရောက်လုပ်ကိုင်ရန် ခက်ခဲမှုများရှိနေသည်ဟု ဒေသခံရွာသားတစ်ဦးက ယခုလို ပြောသည်[၁၀၃]။

**ဧပြီလ ၁၂ရက်။** ကရင်ပြည်နယ်၊ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းရော်ဒေသတွင် ယမန်နေ့ ဧပြီလ ၁၂ရက်နေ့က တောင်စွန်း စစ်ကောင်စီတပ်နှင့် အနန်းကွင်းစစ်ဗျူဟာစခန်းတို့ ထောင်ထားသည့်မိုင်း နင်းမိသည့် ဘုန်းကြီးတစ်ပါးနှင့် အရပ်သားတစ်ဦး ခြေတစ်ဖက်စီ ဖြတ်ထုတ်လိုက်ရသည်ဟု ဒေသခံများကပြောသည်။ အနန်းကွင်းရွာ အထက်တန်းစာသင်ကျောင်းဝင်းတွင်း စစ်တပ်ထောင်ထားသည့် မိုင်းအား ဝင်းရော်ဒေသခံ စောဒါးပို (အမည်လွှဲ) ကနင်းမိ၍ ၎င်း၏ ညာခြေတစ်ဖက်ထိမှန်ခဲ့ပြီး အလားတူ တောင်စွန်းရွာဘုန်းကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ဦးဇင်းအရှင်ဆန္ဒနက ဘုရားသာသနာ့ ဝေယျာဝစ္စအား တက်ရောက်ရှင်းလင်းရင်း စစ်ကောင်စီတပ်၏ မိုင်းနင်းမိ၍ ဘယ်ခြေတစ်ဖက် ပြတ်ထွက်သွားသည်ဟု ဒေသခံများထံမှ သိရသည်[၁၀၄]။

**မေလ (၃၀) ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်၊ ကမ်းနီးကျေးရွာတွင် မြေမြှုပ်မိုင်းနင်းမိပြီး အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံတို့ထံမှ သိရသည်။ မေလ ၂၉ ရက်နေ့ ည ၉ နာရီအချိန်ခန့်က သိမ်ဇရပ်မြို့နေ အသက် ၂၈ နှစ်အရွယ် ကိုချမ်းမြေ့အောင်သည် ဆိုင်ကယ်ဖြင့်နေအိမ်မှ ကမ်းနီးကျေးရွာသို့ ဒညင်းသီးခူးရန်အသွား ကမ်းနီးကျေးရွာအဝင် လမ်းဆုံတွင် မြေမြှုပ်မိုင်း နင်းမိခြင်းဖြစ်သည်[၁၀၅]။

**ဇွန်လ ၁၃ ရက်။** ကရင်အမျိုးသားအစည်းအရုံး၊ ဖားအံခရိုင်၊ နဘူးမြို့နယ်၊ ရန်ကုတ်ကျေးရွာအုပ်စု ဇော်ဟဲကျေးရွာတွင် နေထိုင်သူ အသက် (၄၀) နှစ်အရွယ်ရှိ စောကျော်ဒါးဘိုဆိုသူသည် ဇွန်လ ၁၃ ရက်နေ့ ညနေပိုင်း (၃) နာရီကျော် အချိန်တွင် ကော့ကရိတ်-မြဝတီလမ်းဟောင်း ဒေါင်းကျယ်စေတီဘေးရှိ ဝါကလုကျိုးနေရာတွင် မိုင်းနင်းမိပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း နီးစပ်သည့်ဒေသခံများအထံမှ သိရသည်[၁၀၆]။

**ဇွန်လ (၁၄) ရက်။** ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါညေးခူကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သည် ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး လက်ရှိတိုက်ပွဲဖြစ်နေတဲ့ ဖားဆောင်းမြို့နယ် သံလွင်မြစ်အရှေ့ဘက်ကမ်းကို စစ်ကူသွားကြတာဖြစ်နိုင်သည်ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ်၏ သတင်းနှင့်ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးမှ ပြောပါသည်။ စစ်ကောင်စီတပ် ပြန်လည်ဆုတ်ခွာသွားပြီးအချိန်တွင် ကျေးရွာများ၏ လမ်းဆုံ၊ လမ်းထောင့်များနှင့် ကျေးရွာပတ်ပတ်လည်မှာ မိုင်းများ ထောင်ထားခဲ့သည်ဟုဆိုသည်[၁၀၇]။

**ဇွန်လ (၁၈) ရက်။** မြဝတီမြို့တောင်ဘက်၊ ဖလူး – ဝေါလေလမ်းပိုင်းရှိ လေးကေကော်မြို့သစ်နှင့် သေ့ဘောဘိုးကျေးရွာဘက်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–KNLA ပူးပေါင်းတပ်များအကြား တိုက်ပွဲတစ်နှစ်ကျော်အကြာဖြစ်ပွားထားသည့်နေရာများတွင်မိုင်းနှင့်ကြွင်းကျန်စစ်လက်နက်ပစ္စည်းများအန္တရာယ်ရှိနေကြောင်း

---

[၁၀၂] https://kicnews.org/2023/03/စစ်ကောင်စီတပ်၏-မိုင်းထေ/

[၁၀၃] https://kicnews.org/2023/03/စစ်ကောင်စီတပ်၏-မိုင်းထေ/

[၁၀၄] https://kicnews.org/2023/04/စစ်ကောင်စီတပ်၏မိုင်း-နင/

[၁၀၅] https://burmese.monnews.org/2023/05/30/သိမ်ဇရပ်တွင်-မြေမြှုပ်မ/

[၁၀၆] https://kicnews.org/2023/06/နဘူးဒေသခံတစ်ဦး-မိုင်းနင/

[၁၀၇] https://www.kantarawaddytimes.org/တပ်ဆုတ်လိုက်တဲ့-စစ်ကောင/

လေးကေကော် စစ်ဘေးရှောင် ဒေသခံတစ်ဦးမှ ပြောသည်။ အဆိုပါဒေသတွင် နှစ်ဖက်တိုက်ပွဲများ ငြိမ်သက်သွားသည့်အတွက် လေးကေကော်နှင့် သေ့ဘောဘိုးနေရာများတွင် နေရပ်ပြန်သူတချို့ရှိပြီး ရပ်ကွက်နေအိမ်များ၏ခြံဝန်းများတွင် မပေါက်ကွဲသေးသော လက်နက်ကြီးကျည်များနှင့် စစ်ကောင်စီဘက် ထောင်ထားသောမိုင်းများ ကျန်ရှိနေသေးကြောင်း လေးကေကော် ဒေသခံတစ်ဦးက ပြောသည်[၁၀၈]။

**ဇွန်လ (၁၀) ရက်။** မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ ဘေးကလွဲရွာအနီး ကြိုးတံတားချောင်းဘေးတွင် ဇွန်လ ၅ ရက် ဒေသခံအမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံများထံမှသိရသည်။ ယမန်နေ့ နံနက် ၁ဂ နာရီ ၄၅ မိနစ်အချိန်ခန့်က မော့ကနင်းကျေးရွာမှ အသက် ၂၄ နှစ်အရွယ် မင်းချမ်းမွန်နှင့် ဇနီးဖြစ်သူတို့ ခြံသွားရင်း ကြိုးတံတားချောင်းအနီးရှိ ခြံဝင်းတစ်ခုအတွင်း မြေမြှုပ်မိုင်းနင်းမိခြင်းဖြစ်သည်။ မြေမြှုပ်မိုင်းနင်းမိ ပေါက်ကွဲမှုကြောင့် မင်းချမ်းမွန်ခြေထောက်နှစ်ဖက်တွင် မိုင်းစထိမှန်ဒဏ်ရာရရှိပြီး အမျိုးသမီးဖြစ်သူမှာ ထိခိုက်ဒဏ်ရာမရရှိကြောင်း ဒေသခံတို့ထံမှ သိရသည်[၁၀၉]။

## အဓမ္မပြုကျင့်မှု

ဗမာ/မြန်မာစစ်တပ်သည် ၎င်းတို့ စစ်ဆင်ရေးပြုလုပ်သည့်အခါတိုင်း ရောက်ရှိသည့်ဒေသများတွင် အမျိုးသမီးတို့အား အဓမ္မပြုကျင့်တတ်သည်။ ပြီးခဲ့သည့် တိုင်းရင်းသားအမျိုးသမီးအဖွဲ့တို့၏ အစီရင်ခံစာများအရ ဗမာ/မြန်မာစစ်တပ်များသည် အမျိုးသမီးများအပေါ် လက်နက်သဖွယ်အသုံးပြုပြီး ၎င်းတို့အား အဓမ္မပြုကျင့်ကာ တဖက်ရှိ တော်လှန်ရေးအင်အားစုများအပေါ် စိတ်ဓာတ်ရေးရာအရ အနိုင်ယူတတ်သည်။ သို့ရာတွင် လက်ရှိနွေဦးတော်လှန်ရေးကာလတွင် ဗမာ/မြန်မာစစ်တပ်မှာ ကုန်းကြောင်းဖြင့်မလှုပ်ရှားနိုင်သည့်အတွက် အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုမှာ ယခင်အခြေအနေနှင့်နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရပေသည်။




မိုးမောက်မြို့နယ် နွမ်းလန့် (Numlang) ကျေးရွာမှ အသက် ၅၁ နှစ်အရွယ်အမျိုးသမီးတစ်ဦးကို စစ်ကောင်စီ တပ်ဖွဲ့များက အဓမ္မပြုကျင့်သတ်ဖြတ်မှု ယမန်နေ့က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

[၁၀၈] https://kicnews.org/၂၀၂၃/၀၆/လေးကေကော်နှင့်-သေ့ဘောဘိ/

[၁၀၉] https://kicnews.org/၂၀၂၃/၀၆/လေးကေကော်နှင့်-သေ့ဘောဘိ/

**ဇွန်လ ၉ ရက်။** ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့တွင်းရပ်ကွက်တခုတွင် ပိတ်မိနေသည့် အမျိုးသမီးငယ် (၂) ဦးသည် စစ်ကောင်စီတပ်သားများ၏ အဓမ္မပြုကျင့်ခံရပြီး ဖခင်နှင့်အတူ သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများကို တွေ့ရှိခဲ့သည်ဟု မိုးဗြဲဒေသခံများက ပြောပါသည်။

> **"ကျနော်တို့ကြားတာလည်း အဲအတိုင်းပဲပဲဟုတ်တယ်။ အမျိုးသမီး ၂ ဦးကို Rape (အဓမ္မပြုကျင့်) လုပ်ပြီးတော့ အသတ်ခံရတယ်။ ပြီးတော့ သူ့အဖေပါပါ အသတ်ခံရတယ်။ ဒီတိုင်းပုံကြည့်တာနဲ့ကို သိသာပါတယ်။ တကယ်လို့ လက်နက်မတော်တဆ ပစ်တယ်ဆိုရင် အဲလိုပုံစံမျိုးမဟုတ်ဘူးလေ။ သူတို့က တကယ်ကို ဖမ်းဆီးထားပြီးတော့ နှိပ်စက်ထားပြီးတော့မှ Rape လုပ်ပြီးမှ နောက်မှစစ်ဆေးမေးမြန်းပြီးတော့ သတ်တဲ့သဘောပေါ့။ အနီးကပ်ပစ်ခတ်တဲ့သဘောပါ။"လို့ မိုးဗြဲဒေသခံတစ်ဦးဆီက ပြောပါတယ်။**

ဒီရက်ပိုင်းအတွင်းတွင် မိုးဗြဲမြို့ကို အင်အားအလုံးအရင်းဖြင့်စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဒေသခံများမှာတိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေသူတွေ ရှိသကဲ့သို့၊ နေအိမ်နှင့်ဘုန်းကြီးကျောင်းများတွင် ပိတ်မိနေသူများရှိသည်။

## အမျိုးသမီးများနှင့်ကလေးများ အခြေအနေ

ယနေ့ နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားနေသည့် စစ်မြေပြင်တွင် စစ်ကောင်စီ၏စစ်တပ်သည် မည်သည့် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေတို့အား လေးစားလိုက်နာမှုမပြုပဲ ပြည်သူလူထုတို့အား ပစ်မှတ်ထား တိုက်ခိုက်သည်။ ထိုသို့ ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အပြစ်မဲ့သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များလည်း အသက်ဆုံးရှုံးကြရသည်။

**မတ်လ ၈ ရက်။** ကေအဲန်ယူ၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကော့လှိုင်းကျေးနယ်၊ ကျုံမိန်ကျေးရွာအတွင်းသို့ မတ်လ (၈) ရက် နံနက် (၇) နာရီအချိန်တွင် စစ်ကောင်စီတပ် ခြေလျင်တပ်ရင်း ခလရ–၂၄ ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ကလေးငယ် ၂ ဦးသေဆုံးပြီး အခြားအရပ်သား ၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ကေအဲန်ယူ ဒူးသထူ (သထုံ) ခရိုင်က ယမန်နေ့ မတ်လ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

**မတ်လ ၃၁ ရက်။** ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သပြေညွှန့်ကျေးရွာတွင် စစ်ကောင်စီမှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်စထိမှန်၍ လူငယ်တစ်ဦးသေဆုံးခဲ့သည်။ သပြေညွှန့်ကျေးရွာတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ကပြီးခဲ့သည့် မတ်လ ၂၉ ရက်နေ့တွင် ကျေးရွာထဲသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်စဉ် အသက် (၁၅) နှစ်အရွယ် လူငယ်မှာ ကျည်စထိမှန်၍ သေဆုံးခဲ့ပြီး မတ်လ (၃၀) ရက်နေ့တွင် အသက် (၁၃) နှစ်အရွယ်ရှိ ဒေသခံတစ်ဦးလည်း ရွာအပြင်တွင် ထောင်ထားသောမိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်[၁၁၀]။

**မတ်လ ၂၆ ရက်။** ကရင်ပြည်နယ်၊ မြဝတီ၊ ကော့ကရိတ်၊ ကျုံဒိုးဒေသအတွင်း ယမန်နေ့က စတင်ဖြစ်ပွားနေသည့် နှစ်ဖက် တိုက်ပွဲဖြစ်ပွားနေမှုမှာ ယနေ့မတ်လ ၂၆ ရက်၊ နံနက် ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့ဘက်တွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်ဖြစ်နေသည်ဟု သိရသည်။

> **"တိုက်ပွဲက မနက်ပိုင်း ကော့ကရိတ်အာရှလမ်းနားက ချောင်းသောင်ရေကူးကန်လမ်း စစ်ကတုတ်ကို ဝင်ပစ်တယ်။ ခနိမ်းမှူးဘက်၊ တံတန်ကူးဘက်တွေကနေပါ ကရင်အဖွဲ့တွေ မြို့ထဲကိုဝင်တော့ ၉၇ တပ်က အလုံးကြီးပစ်ထုတ်တယ်။ ရဟတ်ယာဉ်တစ်စီးက စက်သေနတ်တွေ ရှော့ကက်တွေနဲ့ပစ်တာမှာ ချောင်းသောင်ဘက်မှာ သက်ကြီးအဖွားတစ်ယောက်ထိတယ်။ ကလေးတစ်ယောက်ထိတယ်။ အိမ်တွေပျက်တယ်။ မနေ့ကညနေပိုင်းမှာ ကျုံဒိုး**

[၁၁၀] https://kicnews.org/၂၀၂၃/၀၃/သံတောင်ကြီးတွင်-စစ်ကောင/

**တောင်ကရင်စုဘက် စစ်တပ်ပစ်တဲ့ လက်နက်ကြီးကျတာကနေ အိမ်တွေမီးလောင်တယ်။ ကျွဲနွား၊ ဆိတ်တွေ လေယာဉ်ပစ်တာကြောင့်သေတယ်။အရပ်သား၂ဦးသေ၊၃ဦးဒဏ်ရာရတာရှိတယ်၊အခုမနက်လည်းကျုံဒိုးမှာဆက် ပစ်နေတော့ ရပ်ကွက်ထဲကလူတွေ ဘယ်ထွက်ရှောင်ရမှန်းမသိဘဲ ပိတ်မိနေတယ်" ဟု ဒေသခံသတင်းရင်းမြစ်က ပြောသည်[၁၁၁]။**

**ဧပြီလ ၃ ရက်။** ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ မနီကုန်း (ရိုမဟာတစ်) ရွာတွင် ယနေ့ဧပြီလ ၃ ရက် နံနက် ၈ နာရီဝန်းကျင်တွင် စစ်ကားပေါ်ရှိ စစ်ကောင်စီတပ်များ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် အသက် ၁၂ အရွယ် စတုတ္ထ တန်းကျောင်းသား မောင်ဝေသာလီထွန်း ပေါင်ရင်းကိုကျည်ထိမှန်ခဲ့ပြီး ဆေးရုံသွားသည့်လမ်းတွင် အသက်သေဆုံး သွားခဲ့သည်[၁၁၂]။

**ဧပြီလ ၁၉ ရက်။** စစ်ကောင်စီ အာဏာသိမ်းယူထားသည့် ကာလအတွင်း ပဋိပက္ခများကြောင့် ကရင်တိုင်းရင်းသားဒေသ များတွင် ထိခိုက်သေဆုံးခဲ့ရသော ကလေးသူငယ်ဦးရေ ၄၀ ကျော်ရှိသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ မှတ်တမ်းတင် ပြုစုထားသည့်စာရင်းများအရ သိရသည်။ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေတွင် စစ် ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၈ နှစ်အောက် ကလေး ၂၅ ဦးသေဆုံးခဲ့ပြီး ၁၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း KHRG ပြောခွင့်ရသူ စောနန္ဒဆူးက ပြောသည်[၁၁၃]။

စစ်အာဏာသိမ်းချိန် ၂၀၂၁၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဧပြီ ၂၈ ရက်ထိ စစ်ကောင်စီတပ် သတ်ဖြတ်ခဲ့သည့် အမျိုးသမီး ၅၁၃ ဦးရှိပြီး ဖမ်းဆီးထိန်းသိမ်းခံရသည့်အမျိုးသမီးပေါင်း ၃၃၉၀ ဦး၊ ပြစ်ဒဏ်ချမှတ်ခံရသည့်အမျိုးသမီးပေါင်း ၈၁၉ ဦး ရှိသည်ဟုလည်း မြန်မာအမျိုးသမီးသမဂ္ဂ BWU က ထုတ်ပြန်ထားသည်။

**မေလ ၄ ရက်။** ပြီးခဲ့သည့် ဧပြီ ၁ ရက်နေ့မှ ၂၈ ရက်နေ့ထိ တလနီးပါးအတွင်း မြန်မာနိုင်ငံတဝှမ်းက အမျိုးသမီး ၅၅ ဦး ကို စစ်ကောင်စီက သတ်ဖြတ်ခဲ့သည့်အပြင် အမျိုးသမီး ၄၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မြန်မာအမျိုးသမီးသမဂ္ဂ (Burmese Women's Union) က ထုတ်ပြန်ချက်အရ သိရသည်။ စစ်ကောင်စီသတ်ဖြတ်ခဲ့သည့် အမျိုးသမီး ၅၅ ဦးထဲတွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာမှ ဧပြီ ၁၁ ရက်နေ့က စစ်ကောင်စီလေကြောင်း ဗုံးကြဲ တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီး ၄၅ ဦး ပါဝင်သည်ဟုဆိုသည်။ ဖမ်းဆီးခံရသူများထဲတွင် ရန်ကုန်တိုင်းက အများဆုံးဖြစ်ပြီး မန္တလေး၊ မကွေး၊ ဧရာဝတီ၊ စစ်ကိုင်၊ ပဲခူးတိုင်းနှင့် မွန်၊ ကရင်၊ ရှမ်း၊ ကချင်ပြည်နယ် တို့မှလည်း ဖမ်းဆီးခံရသူရှိသည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်[၁၁၄]။

**မေလ ၄ ရက်။** စစ်တပ်အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက် မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေထဲတွင် သေဆုံး ရသည့် အမျိုးသမီးဦးရေ ၇၇ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၉၅ ဦးရှိသည်ဟု ကရင်အမျိုးသမီးအစည်းအရုံး Karen Women Organization-KWO ပြုစုထားသည့် စာရင်းအရသိရသည်။ အဆိုပါ ထိခိုက်၊ သေဆုံးခဲ့ရသည့် အမျိုးသမီး စုစုပေါင်း ၂၇၂ ဦးထဲတွင် အသက် ၁၈ နှစ်အောက် မိန်းကလေးငယ် ၂၇ ဦးပါဝင်ကြောင်း KWO ၏ စာရင်းတွင် ဖော်ပြ ထားသည်[၁၁၅]။

---

[၁၁၁] https://kicnews.org/၂၀၂၃/၀၃/ကော့ကရိတ်၊-ကျုံဒိုးဒေသ-မ/

[၁၁၂] https://kicnews.org/၂၀၂၃/၀၄/စစ်ကောင်စီတပ်-ရမ်းသမ်းပ/

[၁၁၃] https://kicnews.org/၂၀၂၃/၀၄/ကရင်ဒေသတွင်-အာဏာသိမ်းကာ/

[၁၁၄] https://burmese.monnews.org/၂၀၂၃/၀၅/၀၄/တလနီးပါးအတွင်း-အမျိုးသမ/

[၁၁၅] https://kicnews.org/၂၀၂၃/၀၅/စစ်အာဏာသိမ်းပြီး-၂-နှစ်က/

# အခန်း (၅)
# ပဋိပက္ခ၏ ဆိုးကျိုးများ

## (က) ပြည်သူလူထု၏ အိုးအိမ်မဲ့အခြေအနေ

### ကရင်ပြည်နယ်

စစ်ကောင်စီက အာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ လက်ရှိ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ကော်သူးလေ၊ ကရင်ဒေသများရှိ စစ်ဘေးရှောင်ဦးရေမှာ (၅) သိန်းကျော်အထိ ရှိလာပြီး ၎င်းတို့အတွက် အရေးပေါ်အကူအညီများပေးရန် လိုအပ်နေသည်ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) က ဖေဖော်ဝါရီလ ၂၇ ရက်၊ ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီသည် လက်နက်ကြီးသာမက လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများပါ လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ စစ်ဘေးရှောင်ဦးရေ တိုးမြင့်လာရခြင်းဖြစ်ပြီး အခြေခံစားသောက်ကုန်များအပြင် အမိုးအကာများ၊ ဆေးဝါးများ၊ ကျောင်းသုံးထောက်ပံ့မှုများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ကူညီထောက်ပံ့ပေးမှုများ အရေးပေါ်လိုအပ်ကြောင်း KPSN ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၁၁၆]။

၎င်းအပြင် KPSN ၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ စာရင်းပြုစုချက်နှင့်နှိုင်းယှဉ်ပါက ကရင်စစ်ဘေးရှောင်ဦးရေ ၁ သိန်း၊ ၈ သောင်းကျော် တိုးမြင့်လာခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သထုံခရိုင်အတွင်းရှိ စစ်ဘေးရှောင်သူ လူဦးရေမှာပိုမိုများပြားကြောင်း၊ လူတစ်ဦးလျှင် ခြောက်လစာဆန်နှင့် လာမည့်တစ်နှစ်စာအတွက် ခန့်မှန်းကုန်ကျငွေ အနည်းဆုံး အမေရိကန်ဒေါ်လာ ၃၆ သန်း အရေးပေါ်လိုအပ်လျက်ရှိကြောင်း ၎င်းထုတ်ပြန်ချက်တွင်ပါရှိသည်။

**ဇန်နဝါရီလ ၆ရက်။** ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင်၊ တပ်မဟာ (၆) နယ်မြေတွင် ယခုလ ရက်သတ္တပတ်အတွင်းထွက်ပြေးတိမ်းရှောင်ကြသည့် ဒေသခံစစ်ရှောင်ပြည်သူ တစ်သောင်းကျော် ထပ်တိုးလာသည်ဟု စစ်ရှောင်ကူညီ



**မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်က ကျေးရွာတွေမှာ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် စစ်ကောင်စီတပ်တွေ စစ်ကြောင်းထိုးတာကြောင့် ဒေသခံတွေ ထွက်ပြေးတိမ်းရှောင်နေကြစဉ်။**

[၁၁၆] https://kicnews.org/၂၀၂၃/၀၂/စစ်ကောင်စီသည်-အရပ်သားပြ/

ရေး လုပ်ဆောင်နေသူများက ပြောသည်။

စစ်ရှောင်ပြည်သူများအား ကူညီထောက်ပံ့မှုပေးနေသည့် ပြည်တွင်းနေရပ်စွန့်ခွာရသူ ကရင်ပြည်သူများဆိုင်ရာကော်မတီ – CIDKP အဖွဲ့ဒုတာဝန်ခံ စောခဲလေက "ရွာထဲမှာဗုံးကြဲတယ်၊ လက်နက်ကြီးတွေ ပစ်တာတွေရှိတယ်။ မနေ့ကလည်း လေယာဉ်နဲ့ ဗုံးလာကြဲသွားတာတွေလည်းရှိတယ်။ သဘောက အရင်က တိုက်ပွဲမဖြစ်တဲ့နေရာတွေတောင် ဖြစ်လာတဲ့ အခြေအနေမှာရှိတာပေါ့နော်။ အဲဒီတော့ စစ်ရှောင်တွေရဲ့ဦးရေက ကျနော်တို့အတိကျမသိဘူး။ ဒါပေမယ့် ကျနော်တို့ခန့်မှန်းတာ အနည်းဆုံး သောင်းဂဏန်း အထက်မှာတော့ရှိတယ်" ဟု ကေအိုင်စီသို့ ပြောသည်[၁၁၇]။

**ဇန်နဝါရီ ၁၆ ရက်။** ဗမာစစ်တပ်နှင့် KNLA/ PDF ပူးပေါင်းတပ်ဖွဲ့တို့အကြား ကြာအင်းဆိပ်ကြီးမြို့နယ် ဇမိမြစ်၊ အရှေ့ဘက်ကမ်းတွင် တိုက်ပွဲဖြစ်ပွားရာ ပြည်သူလူထု (၁၀၀၀) ကျော် ထွက်ပြေးရသည်။ အချို့ပြည်သူများသည် စစ်ဘေးကင်းလွတ်ရာ မွန်ရွာများအတွင်းသို့ ထွက်ပြေးသွားသူများလည်း ရှိသည်[၁၁၈]။

**ဇန်နဝါရီ ၂၆ ရက်။** ကရင်ပြည်နယ်၊ ကျုံဒိုးမြို့နယ်၊ ကမ်းနီကျေးရွာဘက်တွင်ဖြစ်ပွားနေသည့် တိုက်ပွဲများအပြင် ဒလံဟုစွပ်စွဲခံရသော အုပ်ချုပ်မှုးအိမ်တို့ကို ကရင်ပူးပေါင်းတပ်ဖွဲ့ မီးရှို့ရာမှ မီးကူးစက်ခြင်းတို့ကြောင့် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရသည်ဟု ဒေသခံတို့ထံမှ သိရသည်။ ကမ်းနီကျေးရွာတွင် ဇန်နဝါရီ ၂၃ ရက်နေ့ကစပြီး စစ်ကောင်စီတပ်နှင့် ကရင်ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်နေ့အထိ တိုက်ပွဲဆက်ဖြစ်နေသည်ဟု ဒေသခံတို့က ပြောသည်။ တိုက်ပွဲကြောင့် ကမ်းနီကျေးရွာနှင့် အနီးနားက သရက်တော၊ တံတားဦး၊ ကော့ကျိုက်၊ မိဂလုံ၊ ကော့ကာ၊ ညောင်ရိပ်သာ၊ ကော့ခိုက် အစရှိသည့် ကျေးရွာ ၉ ရွာထက်မနည်းမှ ဒေသခံတွေ ရွာလုံးကျွတ် ထွက်ပြေးနေကြရသည်။

> **"တိုက်ပွဲဖြစ်နေတာ ဒီနေ့ဆို ၄ ရက်ရှိပြီး၊ ပြောင်းရွှေ့နေရတာက ကမ်းနီရွာတစ်ရွာမှာ လူ ၄၀၀၀ လောက်ရှိတယ်။ ပြီးတော့ သရက်တော၊ တံတားဦး၊ သာယာဝတီ၊ ကော့ကျိုက်၊ မိဂလုံ၊ ကော့ကာ၊ ညောင်ရိပ်သာ၊ ကော့ခိုက်၊ ကော့လယာ အဲဒီရွာတွေလည်း ပြောင်းရွှေ့နေရတယ်" ဟု ထွက်ပြေး တိမ်းရှောင်နေရသူတွေကို ကူညီပေးနေသည့် ဒေသခံတစ်ဦးက ပြောသည်။"**

**ဖေဖော်ဝါရီလ ၈ ရက်။** စစ်ကောင်စီက ကရင်ပြည်နယ်ရှိ ၎င်းတို့၏ အခိုင်အမာခြေကုပ်စခန်းတစ်ခု ပိတ်ဆို့တိုက်ခိုက်ခံနေရ၍ လေကြောင်းမှ ဗုံးကြဲသည့်နည်းဖြင့် တုံ့ပြန်နေရာ မြဝတီမြို့နယ် ဝေါလေမြို့တောင်ပိုင်းကျေးရွာ ၁၃ ရွာမှ ဒေသခံများ ထိုင်းနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ ထီးကပလယ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ကရင်အမျိုးသားကာကွယ်ရေးတပ် (KNDO)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) တို့နှင့်အတူ ကော်သူးလေတပ်မတော် (KTLA) တို့က စတင်တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၀ မှစ၍ လေတပ်က ကျေးရွာများကို ဗုံးကြဲခဲ့သလို ဝေါလေဗျူဟာကုန်းပေါ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်နေ၍ ထိုနေ့ကတည်းက ထီးကပလယ်၊ ပန္တဲ့ဖိုးကလိုး၊ ထီးသဲလယ်၊ ဥကရစ်ခီး၊ မော်ခီး၊ ဘလာတို အပါအဝင် ကျေးရွာ ၁၃ ရွာ မှ ဒေသခံ အရပ်သား ၃၆၀၀ ခန့် ထိုင်း–မြန်မာနယ်စပ် သောင်ရင်းမြစ်ကမ်းဘေးသို့ ထွက်ပြေးခိုလှုံနေရသည်ဟု သိရသည်[၁၁၉]။

**ဖေဖော်ဝါရီလ ၁၂ ရက်။** ထိုင်း–မြန်မာနယ်စပ်ရှိဘုရားသုံးဆူဒေသတွင် စစ်ကောင်စီစစ်တပ်မှ စစ်ကူနှင့် လက်နက်ခဲယမ်းဖြည့်တင်းကာ စစ်ဆေးတင်းကြပ်မှုများ ပိုမိုလုပ်ဆောင်နေမှုအခြေအနေများကြောင့် ထိုင်းဘက်အခြမ်းတွင် တိမ်းရှောင်နေကြရသော စစ်ရှောင်ဒေသခံများ နေထိုင်နေကြရဆဲဖြစ်ကြောင်း သိရှိရသည်။

> **"မြို့ပေါ်မှာက ခဏခဏဗုံးပေါက်၊ မိုင်းပေါက်တာတွေ ခဏခဏဖြစ်နေတာရယ်၊ စစ်တပ်က လက်နက်ကြီးပစ်ထုတ်တာရယ်၊ သေနတ်ရမ်းပစ်တာရယ်ကြောင့် ကိုယ်အိမ်ကိုယ်ပြန်မနေရဲသေးဘူး။ ရပ်ကွက်ထဲ ကျန်နေသူ ရပ်ကွက်**

[၁၁၇] https://kicnews.org/၂၀၂၃/၀၁/knu-တပ်မဟာ၆နယ်မြေတွင်-တစ်ပ/

[၁၁၈] Human Rights Foundation of Monland (HURFOM), January 18, 2023, https://rehmonnya.org/archives/7880

[၁၁၉] https://myanmar-now.org/mm/news/14023/

> **သားတွေ ဆက်သွယ်မေးကြည့်တော့ စစ်တပ်က စစ်ကြောင်းပတ်ပြီး ရပ်ကွက်ကအိမ်တွေ ဝင်စစ်တယ်၊ ဖုန်းတွေ စစ်တယ်၊ သူတို့ ဥဒေါင်းကန်ဘက်၊ ရုံးကုန်းဘက်၊ အမှတ်၃ ရပ်ကွက်ဘက်က လမ်းတွေကို စစ်ဆေးရေးဂိတ်တွေ ချထားပြီးပိတ်တယ်။ ဖြတ်သွားဖို့ မရဲကြဘူး" ဟု ထိုင်းနိုင်ငံဘက်ခြမ်းသို့ စစ်ဘေးရှောင် ပြောင်းရွှေ့နေထိုင်သူက ပြောသည်[၁၂၀]။**

**မတ်လ ၂၅ ရက်။** မြဝတီကုန်သွယ်ရေးဇုန်၊ ၂၇၅ တပ်၊ သဃ်န်းညီနောင်ရဲစခန်းနေရာများအား ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်များ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်အပြီး စစ်ကောင်စီတပ်များ ဘက်မှ KNLA ပူးပေါင်းတပ်များစစ်ရေးလှုပ်ရှားနေရာများဟု သတ်မှတ်ကာ မဲကနယ်ကျေးနယ်အတွင်းရှိ ကျေးရွာများ ဘက် လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်နေသည့်အတွက် ဒေသတွင်းနေထိုင်သူများ ၃,၀၀၀ (သုံးထောင်) ကျော်ခန့် လက်နက်ကြီးပစ်ခတ်မှု လွတ်ရာနေရာများသို့ ရှောင်တိမ်းနေထိုင်နေကြရကြောင်း မဲကနယ်ကျေးရွာသား စစ်ဘေး ရှောင်နေရသူက ယခုလို ပြောသည်[၁၂၁]။

**မတ်လ (၂၉) ရက်။** ကရင်ပြည်နယ်၊ ကျုံဒိုးမြို့တွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲအတွင်း နေအိမ် ၃၀ ကျော် မီးလောင်ပျက် ဆီးပြီး ပစ္စည်းအများအပြားလည်း မီးလောင်ဆုံးရှုံးမှုရှိခဲ့ကြောင်း ဒေသခံတို့ထံမှသိရသည်။ ကျုံဒိုးမြို့တွင် ပြီးခဲ့သည့် မတ်လ ၂၅ ရက် နံနက်ပိုင်းကစပြီး စစ်ကောင်စီတပ်၊ ကရင်နယ်ခြားစောင့်တပ် BGF ပူးပေါင်းအဖွဲ့နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA, PDF ပူးပေါင်းတပ်ဖွဲ့တို့အကြား မတ်လ ၂၆ ရက်နေ့အထိ တိုက်ပွဲဖြစ်ပွားခဲ့ကြ သည်။

> **မြို့ခံတစ်ဦးက "အိမ်တွေက ရဟတ်ယာဉ်နဲ့ပစ်လို့ ပျက်ဆီးတာတွေရော၊ လက်နက်ကြီးကျည်တွေကျလို့ ပျက်ဆီး တာတွေရော၊ မီးလောင်ပျက်ဆီးတာတွေရော အားလုံး ၃၃ လုံးလောက်ရှိတယ်။ မီးလောင်တဲ့အိမ်တွေဆို အိမ်ထဲ မှာရှိတဲ့ ပစ္စည်းတွေပါ မီးလောင်ဆုံးရှုံးကုန်တယ်။ နောက် ကား ၄ စီးနဲ့ ဆိုင်ကယ် ၃ စီး မီးလောင်ပျက်ဆီးခဲ့တယ်။ တခြားထိခိုက်ပျက်ဆီးမှုတွေလည်း အများကြီးရှိတယ်"ဟု ပြောသည်။**

၎င်းအပြင် တိုက်ပွဲဖြစ်စဉ်အတွင်း ဒေသခံအရပ်သား ၄ ဦး သေဆုံးပြီး၊ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြို့ခံတို့ထံမှ သိရသည်။ တိုက်ပွဲကြောင့် ကျုံဒိုးမြို့ခံပြည်သူများနှင့် ကျုံဒိုးမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ ထောင် နှင့်ချီ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးသူများလည်းရှိသည်ဟု ဆိုသည်[၁၂၂]။

ဧပြီလ ၁ ရက်။ မြဝတီမြို့ပြင်၊ မဲကနယ်ကျေးနယ်အပိုင် ရွှေမြစန္ဒီကွက်သစ်၊ အတွင်းမဲကနယ် တုံးတံတား၊ ကွင်း ကလေး၊ ကျောက်တောင်ကျေးရွာများဘက်ကို မြဝတီအခြေစိုက် ခမရ ၂၇၅ တပ်ရင်း၊ သဃ်န်းညီနောင်အမြောက် တပ်မှ တာဝေးပစ် လက်နက်ကြီးများဖြင့် မတ်လ ၂၅ ရက်မှ မတ်လ ၃၁ ရက်ညပိုင်းအထိ ပစ်ခတ်တိုက်ခိုက်နေသည့် အတွက် ဒေသခံ ၁,၀၀၀ ကျော်မှာ နေရပ်စွန့်ခွာထွက်ပြေးနေကြရကြောင်း သိရသည်။

**ဧပြီလ ၆ ရက်။** မြဝတီမြို့မြောက်ဘက်၊ ရွှေကုက္ကိုလ်ကာစီနို တရုတ်မြို့သစ်စီမံကိန်းအနီး တော်လှန်ရေးပူးပေါင်းတပ် နှင့် စစ်ကောင်စီ၊ နယ်ခြားစောင့်တပ်– BGF ပူးပေါင်းတပ်တို့ ယနေ့ ဧပြီလ ၆ ရက်နေ့အထိ တိုက်ပွဲဆက်ဖြစ်နေပြီး လက်ရှိတွင် ဒေသခံ ၃,၀၀၀ (သုံးထောင်) ကျော်ခန့် ထိုင်းနိုင်ငံဘက်အခြမ်းသို့ စစ်ဘေးရှောင် ယာယီနေထိုင်နေကြရ ကြောင်း သိရှိရသည်[၁၂၃]။

---

[၁၂၀] https://kicnews.org/2023/02/ဘုရားသုံးဆူဒေသ-စစ်ရှောင/

[၁၂၁] https://kicnews.org/2023/04/စစ်ကောင်စီတပ်-လက်နက်ကြ-၁၁/

[၁၂၂] https://burmese.monnews.org/2023/03/29/ကျုံဒိုးမြို့တိုက်ပွဲအ/

[၁၂၃] https://kicnews.org/2023/04/ရွှေကုက္ကိုလ်-မြို့သစ်အ/

**မေလ ၆ ရက်။** ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် ပလောတပို့ စစ်ရှောင်စခန်းတွင် ခိုလှုံနေထိုင်ကြသည့် လေးကေးကော်ဒေသ စစ်ဘေးရှောင် ၁,၂၀၀ ကျော်သည် စစ်ရှောင်ကာလ တစ်နှစ်ကျော်လာပြီဖြစ်သော်လည်း နယ်မြေတွင်းတည်ငြိမ်မှုမရှိသေးသောကြောင့် ယခုအချိန်ထိ နေရပ်ပြန်နေထိုင်နိုင်ရေး ခက်ခဲနေဆဲဖြစ်ကြောင်းသိရသည်။ လက်ရှိအချိန်တွင် လေးကေးကော်မြို့သစ်အနီးရှိ မယ်ဝါးခီး၊ မယ်ထော်သလေး၊ ဖလူးကြီး၊ ဖလူးလေး စသည့် ကျေးရွာများမှ ဒေသခံများသည် နေရပ်ပြန်နေပြီးဖြစ်သော်လည်း လေးကေးကော်မြို့သစ် ရပ်ကွက်တွင်း နေထိုင်သူများသည် စစ်ရှောင်စခန်းထဲတွင်သာ ဆက်လက်နေထိုင်ရဆဲဖြစ်သည်ဟု အဆိုပါ စစ်ရှောင်တာဝန်ခံတစ်ဦးက ပြောသည်[၁၂၄]။

**မေလ ၁၆ ရက်။** ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၃ နယ်မြေ၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ မူး (မုန်း) မြို့နယ်အတွင်းသို့ မေလ ၁၆ ရက်နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျေးရွာ ၉ ရွာမှ ဒေသခံပြည်သူ တစ်သောင်းသုံးထောင်ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကေအဲန်ယူဗဟိုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ စစ်ကောင်စီတပ် ခလရ-၆၀ မှ တပ်ဖွဲ့ဝင်များသည် မူး (မုန်း) မြို့နယ်အတွင်းသို့ လက်နက်ကြီး ၃၆ လုံးခန့်ပစ်ခတ်ခဲ့ပြီး ၎င်းမြို့နယ်ရှိ ကျေးရွာများဖြစ်သော စဝေ၊ နှောင်ကုန်း၊ တောင်စု၊ ကျွန်းတော၊ ညောင်ပင်ဆိပ်၊ မြောင်းရိုးကြီး၊ ရွာဟောင်း၊ တပ်ကုန်းနှင့် ညောင်ပင်သာ စသည့်ကျေးရွာပေါင်း ၉ ရွာမှ ဒေသခံပြည်သူလူထု လူဦးရေစုစုပေါင်း ၁၃,၉၉၁ ဦးသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကေအဲန်ယူဗဟိုက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်[၁၂၅]။

## ကရင်နီ (ကယား) ပြည်နယ်

ကရင်နီပြည်နယ်တွင်ကား အရပ်သားများကို ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူလူထုများ အိုးအိမ်မဲ့ ထွက်ပြေးတိမ်းရှောင်ရသည်က တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်မှုထက် ပိုမိုများပြားပါသည်။ ကရင်နီ (ကယားပြည်နယ်) အတွင်းရှိ ဒေသခံများ၏ လူမှုစီးပွားရေး ပိုမိုကျပ်တည်းလာစေရန် စစ်ကောင်စီမှ အရပ်သားပြည်သူများနေထိုင်သော ကျေးရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်နေသည်ဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) က ပြောသည်။

ထိုကဲ့သို့ စစ်ကောင်စီ၏ ပစ်ခတ်တိုက်ခိုက်မှုမှာ ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင်ပင် အကြိမ်ရေ (၅၀) ဝန်းကျင်ရှိနေပြီး အထူးသဖြင့် လွိုင်ကော်နှင့်ဒီးမော့ဆိုတွင် အများဆုံးဖြစ်ရာ အရပ်သားပြည်သူများအပေါ် စစ်ကောင်စီမှ ဖြတ်လေးဖြတ်တွင် ပါဝင်သော နည်းလမ်းတစ်ခုအား ကျင့်သုံးနေခြင်းဖြစ်ကြောင်း KnHRG ၏ ဒါရိုက်တာဦးဗညားက ယခုလို ပြောသည်။

> **"ပြည်သူတွေကို တမင်သက်သက် နေလို့မရဲအောင်၊ ကြောက်လန့်အောင် အသက်အိုးအိမ်စည်းစိမ်ကို ဒုက္ခရောက်အောင်လုပ်တာပါ။ နည်းလမ်းကနှစ်ခုပဲရှိတယ်လေ၊ မြို့ပေါ်တက်မလား၊ မဟုတ်ရင်လည်း တောထဲဒီထပ်ပိုနက်တဲ့နေရာကို ရွှေ့မလားပေါ့။ အဲဒါကြောင့် သူတို့ရဲ့အုပ်ချုပ်မှု အောက်မှာနေမယ်ဆိုရင် သူတို့အလိုကျတိုင်း အုပ်ချုပ်မှုကို ခံရမယ့်ပုံစံတစ်ခုရှိတယ်။ မဟုတ်ရင် ကျနော်တို့ရဲ့ ပြည်သူလူထုရှိတဲ့ စစ်ဘေးရှောင်ဘက်ကို ရောက်လာမယ်ဆိုရင် အကျပ်အတည်းတွေနဲ့ ထပ်ကြုံရတယ်ပေါ့နော်။ အဲ့ဒီတော့ လူတွေ လုပ်ကိုင်စားသောက်နေလို့မရအောင် တမင်သက်သက် ရည်ရွယ်ချက်ရှိရှိလုပ်တယ်လို့ မြင်ပါတယ်" ဟု ၎င်းက ပြောသည်[၁၂၆]။**

**ဖေဖော်ဝါရီ ၄ ရက်။** ကရင်နီပြည်၊ လွိုင်ကော်မြို့နယ် ဝါရီကောခူရွာကို စစ်တပ်ဖက်မှ စစ်ကြောင်းထိုးလာမည့်သတင်း

---

[၁၂၄] https://kicnews.org/၂၀၂၃/၀၅/လေးကေးကော်ဒေသ-စစ်ရှောင်-၁/

[၁၂၅] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီတပ်၏-လက်နက်က-၇/

[၁၂၆] https://kicnews.org/၂၀၂၃/၀၂/စစ်ကောင်စီသည်-အရပ်သားပြ/

ကြောင့် ရွာသူရွာသား သုံးထောင်လောက် အိုးအိမ်စွန့်ခွာ ဘေးလွတ်ရာကို ထပ်မံပြေးရှောင်နေကြသည်။ စစ်တပ်မှ ရွာထဲ မရောက်လာသေးပေမယ့် လက်နက်ကြီးများ တောက်လျှောက်ပစ်ခတ်နေသည်။ စစ်ကောင်စီ၏ လက်နက်ကြီး ကြောင့် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၄ ရက်နေ့ကလည်း ဝါရီကောခူရွာက နေအိမ်အလုံး ၂၀၊ ဘုရားကျောင်းတစ်ကျောင်း ထိခိုက်ပျက်စီးခဲ့သည်[၃၇]။

**ဇွန်လ (၂၁) ရက်။** ကရင်နီပြည်၊ မယ်စဲ့မြို့နယ်အတွင်းမှာ ဇွန်လတတိယပတ်ကစပြီး ဖြစ်ပွားလာခဲ့သည့် တိုက်ပွဲများ၏ နောက်ဆက်တွဲအနေဖြင့် စစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် စစ်ရှောင်ဦးရေတွေတိုးလာပြီး လက်ရှိမှာ ၅၀၀၀ ကျော်အထိ ရှိနေပြီဟု ကရင်နီလူ့အခွင့်အရေးအဖွဲ့က ပြောပါသည်။ ထွက်ပြေးတိမ်းရှောင်သူတွေထဲက ၃၆၆၉ ဦး မှာ ထိုင်းနယ်စပ်မှာရှိသည့် မယ်စရင်းနဲ့ ခွန်ယွန်းစသည့် မယ်ဟောင်ဆောင်ခရိုင်တွေကို ရောက်ရှိနေပြီဟု ထိုင်းသတင်း ဌာနမှာ ဖော်ပြထားပါသည်။ ထိုင်းအာဏာပိုင်များမှ သူတို့ကို ယာယီနေထိုင်ဖို့ နေရာထိုင်ခင်းနှင့် အစားအစာတွေကို ထောက်ပံ့ထားတယ်နေသည်ဟု သတင်းတွင် ဖော်ပြထားပါသည်[၃၈]။

## မွန်ပြည်နယ်

မွန်ပြည်နယ်တွင်ကား မြောက်ပိုင်းဒေသရှိ မြို့နယ် (၃) ခုဖြစ်သည့် ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့နယ်တို့တွင် တိုက်ပွဲ များပိုမိုဖြစ်ပွားခဲ့သည်။ မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နယ်တွင် အခြားမြို့နယ်များနှင့်နှိုင်းယှဉ်ပါက တိုက်ပွဲပိုမို ဖြစ်ပွားသည်။

**ဖေဖော်ဝါရီလ ၁၂ ရက်။** မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်း စစ်ကောင်စီတပ် လက်နက်ပစ်ခတ်မှုကြောင့် ဝင်းကံ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၃,၈၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု KNU က ထုတ်ပြန်ထားသည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် လူနေအိမ် (၃) လုံးအား ထိမှန်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၃၈၀၀) ဦးကျော် နေအိမ် စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရသည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် အလူးလေးကျေးရွာနှင့် သပြေနီကျေးရွာအနီးတွင် ဧပြီလ (၂၉) ရက်နေ့က စစ်ကောင်စီနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားပြီးနောက် လက်ရှိအချိန်ထိ နှစ်ဖက်စစ်ရေးတင်းမာနေ၍ ဒေသခံများနေရပ်မပြန်ရဲသေးကြကြောင်း ဒေသတွင်းသတင်းရင်းမြစ် များထံမှ သိရသည်။

စစ်ကောင်စီတပ်များနှင့် KNLA တပ်ရင်း (၃) ပူးပေါင်းတပ်ဖွဲ့များ အလူးလေးကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက် ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် သပြေနီကျေးရွာ၊ အလူးလေးကျေးရွာနှင့် အလယ်ရွာများရှိ ဒေသခံများ စစ်ဘေးတိမ်း ရှောင်ခဲ့ရပြီး လက်ရှိအချိန်ထိ နှစ်ဖက်စစ်ရေးတင်းမာမှုများရှိနေသောကြောင့် စိုးရိမ်ထိတ်လန့်ကာ နေရပ်မပြန်ရဲသေး ကြောင်း ဘီးလင်းမြို့ခံတစ်ဦးက ပြောသည်။

၎င်းက "တိုက်ပွဲကတော့ ဒီနေ့ငြိမ်နေတယ်၊ စစ်ဘေးရှောင်တော်တော်များများက မပြန်နေရဲကြဘူး။ အိမ်ကို အခြေ အနေပြန်ကြည့်တဲ့သူလောက်ပဲ ပြန်ကြတာရှိတယ်။ စစ်ရေးတင်းမာနေတယ်ဆိုတာကလည်း ကာကွယ်ရေးတပ် တွေရော စစ်ကောင်စီရော နှစ်ဖက်လုံး သူချောင်းကိုယ်ချောင်း အခြေအနေ ဖြစ်နေတယ်။ တိုက်ပွဲ အချိန်မရွေးဖြစ်လာ နိုင်တယ်ဆိုတော့ တော်တော်များများက ပြန်မနေရဲကြသေးဘူး။" ဟု ကေအိုင်စီသို့ ပြောသည်[၃၉]။

---

[၃၇] https://burmese.voanews.com/a/kayah-idps/6949531.html

[၃၈] https://www.kantarawaddytimes.org/မယ်စဲ့-စစ်ရှောင်ဦးရေ-၅၀၀၀/

[၃၉] https://kicnews.org/2023/05/ဘီးလင်းတွင်-ပစ်ခတ်မှုမျ/

**မေလ ၈ ရက်။** KNU ကရင်အမျိုးသားအစည်းအရုံး၊ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ် (မွန်ပြည်နယ်၊ ရေးမြို့နယ်) ဘဲလမုကျေးရွာအုပ်စု ဝယ်ပသဲရွာထဲကို ယမန်နေ့ မေလ ၇ ရက်နေ့တွင် စစ်ကောင်စီမှ စစ်တိုက်လေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်သည့်အတွက် ဒေသခံပြည်သူ ၅၀၀ ကျော် စစ်ဘေးတိမ်းရှောင်နေကြရသည်ဟု သိရသည်။

ဝယ်ပသဲကျေးရွာ စာသင်ကျောင်းအနီးဝန်းကျင်များတွင် စစ်ကောင်စီတပ်မှ ယမန်နေ့ ည ၁၁ နာရီဝန်းကျင်အချိန် ဂျက်ဖိုက်တာတိုက်ခိုက်ရေးလေယာဉ်ဖြင့် လာရောက်ဗုံးကြဲချသည့်အတွက် စာသင်ကျောင်းအဆောက်အဦးနှင့် အရပ်သားများ ထိခိုက်ဒဏ်ရာရမှုရှိပြီး ကရင်တိုင်းရင်းသားအများစုနေထိုင်ကြသည့် ချောင်းနှစ်ခွ၊ ဘဲလမု၊ တာဖထော့၊ ဝါပသဲရွာနှင့် အခြားကျေးရွာများမှ ဒေသခံများ စစ်ဘေးတိမ်းရှောင်နေကြရသည်ဟု ဒေသခံများထံမှ သိရသည်[၃၂၀]။

## တနင်္သာရီတိုင်း

မြန်မာပြည်တောင်ပိုင်း တနင်္သာရီတိုင်းမှာ စစ်ကောင်စီတပ်ကို ဆန့်ကျင်တိုက်ခိုက်မှုနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့အချိန် နှစ်နှစ်နီးပါးကာလအတွင်း နေအိမ် ၂၀၀ နီးပါး မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ ဒေသတွင်း မီးရှို့ခံရမှုတွေကို သုတေသနလုပ်နေတဲ့ Southern Monitor အဖွဲ့ရဲ့စာရင်းအရ အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ်အတွင်း မီးရှို့ခံရတဲ့အိမ် ခုနစ်လုံးသာရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၂၂ ခုနှစ်အတွင်းမှာတော့ ပုလောမြို့နယ်မှာ နေအိမ် ၁၁၃ လုံး၊ သရက်ချောင်းမြို့နယ်မှာ နေအိမ် ၃၅၊ တနင်္သာရီမြို့နယ်မှာ နေအိမ် ၂၀၊ ရေဖြူမြို့နယ်မှာ ရှစ်လုံး၊ ထားဝယ်မြို့နယ်မှာ ခုနစ်လုံး၊ ဘုတ်ပြင်းမြို့နယ်မှာ သုံးလုံး၊ လောင်းလုံးမြို့နယ်မှာနှစ်လုံးနဲ့ မြိတ်မြို့နယ်မှာ တစ်လုံး၊ စုစုပေါင်း မီးရှို့ခံရတဲ့ နေအိမ် ၁၈၉ လုံး အထိ ရှိခဲ့တာပါ[၃၂၁]။

ဇန်နဝါရီလ ၈ ရက်။ တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊ ဝကုန်းရွာကို မနေ့က စစ်ကောင်စီတပ်သားတွေ ဝင်ရောက်မီးရှို့ခဲ့လို့ နေအိမ် ၁၅ လုံးမီးလောင်ပျက်စီးခဲ့ပြီး အရပ်သား ၄၀၀ ဝန်းကျင် အိုးအိမ်စွန့်ခွာထွက်ပြေးနေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ထားဝယ်မြို့ကနေ ထွက်လာတဲ့ စစ်ကောင်စီတပ်သားတွေကို ဝကုန်းရွာအနီးမှာ ဒေသကာကွယ်ရေးတပ်တွေက ပစ်ခတ်ခဲ့ပါတယ်။ အဲဒီပစ်ခတ်မှုအပြီးမှာ ကျေးရွာကို မီးရှို့ခဲ့တာလို့ ဝကုန်းရွာ ဒေသခံတစ်ဦးက ပြောပါတယ်။

> **“သူတို့ ချောင်းမြောင်းပစ်ခတ်ခံရတယ်။ သူတို့က ကျနော်တို့ရွာကို ဘာမဟုတ်တာလေးနဲ့ ရှို့တာ။ အိမ်တွေဆိုတာ ဘာမှမကျန်တော့ဘူး။ တန်ဖိုးကြီးအိမ်တွေလည်း မကျန်တော့ဘူး။ သာမန်လူတန်းစားအိမ်တွေလည်း ဘာမှမကျန်တော့ဘူး” ဝကုန်းရွာဟာ ထားဝယ်မြို့ရဲ့အရှေ့ဘက် ၂၃ မိုင်အကွာ ထားဝယ်-ထီးခီးကားလမ်းပေါ်မှာရှိပြီး အိမ်ခြေ ၂၀၀ ကျော်ရှိတယ်လို့ သူကပြောပါတယ်[၃၂၂]။”**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကဒဲကျေးရွာအနီးရှိ ပုလောပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ ယာယီစခန်းကို စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်ပြီးနောက် ကဒဲကျေးရွာအတွင်းရှိ ဒေသခံနေအိမ် ၁၀၀ ကျော် မီးရှို့ခံလိုက်ရကြောင်း ဒေသခံများက ပြောသည်။ ပုလောမြို့နယ်၊ ကဒဲကျေးရွာအနီးရှိ ပုလော PDF ၏ ယာယီစခန်းကိုပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် စစ်ကောင်စီက တပ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်သိမ်းယူပြီးနောက် နေအိမ် (၄၀၀) ဝန်းကျင်ရှိ ကဒဲကျေးရွာတွင် ပြည်သူပိုင်နေအိမ်နှင့် ကျေးရွာဘုန်းကြီးကျောင်း (အထက်တန်းကျောင်း) အပါအဝင် စုစုပေါင်း ၁၆၅ လုံးကို ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ မီးရှို့ဖျက်ဆီးခံလိုက်ရကြောင်း နေအိမ်မီးရှို့ခံရမှုတွင် ပါဝင်သူ ကဒဲကျေးရွာဒေသခံတစ်ဦးက ယခုလိုပြောသည်[၃၂၃]။

[၃၂၀] https://kicnews.org/၂၀၂၃/၀၅/စစ်ကောင်စီ-လေယာဉ်-လာရောက/

[၃၂၁] https://www.rfa.org/burmese/program_၂/burned-houses-in-tanintharyi-၀၁၂၄၂၀၂၃၀၅၂၃၄၄.html

[၃၂၂] https://www.rfa.org/burmese/news/more-than-၄၀၀၀-residents-dawei-၀၁၀၈၂၀၂၃၀၄၂၄၅၂.html

[၃၂၃] https://kicnews.org/၂၀၂၃/၀၂/ပုလော-pdf-ယာယီစခန်းသိမ်းပိ/

ဖေဖော်ဝါရီ ၁၆ ရက်။ စစ်အုပ်ချုပ်ရေးကြေငြာထားသည် မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်းသို့ စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးဝင်ရောက်လာခြင်းကြောင့် သောင်းနှင့်ချီသည့်ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ဒေသခံနှင့် စစ်ရှောင်အရေးကူညီနေသူတို့ထံမှ သိရသည်။ စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးဝင်ရောက်လာပြီး မြို့နယ်ပကဖများနှင့် တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်သည့်အတွက် တနင်္သာရီမြို့နယ်၊ လယ်သစ်အရှေ့ကမ်း၊ လယ်သစ်အနောက်ကမ်းနှင့် မော်တုံးအနောက်ဘက်ကမ်းကျေးရွာမှဒေသခံများ ဖေဖော်ဝါရီ ၁၂ ရက်နေ့ကစပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်[၁၃၄]။

> **"တိုက်ပွဲဖြစ်ရင် စစ်တပ်က တွေ့ရာမြင်ရာ အကုန်ပစ် ဖျက်ဆီးတယ်။ ရွာသားတွေကိုလည်း သူတို့ခိုင်းဖို့ ဖမ်းသွားတာ၊ အိမ်တွေကို မီးရှို့သွားတာတွေလည်း အရင်ကရှိခဲ့တော့ကြောက်တယ်၊ အခုလည်း ရွာထဲ စစ်ကြောင်းထိုး စခန်းချနေတော့ မနေရဲလို့ ထွက်ပြေးလာတာ"ဟု လယ်သစ်ရွာသားတစ်ဦးက ပြောသည်။**

မတ်လ ၁၃ ရက်။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်အတွင်း စစ်ကောင်စီတပ် စစ်ကြောင်းထိုးဝင်ရောက်လာခြင်းကြောင့် ဒေသခံ ၂၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ဒေသခံတို့ထံမှ သိရသည်။ စစ်ကောင်စီတပ် အင်အား ၅၀ ကျော်တို့က လောင်းလုံးမြို့နယ် ငါးအုပ်စုကျေးရွာဟုခေါ်သည့် ကျောက်ဆင်၊ သဘော့ဆိပ်၊ ပြင်ကြီး၊ ကရင်ကြီး၊ ကမ်းပနီ စသည့်ကျေးရွာများသို့ ပြီးခဲ့သည့်အပတ်ကတည်းက စစ်ကြောင်းထိုးဝင်ရောက်လာခဲ့သည်[၁၃၅]။

မတ်လ (၂၁) ရက်။ ၎င်းနေ့တွင် ဗမာ/မြန်မာစစ်တပ်မှ လောင်းလုံမြို့နယ် ညော်ပြင်ရွာနှင့် အုတ်ကျောက်ဝတ်ကျေးရွာအတွင်းသို့ အိမ်ပေါင်း (၉၆) အိမ်ကို မီးတင်ရှို့ခဲ့သည်။ အိမ်ပေါင်း (၄၀) မှာ အလုံးစုံပင် မီးလောင်ပြာကျခဲ့သည်။ ကျေးရွာအတွင်း ရမ်းသမ်းပစ်ခတ်သည့်အတွက် ရွာသားတဦး သေဆုံးခဲ့သည်။ အိုးအိမ်မဲ့သည့် ပြည်သူလူထုပေါင်း (၃၀၀) ကျော်မှာ မိမိတို့ခင်မင်ရာ အိမ်များတွင် သွားရောက်ခိုလှုံရပါသည်[၁၃၆]။

## (ခ) စားနပ်ရိက္ခာအခြေအနေ

**ဖေဖော်ဝါရီလ ၁၂ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ် အရှေ့တောနယ်ဒေသတွင် စစ်ကောင်စီက ဆန်သယ်ယူခွင့်ပိတ်ထားမှု အချိန်ကာလ ကြာလာသည်နှင့်အမျှ ဒေသတွင်း စစ်ရှောင်နေကြရသော စစ်ဘေးရှောင်ပြည်သူများမှာ လက်ရှိတွင် ရိက္ခာပြတ်လပ်မှုကြုံတွေ့လာရသည်ဟု ဒေသခံများက ပြောသည်။

ထားဝယ်မြို့နယ်၊ အရှေ့တောနယ်ဒေသတွင် ပြီးခဲ့သည့်နှစ် အောက်တိုလာလ ကုန်ပိုင်းမှစတင်၍ ယခုလ ဖေဖော်ဝါရီလအထိ ဆန်နှင့်ရိက္ခာခြောက်သယ်ဆောင်ခွင့်ကို စစ်ကောင်စီတပ်က ပိတ်ပင်ထားခြင်းဖြစ်ပြီး အချိန်ကာလအားဖြင့် ငါးလကျော် ကြာမြင့်လာခြင်းကြောင့် ၎င်းဒေသတွင်ရှိသော စစ်ဘေးရှောင်ပြည်သူဦးရေ ၇၀၀၀ ကျော်အနေဖြင့် ရိက္ခာပြတ်လပ်မှု ကြုံတွေ့လာရပြီဟု စစ်ရှောင်ကူညီသူတစ်ဦးက ပြောသည်[၁၃၇]။

**ဖေဖော်ဝါရီလ ၁၈။** ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းက တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသူတွေ စားနပ်ရိက္ခာအကူအညီလိုအပ်နေသည်ဟု အကူအညီပေးနေသူတို့ထံမှ သိရသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း၌ ပြီးခဲ့သည့် ဇန်နဝါရီလ ၃ ရက်နေ့ညက စစ်ကောင်စီတပ် ခလရ ၂၈၃၊ ၂၈၄၊ ၃၂ တပ်ရင်းတွေကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ ၆ ပူးပေါင်းတပ်ဖွဲ့တို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားလာခဲ့သည်။

[၁၃၄] https://burmese.monnews.org/၂၀၂၃/၀၂/၁၆/စစ်ကောင်စီတပ်-စစ်ကြောင်/

[၁၃၅] https://burmese.monnews.org/၂၀၂၃/၀၃/၁၃/စစ်ကြောင်းကြောင့်-လောင်/

[၁၃၆] Human Rights Foundation of Monland, ၂၇ March ၂၀၂၃, https://rehmonnya.org/archives/၈၁၄၁

[၁၃၇] https://kicnews.org/၂၀၂၃/၀၂/အရှေ့တောနယ်ဒေသရှိ-စစ်ဘေ/




သင်္ဃန်းကျွန်းမြို့နယ်ရှိ ဆန်ဆိုင် တဆိုင်ကိုတွေ့ရစဉ် / ဧရာဝတီ

တိုက်ပွဲကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းက ဆိပ်ကြီး၊ ချောင်းဝ၊ တံတားဦး၊ အလယ်ရွာ၊ ရွှေပေါ်အင်း၊ သဲဖြူချောင်း အစရှိသည့် ကျေးရွာ ၁၀ ရွာကျော်တို့ကနေ ဒေသခံ ၇၀၀ ကျော်သည် မွန်ပြည်သစ်ပါတီ၊ မော်လမြိုင်ခရိုင် ထိန်းချုပ်နယ်မြေဘက်က ကျေးရွာတွေမှာ လာရောက်တိမ်းရှောင်နေကြသည်ဟု သိရသည်။ ထွက်ပြေးတိမ်းရှောင်လာသူအများစုသည် အမျိုးသမီးနှင့် ကလေးများဖြစ်ကြပြီး ရက်ကြာလာသည်နှင့်အမျှ စားနပ်ရိက္ခာတွေ အကူအညီလိုအပ်လာသည်ဟု မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေထဲက ကရင်စစ်ရှောင်တွေကို အကူအညီပေးနေသည့် နိုင်မွန်ထောက ပြောသည်[၁၃၈]။

ဧပြီလ (၄) ရက်နေ့မှစ၍ စစ်ကောင်စီတပ်များသည် ကရင်ပြည်နယ်၊ ဘောကထာစစ်ကောင်စီတပ်စခန်းသို့သွားရန် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စစ်ကြောင်းထိုးဝင်ရောက်၍ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဘုရားကြီး၊ ပဒဲကော၊ မဘီ၊ ဖေယ်အင်း အစရှိသည့်ကျေးရွာများမှ ဒေသခံထောင်ကျော် စစ်ဘေးတိမ်းရှောင်နေရကြောင်း ကေအဲန်ယူက ထုတ်ပြန်ကြေညာထားသည်။

**ဧပြီလ ၁၉ ရက်။** ကေအဲန်ယူ၊ ကရင်အမျိုးသားအစည်းအရုံး၊ ညောင်လေးပင်ခရိုင်၊ တပ်မဟာ ၃ နယ်မြေ (ပဲခူးတိုင်းဒေသကြီး)၊ ကျောက်ကြီးမြို့နယ်တွင် ဧပြီလအတွင်း စစ်ကောင်စီတပ်၏ စစ်ကြောင်းထိုးဝင်ရောက်လာမှုကြောင့် စစ်ဘေးရှောင်ပြည်သူများပိုမိုများပြားလာပြီး ကျန်းမာရေးနှင့် စားဝတ်နေရေးခက်ခဲနေကြောင်း ဒေသခံများထံမှ သိရသည်။ ထိုသို့ စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များနှင့် နယ်မြေခံတော်လှန်ရေးတပ်များအကြား နှစ်ဖက်ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် ကျောက်ကြီးမြို့နယ်အတွင်း စစ်ရေးအခြေအနေတင်းမာနေပြီး ယခင်ကတည်းက စစ်ဘေးတိမ်းရှောင်နေရသော ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ စားဝတ်နေရေး စိုးရိမ်စရာရှိလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဧပြီလ ၂၉ ရက်။** KNU ကရင်အမျိုးအသားအစည်းအရုံး၊ ဒူးပလာယာခရိုင်၊ တပ်မဟာ (၆) ထိန်းချုပ်နယ်မြေ၊ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့အနီးရှိ ကော့နွဲကျေးရွာမှ ဒေသခံများသည် စစ်ရှောင်ကာလ လနှင့်ချီ ကြာလာသဖြင့် လက်ရှိတွင် စားသောက်ရေး ပိုမိုအခက်အခဲရှိလာကြောင်း မြေပြင်သတင်းရင်းမြစ်များမှ သိရသည်။

[၁၃၈] https://burmese.monnews.org/2023/01/18/ကြာအင်းဆိပ်ကြီးက-စစ်ရှေ/

**ဧပြီလ ၂၄ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်ရှိ ပုလောမြို့နှင့် ကျေးရွာတချို့တွင် စစ်ကောင်စီက ရိက္ခာ သယ်ဆောင်ခွင့်ကို ပိတ်ပင်ထားသောကြောင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စတင်ပြတ်လပ်နေကြောင်း ဒေသခံများကပြောသည်။

အာဏာသိမ်းစစ်ကောင်စီမှ ဆန်နှင့်အခြေခံစားသောက်ကုန်များကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ တတိယအပတ်မှ စတင် ပြီး ယနေ့အချိန်ထိ ရိက္ခာသယ်ဆောင်ခွင့်ကို ကန့်သတ်တားမြစ်လိုက်သောကြောင့် ပုလောမြို့ပေါ်နှင့် မြို့အနီးရှိကျေး ရွာများတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် စားနပ်ရိက္ခာများ စတင်ပြတ်လပ်လာနေ၍ အခက်အခဲ ကြုံတွေ့နေရ ကြောင်း ပုလောမြို့နယ်ဒေသခံတစ်ဦးက ယခုလိုပြောသည်။

၎င်းက "သူတို့က ဟို့အရင်လကတည်းက ဘာမှပေးမသယ်တော့တာ။ PDFကို ထောက်ပို့တယ်ထင်ပြီး အဲ့လို ဘာရိက္ခာ မှ ပေးမသယ်တော့ဘူး။ အခုဆိုမြို့ထဲမှာရော ရွာတွေဘက်မှာရော ဆန်၊ ကြက်သွန်၊ ငါးသေတ္တာဗူးကအစ ကုန်နေပြီး။ ပြီးတော့ ပုလောမှာက တိုက်ပွဲခဏခဏဖြစ်တော့ စစ်တပ်က ဖြတ်လေးဖြတ်နဲ့ လုပ်နေတာ။" ဟု ကေအိုင်စီသို့ပြော သည်[၁၃၉]။

**ဧပြီလ ၂၅ ရက်။** တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်ထဲက စစ်ဘေးရှောင်ပြည်သူများအတွက် ရိက္ခာများ သွား ရောက်ကူညီရာတွင် စစ်ကောင်စီ၏ လမ်းခရီးတစ်လျှောက် ဂိတ်ချစစ်ဆေးမှုများ ပိုးမိုများပြားလာသောကြောင့် ရိက္ခာ သယ်ယူ ပို့ဆောင်ရေးအတွက် ခက်ခဲလာကြောင်း စစ်ရှောင်ကူညီပေးသူများက ပြောသည်။

တနင်္သာရီမြို့နယ်ထဲတွင် တိုက်ပွဲများ ပြန်လည်ငြိမ်သက်သွားသော်လည်း နေရပ်မပြန်ရဲသေးသည့် စစ်ဘေးရှောင် ပြည် သူများအတွက် ရိက္ခာလိုအပ်ချက်များ ရှိနေသေးပြီး ၎င်းတို့ကို သွားရောက်ကူညီရာ လမ်းကြောင်းတစ်လျှောက်တွင် စစ်ကောင်စီတပ်မှ ယခင်ကထက် ဂိတ်ချစစ်ဆေးမှုများ ပိုမိုများပြားလာသလို ဆန်များကို အကန့်အသတ်ဖြင့်သာ သယ်ယူခွင့်ပြုသောကြောင့် လမ်းခရီးအခက်အခဲများနှင့် ကြုံတွေ့နေရပါသည်[၁၄၀]။

ကရင်နီ (ကယား) ပြည်နယ်တွင် ၂၀၂၃ ခုနှစ်မှ စတင်၍ စစ်ကောင်စီတပ်၏ စစ်ကြောင်းထိုးမှု ပိုမိုလုပ်ဆောင်လာသည့်တ ချိန်တည်းတွင် စစ်ဘေးရှောင်ဦးရေ တိုးများလာသဖြင့် စားနပ်ရိက္ခာရရှိမှုလည်း ပိုမိုခက်ခဲလာကြောင်း စစ်ဘေးရှောင် များထံမှ သိရသည်။ ကရင်နီပြည်နယ် ဒီမောဆိုမြို့နယ်တွင် ယခုလပိုင်းအတွင်း ထပ်မံတိမ်းရှောင်လာသူတိုးများလာ ပြီး ကူညီထောက်ပံ့မှုနည်းလာသဖြင့် အခက်အခဲအမျိုးမျိုးကြုံတွေ့နေရကြောင်း ဒေသခံစစ်ရှောင်တစ်ဦးက ယခုလို ပြောသည်[၁၄၁]။

**မေလ ၂၅ ရက်**။ ကေအဲန်ယူ၊ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေ တပ်မဟာ (၇)၊ ဖားအံခရိုင်၊ နဘူးမြို့နယ် နှင့် ပိုင်ကျုံမြို့နယ်အတွင်း တိမ်းရှောင်လာသည့် မြဝတီ၊ ကော့ကရိတ်၊ ကျုံဒိုးမြို့နယ်များမှ စစ်ရှောင်များသည် စစ် ရှောင်ကာလကြာလာသည့်အတွက် စားနပ်ရိက္ခာအခက်အခဲရှိလာသည်ဟု ဒေသအတွင်း စစ်ရှောင်ကူညီသူထံမှ သိရ သည်။ ပြီးခဲ့သည့် လအနည်းငယ်က နယ်မြေတွင်းဖြစ်ပွားသည့် တိုက်ပွဲများကြောင့် တိမ်းရှောင်လာသော အဆိုပါ စစ် ရှောင်ပြည်သူများသည် လက်ရှိတွင် စားနပ်ရိက္ခာအပြင် နေရာထိုင်ခင်းနှင့် ဆေးဝါးအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ နေရသည်ဟု ပြည်တွင်းနေရပ်စွန့်ခွာရသူ ကရင်ပြည်သူများဆိုင်ရာကော်မတီ – CIDKP (Committee for Internally Displaced Karen people) ထံမှသိရသည်[၁၄၂]။

---

[၁၃၉] https://kicnews.org/၂၀၂၃/၀၄/ရိက္ခာသယ်ဆောင်ခွင့်-ပိတ/

[၁၄၀] https://kicnews.org/၂၀၂၃/၀၄/တသင်္ဘာရီမြို့နယ်အတွင်း/

[၁၄၁] https://kicnews.org/၂၀၂၃/၀၅/ကရင်နီတွင်-စစ်ဘေးရှောင်/

[၁၄၂] https://kicnews.org/၂၀၂၃/၀၅/ဖားအံခရိုင်တွင်း-တိမ်းရ/

**မေလ ၂၃ ရက်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်နယ်မြေ၊ မူးမြို့နယ်အတွင်း ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူ နှစ်သောင်းကျော်အထိ တိုးလာသည်ဟု ကေအဲန်ယူဗဟိုက ထုတ်ပြန်ထားသည်။ စစ်ကောင်စီတပ်တို့မှ ကျေးရွာပြည်သူလူထုများကို မီးရှို့သတ်ဖြတ်ခဲ့သည့် မေလ ၁၀ ရက်နေ့မှစ၍ မူးမြို့နယ်အတွင်းရှိ ညောင်ပင်သာ၊ နောင်ချို၊ ဒိုက်ပုံ၊ မီးတိုင်တော၊ အောင်ချမ်းသာ၊ ကျောင်းစု၊ မြောင်းဦး၊ ရေအိုးစည်၊ ကော့ပြင်း၊ ကျောက်ကန်၊ နောင်ကုန်း၊ တောင်စု၊ စဝေ၊ ကျွန်းတော၊ ညောင်ပင်ဆိပ်၊ မြောင်းရိုးကြီး၊ ရွာဟောင်းနှင့် တပ်ကုန်းစသည့် ကျေးရွာပေါင်း ၁၈ ရွာမှ ပြည်သူ ၂၁၈၈၀ ဦး ထွက်ပြေးတိမ်းရှောင်နေရသည်ဟု ထုတ်ပြန်ထားသည်။ မေလ ၂၁ ရက်နေ့ နေ့လည်ကလည်း စစ်ကောင်စီတပ်မှ မူးမြို့နယ်၊ နောင်ကုန်းကျေးရွာအတွင်းသို့ Drone ဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့သည်ဟုဆိုသည်။ ထိုပစ်ခတ်မှုကြောင့် စောကြည်စိုးနှင့် စောစတူ (ခေါ်) စောကော်လယ်တို့ နေအိမ်၊ ထင်းတဲနှင့် စာသင်ကျောင်း ပျက်စီးခဲ့ရသည်ဟု ဖော်ပြထားသည်[၁၄၃]။

**ဇွန်လ ၈ ရက်။** ပြီးခဲ့သည့် နွေကာလအတွင်း ဗမာစစ်တပ်မှ ထားဝယ်ခရိုင်အခြေစိုက် PDFs တပ်တို့အား ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် တနင်္သာရီတိုင်း ထားဝယ်ခရိုင်၊ အရှေ့ဘက်ခြမ်းတွင် ပြည်သူများ ထွက်ပြေးတိမ်းရှောင်ရသည်။ ထားဝယ်ခရိုင် ရွာပေါင်း (၁၂) ရွာမှ ထွက်ပြေးတိမ်းရှောင် စစ်ဘေးဒုက္ခသည် (၅၀၀၀) ခန့်သည် ဧပြီလမှ စတင်ပြီး ထားဝယ်ခရိုင်၊ အရှေ့ဘက်ခြမ်းဒေသသို့ ထွက်ပြေးတိမ်းရှောင်လာခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်[၁၄၄]။ စစ်ဘေးဒုက္ခသည်များ ခိုလှုံရာဒေသအတွင်းတွင်လည်း စစ်ကောင်စီမှ လက်နက်ကြီးနှင့် လေယာဉ်ဖြင့် အကြိမ်ကြိမ်တိုက်ခိုက်မှုရှိသည်။

**ဇွန်လ ၉ ရက်။** မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေနှင့် ဆက်စပ်သည့် ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ မွန်ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ (IDP) များ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စားဝတ်နေရေး ပိုမိုကြပ်တည်းလာကြောင်း သိရသည်။ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် IDP ဒုက္ခသည်များအတွက် အထောက်အပံ့များ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည့်အပြင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ကုန်ဈေးနှုန်းမြင့်တက်လာခြင်းနှင့် စစ်ရေးပဋိပက္ခများကြောင့် သွားလာရေးအတွက် အခက်အခဲရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုသည်။ စားဝတ်နေရေး ပိုမိုကြပ်တည်းလာသည့်အတွက် အများစုက နိုင်ငံခြားထွက် အလုပ်လုပ်ကြကြောင်း လက်ရှိတွင် စခန်းအတွင်း၌ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် ကလေးများသာ ကျန်ရှိတော့သည့် အခြေအနေရှိနေပြီး အလှူရှင်များကိုသာ အားကိုးနေရကြောင်း မွန်ဒုက္ခသည် အမျိုးသမီးတစ်ဦးကပြောသည်[၁၄၅]။

## (ဂ) ကျန်းမာရေးအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအကြားတွင် ရာသီတုပ်ကွေးအဖြစ်များနေကြောင်း ၎င်းစစ်ဘေးရှောင်များကို အနီးကပ်ကူညီပေးသူများထံမှသိရသည်။ မိုးတွင်းကာလ ကျရောက်လာသည့်အတွက် ပြီးခဲ့သည့်မေလလယ်မှ စတင်၍ စစ်ဘေးရှောင်ပြည်သူများအကြားတွင် ရာသီတုပ်ကွေးများ စတင်ဖြစ်ပေါ်လာနေပြီး ကူးစက်ဖြစ်ပွားသူဦးရေ များပြားလာသောကြောင့် ဆေးဝါးပစ္စည်း မလုံလောက်မှုများကြုံတွေ့နေရကြောင်း စစ်ဘေးရှောင်ကူညီပေးနေသည့် တွဲလက်ညီညီစစ်ဘေးရှောင်ကူညီရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယခုလိုပြောသည်။

> **"မိုးရာသီကာလက စပြီးဆိုတော့ ရာသီတုပ်ကွေးခံစားနေရတာရှိတယ်။ ဆေးဝါးတွေကတော့နီးစပ်ရာ ဆရာမတွေကို ခေါ်ပြီး ပြနေရတယ်။ ကျနော်တို့မှာက ဆေးဝါးအလှူရှင်တွေမရှိဘူး။ ဆေးပစ္စည်းမလုံလောက်ဘူး၊ အဲ့လိုအခက်အခဲလေးတွေရှိတယ်။ စောင့်ကြည့်နေရတဲ့ အနေအထားတွေလည်းရှိတယ်။"ဟု ၎င်းက ပြောသည်။**

[၁၄၃] https://burmese.monnews.org/2023/05/23/မူးမြို့နယ်အတွင်း-ထွက်ပ/

[၁၄၄] Human Rights Foundation of Monland (HURFOM), https://rehmonnya.org/archives/8450

[၁၄၅] https://burmese.monnews.org/2023/06/09/မွန်ဒုက္ခသည်များ-စားဝတ်/



Figure 2 လားရှိုးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် ဆေးပေးခန်းတွင် လာရောက်ဆေးကုသနေသူများကို တွေ့ရစဉ်

ယခုလက်ရှိတွင်တနသ်ာရီမြို့နယ်အတွင်းစစ်ဘေးရှောင်စုစုပေါင်း (၈,၁၁၁) ကျော်အထိရှိနေပြီး၎င်းတို့ထဲတွင်တုပ်ကွေးဖြစ်ပွားနေသူ စုစုပေါင်း ၃၁၁ ကျော်အထိရှိနေကြောင်း၊ စစ်ဘေးရှောင်ပြည်သူများအတွက် သောက်သုံး ရေမလုံလောက်မှုများအပြင် အမိုးအကာပစ္စည်းများလည်း လိုအပ်နေကြောင်းလည်း စစ်ဘေးရှောင်ကူညီသူများက ပြောသည်[၁၄၆]။

ကရင်ပြည်နယ်၊ ကော့ကရိတ်ဒေသတွင် ယခုရက်ပိုင်းအတွင်း မိုးများဆက်တိုက်ရွာသွန်းပြီးနောက် စစ်ဘေးရှောင်ပြည်သူများအကြားတွင် ၎က်ဖျားရောဂါ ဖြစ်ပွားမှုများလာပြီး ဆေးဝါးရရှိရန် အခက်အခဲဖြစ်နေသည်ဟု ဒေသခံ ဆေးတာဝန်ရှိသူများထံမှ သိရသည်။ အဆိုပါ ၎က်ဖျားရောဂါ ခံစားနေရသည့် စစ်ရှောင်ပြည်သူများအတွက် ဆေးဝါးများရရှိရန် လမ်းခရီးလုံခြုံမှုမရှိသောကြောင့် ဆေးဝါးလိုအပ်သလောက်ဝယ်ယူ၍ မရရှိကြောင်း ဒေသတွင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ယခုလိုပြောသည်။ "ဖျားနေတဲ့လူတွေ များလာတယ်။ မိုးအေးလို့ ထင်တာပေါ့၊ သွေးစစ်ကြည့်တော့မှ ၎က်ဖျားရောဂါဖြစ်နေကြတယ်၊ အခုကျနော်တို့ နေတဲ့နေရာဆို အယောက် ၃၀ ကျော်ရှိပြီ။ တချို့ကျေးရွာတွေမှာလည်း စစ်ဆေးကြည့်တော့ ၎က်ဖျားပိုးတွေ့တယ်။ အခုလူနာနဲ့ ဆေးနဲ့က မမျှဘူး၊ ဝယ်ဖို့ကလည်းလုံးဝ အဆင်မပြေဘူး။"ဟု ကေအိုင်စီသို့ ပြောသည်[၁၄၇]။

[၁၄၆] https://kicnews.org/2023/06/တနသ်ာရီမြို့နယ်ရှိ-စစ/

[၁၄၇] https://kicnews.org/2023/05/ကော့ကရိတ်-စစ်ရှောင်ပြည-၂/

## အခန်း (၆)

## ပဋိပက္ခကြောင့် ပြည်သူလူထုများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ



**ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန် အထည်ချုပ်စက်ရုံတစ်ခုမှ အလုပ်သမားများအား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့က တွေ့ရစဉ်။**

မြန်မာနိုင်ငံတွင် ၂၀၂၁ စစ်အုပ်ချုပ်ရေးအသွင်သို့ တဖန်ကူးပြောင်းလာပြီးနောက် ပြည်တွင်းစစ် အရှိန်အဟုန်သည် ပိုမိုပြင်းထန်လာခဲ့သည်။ ပြည်တွင်းစစ်နှင့်လုံးပန်းရင်း အဖက်ဖက်မှ ပြိုလဲပျက်စီးပြီး အာရှနိုင်ငံများကြား သာမက ကမ္ဘာ့နိုင်ငံအလည်တွင်ပါ ယနေ့အထိ နောက်ကျကျန်ရစ်ဆဲပင် ဖြစ်သည်။ စစ်အာဏာသိမ်းမှု (၂) နှစ်ကျော် ကြာရှိပြီးဖြစ်သော်လည်း တိုင်းပြည်သည် ပြိုလဲပျက်စီးသည့် အခြေအနေမှ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ထို့အပြင် ယခု ၂၀၂၃ ခုနှစ်သည် စစ်ရေးပဋိပက္ခ လွန်ကဲသောနှစ်ဟု ဆိုနိုင်သည်။ နိုင်ငံအနှံ့အပြားတွင် လက်နက်ကိုင်တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး တိုက်ပွဲများကြောင့် သွေးထွက်သံယို သေကျေပျက်စီးမှုများနှင့်အတူ စစ်ပြေးရှောင်ဒုက္ခသည် အရေအတွက်သည်လည်း (၁,၈၁၂,၇၆၉) ကျော်အထိ ရှိလာသည်။ စစ်ရေး ပိုမိုပြင်းထန်လာမှုကြောင့် ပြည်သူများ ဒုက္ခအသွယ်သွယ်မှ အလူးအလဲခံစားနေရပြီး အခြေခံအခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများသည် လုံးဝပျက်သုဉ်းသွားသည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း နေ့စဉ်နှင့်အမျှ တိုးပွားလျက်ရှိသည်။ လူ့အခွင့်အရေး၊ စစ်ရာဇဝတ်မှုနှင့်ဆန့်ကျင်သော လုပ်ရပ်များကို စစ်ကောင်စီဘက်တွင်သာမက အချို့သော တော်လှန်ရေးအင်အားစုများပါ ဆက်လက်ကျူးလွန်နေသည်ကို တွေ့ရသည်။ သွေးထွက်သံယို ပဋိပက္ခများအကြားတွင် အပြစ်မဲ့ပြည်သူများ မြေစာပင် ဖြစ်နေသည်။

နိုင်ငံအနှံ့အပြားတွင် လက်နက်ကိုင်တိုက်ပွဲများ ပြင်းထန်နေချိန် တစ်ချိန်တည်းတွင် စစ်ကောင်စီသည် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့ရသည်။ ထိုရွေးကောက်ပွဲသည် စစ်ကောင်စီ၏ တရားဝင်မှုရရှိရေးနှင့် နိုင်ငံရေးထွက်ပေါက်အတွက် အခွင့်အလမ်းတစ်ခုဟုဆိုနိုင်ပြီ မြန်မာ့နိုင်ငံ

ရေးအကြပ်အတည်းကို သွေးထွက်သံယို အနည်းဆုံးနည်းလမ်းဖြစ်သလားဟု မေးခွန်းထုတ်စရာ ဖြစ်လာသည်။ အခြားတစ်ဖက်တွင် တော်လှန်ရေးအင်အားစုများဘက်ကလည်း စစ်ကောင်စီ၏ ထွက်ပေါက်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲကို မကျင်းပနိုင်ရန် နည်းမျိုးစုံသုံးပြီး နိုင်ငံအနှံ့အပြားတွင် အရှိန်အဟုန်ပြင်းပြင်း တော်လှန်လျက်ရှိသည်။ ကြားထဲတွင်ပင် အပြစ်မဲ့ပြည်သူများ အိုးအိမ်စွန့်ပြီး ဒုက္ခသည်ဘဝနှင့် ကျင်လည်နေရသည်။

ထို့အပြင် ပြင်းထန်သော ပဋိပက္ခအကျိုးအဆက်များကြောင့် ဈေးကွက်စီးပွားရေးစနစ်ပျက်စီးပြီး ငွေကြေးဖောင်းပွမှုပြဿနာများ၊ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းပြဿနာများနှင့် အလုပ်လက်မဲ့ပြဿနာများကို အခြေခံလူတန်းစားပြည်သူများက ယနေ့အထိ အလူးအလဲခံစားရလျက်ရှိသည်။ လူမှုရေး (ပညာရေးနှင့် ကျန်းမာရေး) ကဏ္ဍသည်လည်း အခြားကဏ္ဍနနည်းတူ ယိုယွင်းပျက်စီးခဲ့ရာမှ (၂) နှစ်နီးပါး ရှိလာပြီးဖြစ်သည်။ လူတိုင်း လက်လှမ်းမီသော ပညာရေးစနစ်၊ ကျန်းမာရေးစနစ်နှင့် ဆက်လက်ဝေးကွာနေဆဲပင် ဖြစ်သည်။ အခြားတစ်ဖက်တွင် အာဏာသိမ်းမှု၏ ရိုက်ခတ်မှုကြောင့် ပြည်တွင်းမတည်ငြိမ်မှုနှင့်အတူ တရားဥပဒေစိုးမိုးမှုသည်လည်း လုံးဝပြိုလဲပျက်စီးသွားပြီး သုညအဆင့်သို့ ရောက်ရှိနေသည်။ ပြည်သူများ၏ လုံခြုံမှုအခြေအနေများ ဆိုးသထက်ဆိုးလာပြီး ခိုးမှု၊ အနုကြမ်းစီးမှု၊ လုယက်မှုနှင့် လူသတ်မှုများသည် သိသာထင်ရှားစွာ ယခင်ထက် များပြားလာသည်။

### (က) စီးပွားရေးကဏ္ဍတွင် ပြည်သူလူထုများ၏ ပြောဆိုမှု

မုဒုံမြို့နယ်မှ အခြေအနေကို စောင့်ကြည့်သူတဦးမှာ စီးပွားရေးအခြေအနေနှင့် အောက်ပါတိုင်း ပြောပြသည်။

> **“စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် လျှပ်စစ်မီးမှ မရတာကွာ၊ ဘယ်ရင်းနှီးမြှုပ်နှံသူမှ လာမှာမဟုတ်ဘူး သေချာတယ်၊ နောက်တစ်ချက်က ဈေးကွက်တွေကိုလည်း မထိန်းနိုင်ဘူး၊ ထိန်းလို့လဲ မရဘူး၊ ငါတို့မှာက စားသုံးဆီအစ လောင်စာဆီအဆုံး မှောင်ခိုဈေးကွက်မှာ ရှိနေတာကိုး၊ တရားဝင်ဈေးကွက်ထက် မှောင်ခိုဈေးကွက်က ပိုများနေတဲ့အခါ သူက တကယ်ထိန်းပြီး ကိုင်တွယ်လိုက်တာနဲ့ ဈေးကွက်က ကမောက်ကမဖြစ်တော့တာပဲ၊ အဲလိုအခြေအနေတွေဖြစ်လာတယ်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလာဖို့ကိုယ့်ရဲ့ပေါ်လစီကလည်း နိုင်ငံရေးသမားတွေရဲ့ ထိုးနှက်မှုကြောင့် သူတို့လာဖို့ ကြောက်နေတယ်၊ ပြီးတော့ ကိုယ့်နိုင်ငံကလည်း အမည်ပျက်စာရင်းထဲဝင်နေတော့ ဘယ်သူက လာချင်တော့မလဲ။ စီးပွားရေးအကျပ်အတည်းဖြစ်လာတယ်၊ စီးပွားရေးကျလာတာနဲ့ ကျွန်တော်တို့က စားဝတ်နေရေး မဖူလုံတော့ဘူး၊ အလုပ်လုပ်ပြီးရတာနဲ့ မလုံလောက်တော့ဘူး အဲလိုတွေ ဖြစ်လာတယ်၊ ဒီမှာ အလုပ်အကိုင်အခွင့်အလမ်းသိပ်မရှိတဲ့အခါကျတော့ ကျွန်တော်တို့က နိုင်ငံခြားထွက်တာ ပိုများလာတယ်၊ ထိုင်းပြန်သွားပေါ့ ဒါပဲရှိမယ်။”**

အာဏာသိမ်းပြီးနောက် ပြည်သူလူထုများအတွင်း ဖြစ်ပေါ်လာသည့် စားဝတ်နေရေး အခက်အခဲများကို ကရင်ပြည်နယ် ဖားအံမြို့မှ ဒေသခံတဦးက အောက်ပါအတိုင်း ပြောပြသည်။

> **“အာဏာသိမ်းပြီးနောက်ပိုင်းတော့ လူတွေအတော်များများက စားဝတ်နေရေးခက်ခဲလာတာ ပိုတွေ့မြင်ရတယ်။ ဘဏ်လုပ်ငန်းနဲ့ပတ်သက်ပြီးတော့လည်း အကန့်အသက်တွေနဲ့ ချမှတ်လာတာတွေ့ရတယ်။ ကုန်သွယ်စီးပွားရေးတွေမှာဆိုလည်း အတော်မတရားခြိမ်းခြောက်ပြီး ဓားပြတိုက်သလို ပေ ၁၀၀ ခြားတစ်ခါ ငွေတောင်းရမ်းနေတာမျိုးတွေတွေ့ရတယ်။ ဒီလိုမတရား တောင်းရမ်းမှု၊ ခြိမ်းခြောက်မှု၊ လမ်းခရီးကြေးအမျိုးမျိုးပေးဆောင်ရတဲ့အတွက် ကုန်စည်ပစ္စည်းတွေလည်း ဈေးမတော်မတရား ထိုးတက်လာတာတွေ့ရတယ်။ ပုံမှန်ဝင်ငွေမရှိတဲ့သူတွေအဖို့တော့ တောင်းရမ်းရတာမျိုး၊ အွန်လိုင်းပေါ်မှာ အလှူခံ တောင်းရမ်းတာမျိုး၊ တစ်နပ်စာရဖို့ ငွေလေး ၄ ထောင်/ ၅ ထောင် ရဖို့ အတော်လေးရုန်းကန် နေရတာမျိုးတွေ တွေ့ရတယ်။ တစ်ချို့ဆိုရင် အိမ်ငှားခဆက်မပေးနိုင်တော့လို့ အိမ်ရှင် မောင်းထုတ်/နှင်ထုတ်တာမျိုး ခံရတာတွေလည်း တွေ့ရမြင်ရတယ်။ အရောင်းအဝယ်တွေလည်း ခက်ခဲလာတယ်၊ နေထိုင်မှုဘဝတွေလည်း ယိုယွင်းလာတယ်၊ ဘဝတွေက ပိုပြီး ခက်ခဲလာတာမျိုးတွေ ရှိပါတယ်။”**

RICE သုတေသနပြုဖွဲ့၏ လေ့လာသုံးသပ်ချက်အရ နေပြည်တော်အုပ်ချုပ်ရေးနယ်မြေနှင့်နီးစပ်သော ကယား (ကရင်နီ) ပြည်နယ်ကို စစ်ကောင်စီမှ ပိုမိုထိုးစစ်ဆင်ခဲ့သည်။ ကရင်နီပြည်နယ်တွင် စစ်ဘေးရှောင် ထွက်ပြေးရသည့် လူဦးရေကား များသထက် များလာသည်ကို တွေ့ရပေမည်။

စစ်ရေးအခြေအနေနှင့် အတူ ပြည်သူလူထု၏ အခက်အခဲကို ကရင်နီပြည်မှ ပြည်သူတဦးက အောက်ပါအတိုင်း ပြောပြပါသည်။

> **"ဒီကာလမှာဆို ပြည်သူတွေအားလုံး အခက်ခဲဖြစ်နေပြီး အခြေနေအားလုံးက မခန့်မှန်းနိုင်လောက်အောင် မငြိမ်မသက်ဖြစ်နေတယ်။ စကစ ဘက်ကနေလည်း မကြာခဏ လက်နက်ကြီးတွေနဲ့ပစ်ခတ်နေသလို ရွာတွေထဲကိုလည်း စစ်ကြောင်းတွေဝင်တယ်။ ဒီဘက်မှာရှိတဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ အပြန်အလှန်ပစ်ခတ်တာတွေလည်းရှိတော့ ပြည်သူတွေက စစ်ဘေးရှောင်နေရတာများတယ်။ တချို့ရွာတွေမှာဆိုရင်တော့ ပြည်သူတွေက ရွာမှာပြန်နေလို့ရတာရှိတယ်။ ပြန်နေလိုက် ပြန်ရှောင်လိုက်ပေါ့။ အဲဒီအခါမှာ ဘာစီးပွားရေးမှ မလုပ်နိုင်ကြဘူး။ ရွာမှာပြန်နေတဲ့ခဏမှာ တောင်ယာစီးပွားလုပ်ကြမယ်ဆိုရင်လည်း စစ်ဘေးပြန်ရှောင်တဲ့ခါကြ အားလုံးတဝက်တပြတ်ဖြစ်ပြီး ပျက်စီးသွားကြတဲ့အတွက် စားဝတ်နေရေးအတွက်လည်းအဆင်မပြေဘူး။"**

**(ခ) လူမှုရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုမှုများ**

ပြည်တွင်းစစ်ခရီး ကြာရှည်လာသည့်နှင့်အမျှ ပြည်သူလူထု၏ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု ယန္တယားများမှာ လည်းယိုယွင်းပျက်စီးလာသည်။

မွန်ပြည်နယ်အတွင်း အခြေအနေကို မုဒုံမြို့သားတဦးက အောက်ပါအတိုင်း ပြောပြပါသည်။

> **"လူမှုရေးမှာ လူတစ်ယောက်နဲ့တယောက် သံသယနဲ့ နေနေကြရတယ်၊ ဘယ်တစ်ယောက်ကိုမှ ယုံကြည်မှု မရှိတော့ဘူး၊ အရင်တုန်းကဆို ကျွန်တော်တို့ ကိုယ့်အချင်းချင်းတွေ့ရင် ဘယ်မှာလဲ၊ ဘယ်လိုလဲ နေလို့ကောင်းရဲ့လား အဲလိုမေးကြတယ် ဆိုရှယ်မီဒီယာမှာရော ဘယ်မှာပဲဖြစ်ဖြစ်၊ အခုဆိုလို့ရှိရင် အဲလိုမေးဖို့ သိပ်မရဲတော့ဘူး၊ ကိုယ့်ဘာကိုယ်နေ အဲလိုဖြစ်ကုန်တယ်၊ ကျွန်တော်တို့ချည်းပဲ ဖြစ်သလားဆိုတော့ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှာလည်း အဲလိုပဲ ဟိုဘက်ကလူလား၊ ဒီဘက်က လူလား မသိကြတဲ့အခါ လူတိုင်းပါပဲ သံသယရှိလာကြတာပေါ့။**

> **ပညာရေးမှာ ကျောင်းသားတွေ သာမန်ထက် ကျောင်းထွက်သွားတာ ပိုများတယ်၊ ပြီးတော့ သူတို့ပြောတယ် အွန်လိုင်းစနစ်လုပ်မယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာကျတော့ အဲလောက်မထိရောက်ဘူး၊ ဒါကတော့ အခြေခံပညာကျောင်းအတွက်ပေါ့၊ အထက်အဆင့်မှာ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားတွေလည်း ပိုပြီးတော့ ကျောင်းထွက်နှုန်း ပိုများတာကို တွေ့ရတယ်။ CDM ဝင်ထားတဲ့ လူတွေကလည်း အလုပ်အကိုင် မရှိနေဘူး၊ အဲဒီတော့ ဆက်လက်ရပ်တည်ဖို့ ခက်လာတယ်ပေါ့နော် သူတို့အလုပ်ပြုတ်သွားတဲ့အခါကျတော့၊ အဲလိုလေး မြင်ရပါတယ်။"**

စစ်အာဏာသိမ်းပြီးသည့် နောက်ပိုင်း ပညာရေးတွင် နစ်နာဆုံးရှုံးမှုကို ရေးမြို့မှ ကျောင်းသားတဦးမှ အောက်ပါအတိုင်း ရှင်းပြသည်။

> **"ပြောင်းလဲတဲ့နေရာမှာ တိုးတက်လာတာမျိုးမဟုတ်ဘဲနဲ့ ဆုတ်ယုတ်လာတာမျိုးပါ။ အဲလိုအများကြီး ဆုတ်ယုတ်လာတာအထဲက ကျွန်ုပ်အနေနဲ့ အနီးစပ်ဆုံးဆိုရင် ပညာရေးပေါ့နော်။ ကျွန်တော်ကိုယ်တိုင်လဲ တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်တယ်။ အာဏာသိမ်းပြီးတော့ နောက်ဆက်တွဲ ဆန္ဒပြပွဲတွေမှာ ကျောင်းသားတွေ၊ ဆရာ/ဆရာမတွေ အများကြီးပါဝင်လာတာကြောင့် တပ်ဘက်ကနေပြီးတော့ နှိပ်ကွပ်၊ ငြိမ်းခြောက်၊ ထောင်ချတယ်။ တစ်ဆက်တည်းမှာဘဲ ကျောင်းသားတွေဘက်ကလဲ စာသင်ကျောင်းကအစ ကျောင်းမတက်ကြဖို့ ဆော်ဩသပိတ်မှောက်ကြတယ်။ အဲလိုနဲ့ ပညာရေးကဏ္ဍဟာ ခဏရပ်တန့်သွားခဲ့တယ်။ နောက်ပိုင်း စစ်ကောင်စီဘက်က စာသင်ကျောင်းတွေကို ပုံမှန်ပြန်ဖွင့်လာတော့ ဆန္ဒပြကျောင်းသားတွေဟာ လက်နက်ကိုင်လမ်းစဥ်မှာ အားကောင်း**

**နေတဲ့အချိန် ဖြစ်နေလေပြီ။ အဲဒါကြောင့် စစ်ကောင်စီရဲ့ အုပ်ချုပ်ရေးယန္တယားတွေကို ဖြုတ်ချဖို့ ဖြစ်လာပြီး စာသင်ကျောင်းတွေကိုပါ ပစ်မှတ်ထားလာကြတယ်။ တော်လှန်ရေးသမားတွေဖြစ်တဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေဟာ စစ်ကောင်စီဖွင့်တဲ့ စာသင်ကျောင်းတွေဆီ ကျောင်းမတက်ကြဖို့နဲ့ ဆရာ/ဆရာမတွေကို CDM လှုပ်ရှားမှုမှာ ပါဝင်ကြဖို့ ထုတ်ပြန်ခဲ့သလို အဲလိုလုပ်ဆောင်ခြင်းမရှိခဲ့ရင် အသက်အန္တရာယ်ကို အာမ,မခံနိုင်ကြောင်းလဲ ခြိမ်းခြောက်တာမျိုး ဖြစ်လာတယ်။ ဒါကြောင့် မိဘတွေဟာ ကျောင်းနေအရွယ်ကလေးတွေဖြစ်တဲ့ သူတို့သား/သမီးတွေရဲ့ စာသင်ကျောင်းထားပြီး ပညာသင်ယူခွင့်ကို လိုလားပေမဲ့ ထိုကဲ့သို့ ထုတ်ပြန်ချက်များကြောင့် ကျောင်းမထားသူများလဲ ရှိလာတယ်။ အများအားဖြင့် ကျေးလက်ကျေးရွာများတွင် အဖြစ်များပြီး မြို့ပြများတွင် အချို့မိဘများဟာ စစ်ကောင်စီလက်အောက်ရှိ စာသင်ကျောင်းများတွင် ကျောင်းမထားသော်ငြားလည်း ကိုယ်ပိုင်ကျောင်းများတွင် သော်လည်းကောင်း၊ အင်တာနက်မှတဆင့် သော်လည်းကောင်း စတဲ့နည်းတွေနဲ့ ကလေးတွေရဲ့ ပညာသင်ယူခွင့် မဆုံးရှုံးအောင် စီစဉ်နေကြရပါတယ်။ တစ်ဖက်ကလဲ စစ်ကောင်စီတပ်ဟာ တိုက်ပွဲမရှိလည်းဘဲ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးတာမျိုးအပြင် ဝေဟင်ကနေ လက်နက်ကြီးတွေနဲ့သော်လည်းကောင်း၊ စစ်လေယာဉ်များဖြင့်သော်လည်းကောင်း စာသင်ကျောင်းများကိုပင် ရှောင်ကွင်းခြင်းမရှိဘဲ ပစ်ခတ်တိုက်ခိုက်နေတယ်။ ဒါကြောင့် ပြည်သူတွေဟာ နီးရာဓါးကို ကြောက်ရသကဲ့သို့ လက်နက်ကိုင်မှန်သမျှ ကြောက်လန့်နေရပြီး ကလေးတွေရဲ့ ပညာရေးကို လိုလားပေမဲ့ အခြေအနေအရ ကျောင်းမထားကြဘဲ ကလေးများ ပညာသင်ယူခွင့် ဆုံးရှုံးနေရပါတယ်။ မြန်မာနိုင်ငံမှာ တပ်မတော်အာဏာသိမ်းပြီးနောက်ပိုင်း ပညာရေးလိုဘဲ အခြားကဏ္ဍအားလုံး ဆုတ်ယုတ်ပျက်သုဉ်းကိန်း ဆိုက်နေပါတယ်။"**

အလားတူအခြေအနေမှာ မုဒုံမြို့နယ်တွင်သာမက အခြားသောနေရာများတွင်လည်း တွေ့ရပေသည်။ ပညာရေး၊ ကျန်းမာရေးယန္တယားများ ပျက်စီးသွားပြီဖြစ်သည့်အတွက် ယခင်ကရှိပြီးသား အကျင့်ပျက်ခြစားမှုကား ပိုမိုဆိုးဝါးလာသည်။ ကျန်းမားရေးကဏ္ဍတွင် ဆရာဝန်အများအပြား CDM ဝင်သွားပြီး စစ်တပ်မှဆရာဝန်များနှင့် အစားထိုးထားသည်။ အောက်ခြေဝန်ထမ်းများမှ အကျင့်ပျက်လာပြီဖြစ်သည်။ ထိုအခြေအနေကို ချောင်းဆုံမြို့နယ်မှ ပြည်သူတဦးက အောက်ပါအတိုင်း အတည်ပြုသည်။

**"ပညာရေးမှာ ခလေးတွေ ကျောင်းနားထားရပြီး တချို့က ပြန်တက် တချို့က ကျောင်းထွက်ပြီး နိုင်ငံခြားရောက်ကုန်တယ်။ ခုချိန်ထိလည်း ကျောင်းသားတချို့ ကျောင်းမတက်ဘဲ ရှိနေဆဲပဲ၊ ကျန်းမာရေးဆိုလဲ တချို့ဆေးရုံဆေးခန်းမှာ ဆရာမတွေရဲ့အချိုးတွေ ပြောင်းလာတယ်။ အရင်တုန်းကလို လူနာတွေကို ဟောက်စားလုပ်လာတယ်။ အိမ်မှာ အလုပ်လုပ်ဖို့လဲ မီးကအဆင်မပြေ၊ လျှပ်စစ်မီး ဘယ်လိုမှ မရဘူး၊ တခါလာရင် ၂ နာရီလောက်ပဲဆိုတော့ ဘာအလုပ်မှ လုပ်လို့ အဆင်မပြေဘူးပေါ့။"**

မွန်ပြည်နယ်ထက် စစ်ရေးပဋိပက္ခပိုများသော ကရင်ပြည်နယ်တွင်ကား ပညာရေးနှင့်ကျန်းမာရေးယန္တယားအချို့ကို KNU မှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သော်လည်း စစ်ရေးပဋိပက္ခဖြစ်နေဆဲနေရာများတွင် အခြေအနေ ဆိုးဝါးနေပါသည်။ ၎င်းအခြေအနေကို ဖားအံဒေသခံတဦးက အောက်ပါအတိုင်း ရှင်းပြသည်။

**"အစစအရာအရာ ကြပ်တည်းလာတဲ့အပေါ်မှာ ပြည်သူတွေရဲ့ သွားလာလှုပ်ရှားမှု၊ ကူးသန်းရောင်းဝယ်မှု၊ နေထိုင်မှုဘဝ၊ အသက်ရှင်ရပ်တည်နိုင်ဖို့ ခက်ခဲလာတယ်။ "ဥပဒေနဲ့အညီ အာဏာသိမ်းတယ်" ဆိုတော့ ဘယ်မှာမှ မကြားဖူးပါဘူး။ လူတွေက အကြောက်တရားနဲ့ အသက်ရှင်နေကြရတယ်။ ဘယ်လိုအချိန်မှာ ဘာထဖြစ်မလဲဆိုတာ လုံးဝ ခန့်မှန်းလို့မရနိုင်ဘူး။ မြို့ပေါ်တော်တော်များများတော့ ပြည်သူတွေအားလုံးကတော့ မသင်္ကာတဲ့ မျက်လုံးတွေနဲ့၊ ရန်သူလို့သဘောထားတဲ့ အကြည့်မျိုးတွေနဲ့ စောင့်ကြည့်ခံနေကြရတယ်။ တစ်ဖက်က ပြန်လှန်ခုခံချင်ကြပေမယ့် အကြောက်တရားက လွှမ်းမိုးထားတဲ့အခါ၊ အိမ်က ကျန်နေတဲ့ မိသားစုလေးရဲ့ မျက်နှာလေးတွေကို ပြန်ကြည့်လိုက်ကြတဲ့အခါ မခံစားနိုင်လို့ ရင်ထဲကြိတ်ပြီး ခံနေကြရတယ်။"**

အာဏာသိမ်းခြင်းကြောင့် ကျေမွပျက်စီးသွားသော စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို သထုံသားတဦးက အောက်ပါအတိုင်းပြောပါသည်။

> **"အာဏာသိမ်းပြီး (၆) လလောက် ကြာလာတဲ့အခါမှာ ပညာရေး၊ စီးပွားရေးမှာ တော်တော်လေးချွတ်ခြုံကျလာတယ်၊ ပစ်ခတ်မှုတွေ ဖြစ်နေတဲ့အခါကျတော့ စီးပွားရေးလည်း တော်တော်ပျက်တယ်ကွ၊ ဘာကြောင့် ပျက်လဲဆိုရင် အဲမှာ ကိုဗစ်နဲ့လဲဆုံသွားတယ်၊ တဖက်မှာ စစ်မက်ကလည်းဖြစ်တော့ စီးပွားရေးက တော်တော်လေးချွတ်ခြုံကျသွားတယ်၊ ဘယ်သူတွေ ခံစားရလဲဆိုတော့ အခြေခံလူတန်းစားတွေ ခံရတယ်၊ အဲတော့ အာဏာသိမ်းစစ်တပ်ကို ပိုပြီးတော့ မကျေနပ်မှုတွေ ပြင်းထန်လာတယ်၊ အဲမှာ ပိုပြီးတော့ ဆိုးဝါးလာပြီးတော့ တိုင်းပြည်က ထိန်းမနိုင်သိမ်းမရ ဖြစ်၊ အဲမှာ ကျန်းမာရေးဝန်ထမ်းတွေကလည်း CDM လုပ်တော့ ကျန်းမာရေးကုသမှု ဘယ်လိုမှ မပေးနိုင်တော့ဘူး၊ ကျန်းမာရေးကဏ္ဍက ပျက်စီးလုနီးပါး ငါတို့ ကြုံတွေ့ခဲ့ရတာပေါ့၊"**

မြန်မာနိုင်ငံတောင်ပိုင်း ဒေသအတော်များများမှာ လုံခြုံရေးပျက်ပြားခြင်းနှင့် အတူ တရားဥပဒေစိုးမိုးရေးမှာလည်း မရှိတော့ပေ။ ရာဇဝတ်အမှုခင်းများ ဖြစ်သည့် ခိုးမှု လုယက်မှုတို့ မှာ ပိုမိုပြင်းထန်လာသည်။

> **"စစ်တပ်ခေတ် တရားဥပဒေစိုးမိုးမှုက အားလုံးကို ကြောက်နေရတဲ့ခေတ်ကို ပြန်ရောက်နေသလိုပဲ။ သူတို့ဘာလုပ်လုပ် မှန်ပြီး သူတို့ထုတ်သမျှအမိန့်တွေက အဓိပ္ပါယ်မရှိလည်း လိုက်နာရတယ်။ အနုကြမ်းစီးခံလိုက်ရလို့ အသတ်ခံလိုက်ရလို့ သေသွားရင်တောင် တိုင်တန်းနိုင်တဲ့နေရာမရှိဘူး။ သူတို့ကို အရေးယူပေးနိုင်တဲ့သူတွေမရှိဘူး။"**

မွန်ပြည်နယ်အချို့သော ဒေသတွင် နယ်မြေအေးချမ်းသည်ဆိုသော်လည်း အမှုအခင်းအများအပြား ပေါ်ပေါက်နေကြောင်းချောင်းဆုံမြို့နယ်ဒေသခံတဦးမှ ပြောပါသည်။

> **"အာဏာသိမ်းစစ်ကောင်စီကတော့ သူတို့ရဲ့အာဏာအတွက်ကိုပဲ စိုးရိမ်မှုရှိကြတာပါ။ ဒါကြောင့် တရားဥပဒေစိုးမိုးမှုနဲ့ပတ်သက်ပြီး အမှုခင်းတွေဖြစ်တာမျိုး၊ ရာဇဝတ်မှုစတာတွေကို လျစ်လျူရှုထားကြတာများပါတယ်။ သူတို့ဘက်က တစ်ခုခုလုပ်မယ်ဆိုရင် တခြားတဖက်ဖက်က အတိုက်အခံ မလုပ်နိုင်အောင် လုပ်ဖို့ကိုပဲ ဦးစားပေးတာမျိုးရှိတယ်။ အမှုဆိုရင် မုဒိမ်းမှုကအစ ထိရောက်တဲ့ အရေးယူမှုလုပ်တာတွေသိပ်မရှိဘဲ ပစ်ထားကြတာများပါတယ်။ အမှုတစ်ခုခုဖြစ်လို့ သက်ဆိုင်ရာတွေဆီ သွားတိုင်တယ်ဆိုရင်လဲ ရဲဝန်ထမ်းတွေကအစ ငွေပေးမှသာ အမှုလိုက်ပေးတာမျိုးရှိပါတယ်။ အဲ့လိုမျိုး တရားဥပဒေစိုးမိုးရေး ဘာမှကိုမရှိပါဘူး။ ဒါအပြင် စစ်တပ်ဘက်ကလဲ တရားဥပဒေစိုးမိုးဖို့အတွက်က ဦးစားပေးမဟုတ်ဘဲ ၎င်းတို့ရဲ့ အာဏာတည်မြဲဖို့အတွက်သာ အဓိကကျတာဖြစ်နေပါတယ်။"**

စစ်ကောင်စီ၏ အာဏာပိုင်များမှာ မတရားဖမ်းဆီးမှု၊ ခြိမ်းခြောက်မှုတို့ဖြင့် လူငယ်များကို ဖမ်းဆီးကာ မတရားငွေညှစ်ရယူမှုရှိသည်။ ၎င်းကိစ္စအား မွန်ပြည်နယ်သားတဦးက ရှင်းပြသည်။

> **"မတော်မတရားတဲ့ ဥပဒေ (ဥပမာ – ပုဒ်မ ၅၀၅) တွေထုတ်ပြီး အပြစ်မရှိ၊ အပြစ်ရှာပြီး ဖမ်းဆီး၊ ထောင်ချ၊ မတော်မတရား ငွေပမာဏတွေနဲ့ လာရောက်ရွေးယူ (ဥပမာ – သားသမီးကို ပြန်ခေါ်ချင်ရင် သိန်း ၁၀၀၀ ပေးရမယ်) ဆိုတာမျိုးတွေ လုပ်နေကြတယ်။ စီးပွားရေး အကြီးစားလုပ်နေကြတဲ့သူတွေ အဖမ်းခံရတယ်။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေမတော်မတရားအဖမ်းခံနေရတယ်။တရားဥပဒေစိုးမိုးမှုလုံးဝမရှိတော့ဘူး။ဘယ်သူကိုမှယုံကြည်လို့မရတော့ဘူး။ အားလုံးက တစ်ယောက်နဲ့ တစ်ယောက် အမြတ်ထုတ်ဖို့ကို ပဲစဉ်းစားလာကြတယ်။"**

မွန်ပြည်နယ်နည်းတူ ကရင်ပြည်နယ်တွင်လည်း အုပ်ချုပ်ရေးယန္တယားများ ပျက်စီးကာ တရားဥပဒေစိုးမိုးရေးထက် အကျင့်ပျက်ခြစားမှုသာ ပိုမိုများပြားလာသည်။

> **"ပြည်သူလူထုရဲ့ လုံခြုံရေးကတော့ လုံးဝ အာမခံချက်မရှိတော့ဘူးလို့ ပြောလို့ရတယ်။ အခုအချိန်ထိ ညအချိန်မတော် လာဖမ်းသွားပြီး ပိုက်ဆံနဲ့ လာပြန်ရွေးခိုင်းတဲ့ ဖြစ်စဉ်တွေ ရှိနေတုန်းဘဲ။ သို့သော်လည်း ဒီကိစ္စတွေက အပြင်ကို ပြန်ပေါက်ကြားတာ အရမ်းနည်းတော့ သာမန်အားဖြင့် လူတွေက မသိကြဘူး။ နောက်တစ်ခုကတော့ ဘားအံကနေ အခြားမြို့ကို သွားမယ်ဆိုရင် ခရီးသည်တွေအနေနဲ့ သံလွင်တံတားရဲ့ အတက်နဲ့အဆင်း ဂိတ်တွေမှာ အစစ်ခံရတာမျိုးတွေရှိတယ်။ အဓိကက ဖုန်းစစ်တာပါ။ အဲ့ဒီ စစ်ဆေးရေးဂိတ်တွေမှာ ခရီးသည်တွေရဲ့ personal issues တွေ privacy တွေဆိုတာ လုံးဝမရှိတော့ဘူး။ ဖုန်းထဲမှာ နိုင်ငံရေးနဲ့ ပတ်သက်တာတွေရင် ခြွင်းချက်**

**မရှိ ဖမ်းတယ်။ အဖမ်းခံရသူတွေလဲ ရာနဲ့ချီပြီးရှိသလို တချို့ကျတော့လဲ ပိုက်ဆံနဲ့ ညှိလို့ရသွားတာလဲ ရှိတယ်။ ပြီးတော့ အရင်က မြို့ထဲမှာ မနက် ၉ နာရီနဲ့ ညဘက် ၇ နာရီလောက်ဆို အမြဲတမ်း စစ်ဆေးတာမျိုးတွေလဲရှိတယ်။ ဖုန်းရယ်၊ ဆိုင်ကယ် box တွေနဲ့ ကားနောက်ခန်းတွေကို စစ်တယ်။ အခုနောက်ပိုင်းမှာတော့ အဲ့လိုစစ်တာတွေ မရှိတော့ဘူးထင်တယ်။ သိပ်သတိမထားမိတော့ဘူး။"**

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့များကား စစ်တပ်၏ ခိုင်းစေမှုအောက်တွင် အပြည့်အဝရောက်ရှိသွားပြီး စစ်တပ်၏ စေခိုင်းသည့်အတိုင်းပင် ဒီမိုကရေစီအရေး၊ လူ့အခွင့်ရေးလှုပ်ရှားသူတွေကို ဦးတည်တိုက်ခိုက်ခဲ့သည်။ တရားဥပဒေစိုးမိုးရေး မရှိတော့ကြောင့် ဖိနှိပ်မှုသာရှိကြောင်း မုဒုံမြို့သားတဦးက ပြောပါသည်။

**"ပြည်တွင်းမှာ စစ်ပွဲပိုကျယ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းမရှိကြတော့ ပိုပြီးတော့ ဝတ်မွတ်လာမယ်၊ ငွေကြေးဖောင်းပွမှု ဖြစ်လာမယ်၊ ဆင်းရဲကြပ်တည်းလာတဲ့အခါ သူခိုးတွေပေါလာတယ်၊ ဓါးပြတွေ များလာမယ်၊ ဆိုင်ကယ်ပျောက်နေတာလည်း မရေတွက်နိုင်တော့ဘူး၊ စစ်ပွဲကြောင့် စစ်ဘေးရှောင်ပြည်သူတွေလည်း ထွက်ပြေးတိမ်းရှောင်နေရတာ မနည်းတော့ဘူး၊**

**တရားဥပဒေစိုးမိုးမှုက ကမောက်ကမဖြစ်နေခဲ့တာ ကြာပါပြီ၊ ယခုအခြေအနေက ကျွန်တော်တို့နိုင်ငံမှာ ဘယ်သူက ပြောလို့ပြီးလဲ မသိတော့ဘူး၊ နီးစပ်ရာကပဲ ပြောလို့ဆိုလို့ ပြီးနေတာလား မပြောတတ်တော့ဘူး၊ အမှုတစ်ခုခုဖြစ်ရင်လည်း ဘယ်သူဘယ်အဖွဲ့အစည်းက စီရင်ချက်ချရမလဲ ဒါလဲမရှင်းနေဘူး၊ ဒီလိုအခြေအနေဖြစ်နေတာ အများကြီးပဲ၊**

**ယခုစစ်ကောင်စီရဲ့ တရားစီရင်မှုကလည်း အမှုအားလုံးကို ပြန်သုံးသပ်ရရင် တော်လှန်ရေးအင်အားစုတွေရဲ့ အမှုကလွဲရင် မုဒိန်းမှုတို့၊ ခိုးမှုတို့၊ ဓါးပြတိုက်စားတဲ့အမှုတို့ အကုန်လုံးကို ကိုင်တွယ်ပြီး အကောင်အထည်ဖော်တာ ဘာမရှိတော့ဘူး၊ သူဘာမှ အရေးယူဆောင်ရွက်ပေးတာ မရှိတော့ဘူး၊"**

လက်ရှိ ၂၀၂၃ အခြေအနေကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများ လျော့ကျနိုင်ဖွယ် မရှိပေ။ တော်လှန်ရေးအင်အားစုများမှ ဗမာ/မြန်မာစစ်တပ်အား အကြီးအကျယ်တိုက်ခိုက်ခဲ့သောကြောင့် ၎င်းတို့တပ်စခန်းများ ဆုံးရှုံးခဲ့သည်။ အဓိက တပ်စခန်းများကိုသာ ထိန်းသိမ်းခဲ့သည်။ တချိန်တည်းတွင် လေကြောင်းဖြင့် ပိုမိုတိုက်ခိုက်လာသည်။ တဖက်တည်းတွင် အမျိုးသားညွန့်ပေါင်းအစိုးရနှင့် တော်လှန်ရေးအဖွဲ့အစည်းများမှလည်း မိမိတို့အင်အားတောင့်တင်းအောင်ဆောင်ရွက်နေပြီးအရှိန်မြင့်တိုက်ခိုက်နေသည့်အတွက်မြန်မာနိုင်ငံအားအုပ်ချုပ်သည့်အဖွဲ့အစည်း (၂) ဖွဲ့အကြား ငြိမ်းချမ်းရေးအတွက် တွေ့ဆုံမှုကား မဖြစ်နိုင်ပေ။

# အခန်း (၇)

## ငြိမ်းချမ်းရေးအလားအလာ


### (က) စစ်ကောင်စီ၏ စစ်ရေးအသုံးစရိတ်

ကာကွယ်ရေးဟုဆိုရာတွင်နိုင်ငံတော်ကာကွယ်ရေးလော၊စစ်ဗိုလ်ချုပ်များအတွက်ကာကွယ်ခြင်းလားသံသယဖြစ်ဖွယ်ရှိသည်။ ဒီမိုကရေစီအစိုးရကိုဖြုတ်ချပြီး အာဏာသိမ်းထားသော စစ်ကောင်စီမှ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်လိုက်ခြင်းက မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိနိုင်သနည်း။ လေ့လာဆန်းစစ်ကြည့်ကြပါစို့။

လာမည့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ကျပ်ဘီလီယံ ၅၆၀၀ ကျော်အထိ တိုးမြှင့်သုံးစွဲခွင့်ပြုလိုက်ပြီဖြစ်သည်။ ထို့ကြောင့် စစ်ကောင်စီတပ်အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲပြီး ယခင်ကထက် အကြမ်းဖက်မှုလုပ်ငန်း ပိုမိုပြုလုပ်နိုင်ကြောင်း ကနဦးသုံးသပ်လိုသည်။

ပြီးခဲ့သည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးခဲ့သည့် ကာကွယ်ရေးအသုံးစရိတ်မှာ ကျပ်ဘီလီယံ ၃၇၀၀ ကျော်သာရှိပြီး ယခုနှစ် ခွင့်ပြုပေးလိုက်သော ပမာဏနှင့် နှိုင်းယှဉ်ကြည့်ပါက ကျပ်ဘီလီယံ ၁၉၀၀ ကျော်တိုးလာသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ၂၀၂၃ ခုနှစ်ကို နွေဦးတော်လှန်ရေး အဆုံးအဖြတ်ပေးမည့်နှစ်အဖြစ် သတ်မှတ်ထားသည်။ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က NUG၊ PDF နှင့် ၎င်းတို့ကို ပံ့ပိုးပေးနေသည့် EAO တချို့ကိုပါ ပြတ်ပြတ်သားသား အရေးယူမည်ဖြစ်ကြောင်း ကြေညာထားသည်။ ထို့ကြောင့် စစ်ကောင်စီက ၂၀၂၃ ခုနှစ်အတွင်း တော်လှန်ရေးအင်အားစုများကို ချေမှုန်းရန် အစီအစဉ်ရှိခြင်းကြောင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ခြင်းဖြစ်ကြောင်း ပြောဆိုနိုင်သည်။ နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်က –



> **၂၀၂၃ ခုနှစ်ဟာ ဗမာပြည်ပြည်တွင်းစစ်ရဲ့ အရှိန်အဟုန်အမြင့်ဆုံး အနေအထားကို ရောက်ရှိသွားမယ့် အခြေအနေပါ။ ဒါကြောင့်မို့ အခုဘဏ္ဍာနှစ်ရဲ့ ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်လိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ စစ်တပ်အနေနဲ့ ပြည်သူ့ဘဏ္ဍာတွေကို ဒီပြည်တွင်းစစ်မှာ တိုးမြှင့်သုံးစွဲပြီး ပြည်သူတွေကို ပိုမိုအကြမ်းဖက် လုယက်မယ်၊ အိမ်တွေမီးရှို့မယ်၊ သတ်ဖြတ်ချေမှုန်းမယ်၊ ဖမ်းဆီးထောင်ချမယ် စတဲ့အလုပ်တွေ တိုးမြှင့်လုပ်ဆောင်ဖို့အတွက် ဒီဘတ်ဂျက်ကနေ တိုးမြှင့်သုံးစွဲဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်[၁၄၈]။**

စစ်ကောင်စီတပ်သည် အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားဒေသများအပါအဝင် တော်လှန်ရေး ပြင်းထန်သည့် နယ်မြေတို့တွင် စစ်မျက်နှာဖွင့်ထားရသည်။ စစ်ရေးလှုပ်ရှားမှုများ တိုးချဲ့ကာ မြေပြင်စစ်ဆင်ရေးတွင် အရေးနိမ့်လာပြီး လေကြောင်းပစ်ကူ တိုက်ခိုက်မှုကို ပိုမိုအားထား အသုံးပြုနေရသည်။ ယင်းကြောင့်လည်း ကာကွယ်ရေး အသုံးစရိတ် ပိုမို ကုန်ကျရသည်။

စစ်ကောင်စီက ဘဏ္ဍာငွေသုံးစွဲရာတွင် လူထုအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍမှ ခွင့်ပြုပေးသည့် အသုံးစရိတ်နှင့် ကာကွယ်ရေးအသုံးစရိတ်တို့ နှိုင်းယှဉ်ကြည့်ပါက မိုးနှင့်မြေလောက် ကွာခြားနေသည်။ စစ်ကောင်စီမှ သုံးစွဲလိုက်သော စစ်ဘက်ကုန်ကျစရိတ်များသည် နိုင်ငံတော်ကာကွယ်ရေးအတွက် မဖြစ်စေဘဲ ၎င်းတို့အာဏာတည်မြဲရေးအတွက်၊ ၎င်းတို့ကိုယ်ကျိုးစီးပွားကို ကာကွယ်ဖို့အတွက်သာ ဖြစ်သည်။

### (ခ) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတွင်ပါဝင်မှု

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EROs) များမှ စစ်ကောင်စီနှင့် ဆက်လက်တွေ့ဆုံနေသည့် ကိစ္စပေါ် ရေးမြို့မှ နိုင်ငံရေးသုံးသပ်သူတဦးမှ အောက်ပါအတိုင်း ပြောဆိုသည်။

> **"EAOsတွေက တပ်နဲ့ နှစ်ပေါင်းများစွာတိုက်လာပြီး သူတို့က စစ်ရဲ့အနိဋ္ဌာရုံကို သိရှိပြီးနောက်ပိုင်းမှာ စစ်မတိုက်ချင်တော့ဘူး၊ အဲတော့ တပ်နဲ့အပေးအယူလုပ်လာတဲ့ အပိုင်းရှိလာတယ်ပေါ့နော်။ တိုက်ခိုက်နေတာတွေက စီးပွားရေးကြောင့်လည်း ဖြစ်ချင်ဖြစ်မယ်။**
>
> **ငြိမ်းချမ်းရေးပွဲကို မသွားတဲ့အဖွဲ့က မသွားဘူးပေါ့လေ။ ဒါပေမယ့် သူတို့စီးပွားရေးနဲ့ နီးစပ်တဲ့အဖွဲ့တွေ သွားရင်သွားမယ်။ ကရင် KNLA ထဲမှာ PC လို့ခေါ်တဲ့ Peace Council ရှိတယ်။ သူက အစိုးရနဲ့ပိုပြီးတော့ closed ဖြစ်တယ်။ သူကသွားတယ် ငါ့အမြင်မှာ သူတို့မှာလည်း ဖိအားတွေ ရှိလိမ့်မယ်။ အပြင်မှာရှိတဲ့ ကမ္ဘာ့အဖွဲ့အစည်းတွေရဲ့ ဖိအားလည်းရှိမယ်။ သူတို့မှာလည်း အကွဲတွေရှိတယ်။ မကွဲကွဲအောင် တဖက်က စီးပွားရေးဗျူဟာသုံးပြီး အခွင့်ကောင်းယူပြီး လုပ်နေတာ။**
>
> **မွန်ကျတော့ တပ်အင်အားနည်းတယ် ထင်တယ်၊ မွန်ပြည်နယ်တောင်ပိုင်းမှာပဲ စုပြီးတော့ မွန်လူမျိုးတွေ ရှိကြတယ်လေ။။ မွန်ပြည်သစ်ပါတီလည်း သူတို့က လိမ္မာတဲ့နည်းလမ်းနဲ့ သုံးနေတယ်လို့ ထင်တယ်၊ အတတ်နိုင်ဆုံးရှောင်တယ် ပြောရမှာပေါ့။"**

နှစ်ဦးအစတွင် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးအဖွဲ့ (NSPNC) နှင့် မြောက်ပိုင်းအဖွဲ့များဖြစ်သော "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့က ဇန်နဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးမည့် အကြောင်းအရာများကို ညှိနှိုင်းခြင်း၊ ဒုတိယအကြိမ် ဆွေးနွေးပွဲက မပြီးပြတ်သေးသည့်အချက်များ၊ အဖွဲ့အသီးသီး၏ နိုင်ငံရေးလိုလားချက်များကိုအပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းစစ်ကောင်စီဘက်ကသတင်းထုတ်ပြန်ထားသည်။ ယင်းသို့ ဆွေးနွေးရာတွင် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စလည်း ပါဝင်ခဲ့ပြီး၊ နိုင်ငံရေးအရ ထူးခြားသည့် သဘောတူညီချက်မျိုး မရခဲ့ကြောင်း SSPP ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းဖုန်းဟန်က ပြောသည်[၁၄၉]။

---

[၁၄၈] သံလွင်တိုင်းမ်, April ၅ ၂၀၂၃ : ကာကွယ်ရေးအသုံးစရိတ် ကျပ်ဘီလီယံ ၅၆၀၀ ကျော်အထိ စစ်ကောင်စီတိုးမြှင့် https://www.facebook.com/thanlwintimes၉/posts/pfbid၀၂sာ၁eo၁nhzF၉၈Z၅၉ZHJkpdK၉L၆faLxTubsiBYEo၈X၉CPcat၂UESGRy၃PFeQCMuikjPl

[၁၄၉] VOA, Jan ၁၀ ၂၀၂၃ : တရုတ်နယ်စပ်အခြေစိုက် လက်နက်ကိုင် ၃ ဖွဲ့နဲ့ စစ်ကောင်စီဆွေးနွေးပွဲ သဘောတူညီမှုမရ – https://burmese.voanews.com/a/၆၉၁၁၉၀၅.tml

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး စစ်ကောင်စီဘက်က အဓိကဆွေးနွေးခဲ့သော်လည်း အစည်းအဝေးမှတ်တမ်းမှလွဲ၍ မည်သည့်လက်မှတ်မျှ မရေးထိုးနိုင်ခဲ့ပါ။ စစ်ကောင်စီနှင့် ၂၀၂၂ ခုနှစ်အတွင်း ပန်သင့်သော်ငြားလည်း အလုပ်မဖြစ်ခဲ့ခြင်းကြောင့် စစ်ကောင်စီဖိတ်ခေါ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့က နောက်ဆုတ်ခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ စစ်ကောင်စီနှင့် မွန်ပြည်သစ်ပါတီတို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး၊ မွန်စာပေသင်ကြားခွင့်ရရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း စစ်ကောင်စီက သတင်းထုတ်ပြန်ထားသည်[၁၅၀]။ သို့သော်လည်း မည်ကဲ့သို့သော သဘောတူညီချက်များ အသေးစိတ်ကို စစ်ကောင်စီဘက်က တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးသလို မွန်ပြည်သစ်ပါတီကလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါ။

စစ်ကောင်စီမှ ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲအား မွန်ပြည်သစ်ပါတီမှ တက်ရောက်နေသော်လည်း ကရင်နီပြည်နယ်မှ ပြည်သူများကား သဘောမကျပေ။ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်ပြီး ကရင်နီပြည်သူတဦးက အောက်ပါအတိုင်း ပြောပြသည်။

> **အောက်ခြေမြေပြင်အခြေအနေက ဆိုးရွားနေတဲ့အတွက် စကစ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဖြစ်နိုင်ချေမရှိသလို သက်ရောက်မှုလည်းမရှိဘူး။ စကစက ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ဆိုရင် သဘောထားပြည့်ဝဖို့လိုတယ်။ သူတို့က သဘောထားမပြည့်ဝတဲ့အတွက်ကြောင့် ပြည်သူလူထု လက်နက်ကိုင်တပ်ဖွဲ့တွေက စကစရဲ့ ငြိမ်းချမ်းရေးကို မယုံကြည်ဘူး။ မြေပြင်အခြေနေနဲ့ စကစထုတ်ပြန်ချက်နေတွေက လုံးဝမကိုက်ညီနေတော့ ယုံကြည်စရာလည်းမရှိနေဘူး။**

မွန်ပြည်သစ်ပါတီသည် စစ်ကောင်စီနှင့် ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးစဉ်ကတည်းက မွန်လူမျိုးအများစု နေထိုင်နေသည့် အစိုးရစာသင်ကျောင်း မူလတန်းအဆင့်တွင် မွန်ဘာသာတစ်ဘာသာ ထည့်သွင်းသင်ကြားနိုင်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ပေးရန်၊ မွန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကောင်စီ၏ မွန်ပြည်နယ်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် သဘောတူထားခဲ့သည်။ သို့သော်လည်း အကောင်အထည်မဖော်နိုင်ခဲ့ပေ။

> **“ဒေသဖွံ့ဖြိုးရေးကိစ္စတို့ မွန်စာပေသင်ကြားရေးကိစ္စက အဲဒီလောက်တော့ သူက (စကစ) ပေးချင်ပေးလို့ရတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးမှာ အခုဖြစ်နေတဲ့ တိုက်ပွဲအခြေအနေမှာဆိုရင် ဒီဟာတွေက သူပေးရင်လည်း ကိုယ်ကဘာမှ လုပ်လို့ မရဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလည်း စစ်ကောင်စီနဲ့ မွန်ပြည်သစ်ပါတီတို့ ပြင်ဆင်ရတဲ့ကိစ္စ မဟုတ်တဲ့အတွက် ဆွေးနွေးပွဲတက်ရောက်တာဟာ မွန်ပြည်သစ်ပါတီပေါ်မှာ စစ်ကောင်စီရဲ့ စစ်ရေး၊ နိုင်ငံရေးဖိအားတွေ နည်းသွားအောင် လျှော့ချချင်တဲ့သဘော” သာဖြစ်ကြောင်း တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူတစ်ဦးက ထောက်ပြခဲ့သည်။**

မွန်ပြည်သစ်ပါတီကား နိုင်ငံရေးဆွေးနွေးရာတွင် စစ်ကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုပ်ကိုင်နေသည့်အတွက် မျှော်မှန်းသည့် တိုင်းရင်းသားလူမျိုးအခွင့်အရေးများ ရရှိနိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း၊ ယင်းအပြင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အပေါ် အခိုင်အမာရပ်တည်ပြီး အစိုးရအဆက်ဆက်နှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းသွားမှာဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီက မွန်အမျိုးသားနေ့တွင် ထုတ်ပြန်ထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က စစ်ဖြစ်ခြင်းကို ရှောင်ရှားပြီး စစ်ကောင်စီနှင့် တွေ့ဆုံဆွေးနွေးနေသည့် အဖွဲ့

[၁၅၀] သံလွင်တိုင်းမ်, Feb ၁၇, ၂၀၂၃ : မွန်စာပေသင်ကြားခွင့်ရဖို့ မွန်ပြည်သစ်ပါတီနဲ့ စစ်ကောင်စီတို့ သဘောတူလက်မှတ်ရေးထိုး https://www.facebook.com/thanlwintimes9/posts/pfbid02TdzMy42vJkHEtJnPKTKX3JgC1TkaLZjFEZgviLWquQsqBADu39upXLv2Mt2xH783l

များရှိသလို စစ်ကောင်စီကို ပြတ်ပြတ်သားသား ဆန့်ကျင်တော်လှန်နေသည့်အဖွဲ့များလည်း ရှိသည်။ စစ်မီးရှို့နေသည့် စစ်ကောင်စီက ငြိမ်းချမ်းရေးညီလာခံ ပြုလုပ်ချင်သလိုလို ဆိုခဲ့သော်လည်း NUG နှင့် PDF တို့ကို ကူညီနေသည့် (EAOs) အဖွဲ့များကို ပြတ်ပြတ်သားသားချေမှုန်းမည်ဟုလည်း ကြုံးဝါးပြန်သည်[၁၅၁]။

စစ်ကောင်စီမှ ဆောင်ရွက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ကို အသုံးချပြီး အာဆီယံတွင်လည်းကောင်း၊ နိုင်ငံတကာတွင်ပါ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေကြောင်း သက်သေပြဆိုခြင်း ဖြစ်သည်။

၎င်းကိစ္စနှင့် ပတ်သက်ပြီး ချောင်းဆုံမြို့နယ်မှ အမျိုးသမီးတဦးမှ အောက်ပါအတိုင်း သုံးသပ်သည်။

> **နစက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က မအောင်မြင်နိုင်ဘူး။ အဓိကက သူတို့ EAOs တွေကို အသုံးချတာပဲ။ တကယ်လို့ သူ့အကောင်အထည်ဖော်ရင် အောင်မြင်သွားတာ ကြာပြီ။ သူ့အကျိုးစီးပွားအတွက်ပဲ ခေါ်သွားတာ။ သူကြောက်လို့ ခေါ်တာမဟုတ်ဘူး။ သွားဆွေးနွေးတဲ့အဖွဲ့က သူ့ကိုကြောက်မှန်း သူသိလို့ ဆွေးနွေးပွဲမှာ သူပြောတဲ့အချက်ပဲ ဆွေးနွေးခွင့်ရတာ။ သူလှည့်တဲ့အတိုင်းပဲ ဒီလူတွေ ခံနေရတာ။ မကြောက်တဲ့အဖွဲ့က လက်နက်ကိုင်ပြီး တိုက်နေတာ။ မွန်မှာပဲဖြစ်ဖြစ် တခြားတိုင်းရင်းသားပဲဖြစ်ဖြစ် EAOs ခေါင်းဆောင်တွေကို ခေါ်တွေ့လို့သွားရင် လူငယ်တွေက အထိုက်အလျောက် နိုင်ငံရေးနားလည်လာပီလေဆိုတော့ လူကြီးတွေ သဘောတူလဲ ဘာမထူးဘူး၊ လူငယ်တွေ လက်မခံလို့ရှိရင် တော်လှန်ရေးက ဆက်ပြီး ရှိနေမှာပဲ။ ဖြစ်လာအုံးမှာပဲ။ သူတို့အချင်းချင်း ဆွေးနွေးတာ ပြေလည်လဲ ဘာမထူးဘူး။ ယခု မွန်မှာဆို အဖွဲ့အသစ်တွေ ထပ်ပေါ်လာတာပဲ၊ အဲအတွက် ငြိမ်းချမ်းရေးဆိုတာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။**

လက်နက်ကိုင် ပဋိပက္ခအရှိန်အဟုန်ကောင်းနေသည့် အချိန်တွင် မြောက်ပိုင်းလက်နက်ကိုင် ၃ ဖွဲ့ဖြစ်သော "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ/တပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) ခေါ်မိုင်းလားအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (SSPP/SSA) တို့ နေပြည်တော်ကိုလာပြီး စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) က ခေါင်းဆောင်တို့ နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးသည်။[၁၅၂] ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ထူးခြားသည်ကား ငြိမ်းချမ်းရေးညီလာခံ ကျင်းပမည့်အကြောင်းကို စစ်ကောင်စီဘက်က ပထမဆုံးထုတ်ပြောလာသည်။ ညီလာခံကျင်းပရေးနှင့် ပတ်သက်၍ မြောက်ပိုင်းအဖွဲ့တို့ထံ သဘောထားတောင်းခံခဲ့သော်လည်း UWSP၊ SSPP နဲ့ NDAA တို့က သဘောထားမပေးခဲ့ကြကြောင်း သိရသည်။ မတ်လ ၂၈ ရက်နှင့် ၂၉ ရက်နေ့မှာလည်း စစ်ကောင်စီ၏ ငြိမ်းချမ်းရေးအဖွဲ့နှင့် NCA ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်ခုနစ်ဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြသည်။ ဤဆွေးနွေးပွဲမှာလည်း ငြိမ်းချမ်းရေးညီလာခံကျင်းပရေးအစီအစဉ် ပါဝင်နေကြောင်း အပစ်ရပ်အဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး စောကျော်ညွန့်က အတည်ပြုသည်။[၁၅၃]

ယခုလက်ရှိ မြန်မာနိုင်ငံတွင် စစ်ဘောင်ကျယ်ပြီး နိုင်ငံရေးဘောင်ကျဉ်းမြောင်းလာသည်ကို တွေ့ရသည်။ ဤအခြေအနေတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်း၊ တနည်းအားဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာသည့်မူကို ကိုင်စွဲထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) က အဖွဲ့အတွင်း အမြင်သဘောထားကွဲလွဲကြပြီး စုဖွဲ့မှုအင်အားလျော့ရဲလာသည်ကို တွေ့ရသည်။ PPST အင်အားကြီးအဖွဲ့ခေါင်းဆောင်များ အဘယ့်ကြောင့် ခေါင်းရှောင်ထွက်သွားနေပါသနည်း။

---

[၁၅၁] RFA, March ၃၀, ၂၀၂၃ : NUG ကို ကူညီတဲ့ EAO တွေကို စစ်ကောင်စီ အပြတ်ချေမှုန်းနိုင်မလား – https://www.rfa.org/burmese/program_၂/eao-nug-military-၀၃၃၀၂၀၂၃၁၅၅၀၀၂.html

[၁၅၂] BBC, March ၂၃ ၂၀၂၃ : စစ်ကောင်စီနဲ့ ဝ၊ မိုင်းလား၊ SSPP တို့ရဲ့ နေပြည်တော်ဆွေးနွေးပွဲ https://www.bbc.com/burmese/articles/cp၄၁zp၄၂r၀၇၀

[၁၅၃] RFA, March ၂၉, ၂၀၂၃ : လက်တွေ့တိုက်နေသူတွေမပါဘဲ ငြိမ်းချမ်းရေးညီလာခံလုပ်ဖို့ စစ်ကောင်စီ ပြင်ဆင်နေ

https://www.rfa.org/burmese/program_၂/uwsp-ndaa-sspp-and-military-meeting-၀၃၂၉၂၀၂၃၀၆၄၁၃၅.html

(NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့ (၁၀) ဖွဲ့ဖြင့် PPST ကို (၂၀၁၆) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်သူများနှင့် ဆွေးနွေးအဖြေရှာရန် ရည်ရွယ်ချက်ထားရှိခဲ့သည်။ သို့သော်လည်း စစ်တပ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ၎င်းတို့အစုအဖွဲ့လိုက်တွေ့ဆုံဆွေးနွေးမှုပုံစံ မဖြစ်တော့ဘဲ တစ်ဖွဲ့ချင်းစီ သူတလူငါတစ်မင်း ဆွေးနွေးမှုပုံစံ ဖြစ်လာခဲ့သည်။ ထို့ကြောင့် (PPST) အဖွဲ့ဝင်တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ရပ်တည်ချက်မတိုက်ဆိုင်ကာ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့က PPST အမြဲတမ်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်၍ ပူးပေါင်းမှုအဆင့်တွင်သာ အဆင့်လျှော့ပါဝင်တော့သည်။

ယခုအခါ (PPST) ၏ ခေါင်းဆောင်နေရာတွင် တာဝန်ယူထားသည့် မွန်ပြည်သစ်ပါတီ (NMSP) ကလည်း မေလ (၈) ရက်နေ့တွင် ခေါင်းဆောင်နေရာမှ နုတ်ထွက်ပြီး ပါဝင်မှုအဆင့်လျှော့ချရန် စာတင်ထားကြောင်း သိရသည်။

လက်ရှိတွင် (KNU) နှင့် (CNF) တို့သည် စစ်ကောင်စီတပ်နှင့် တိုက်ပွဲဖြစ်ပွားနေသလို အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုလည်း အယုံအကြည်မရှိခဲ့ပေ။ (RCSS) ကမူ စစ်ကောင်စီနှင့် သီးခြားတွေ့ဆုံမှုများ ရှိခဲ့သည်။ ထို့အပြင် ကျန်ရှိနေသည့် အဖွဲ့ (၅) ဖွဲ့အနက် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ မြောက်ပိုင်းတပ်အချို့သည် နွေဦးတော်လှန်ရေးတွင်ပါဝင်ကာ စစ်ကောင်စီတပ်ကို တိုက်ခိုက်မှုများ ရှိနေသော်လည်း (ABSDF) အနေနှင့် (PPST) မှ နုတ်ထွက်ကြောင်းနှင့် အဆင့်လျှော့ပါဝင်ကြောင်း တစ်စုံတစ်ရာ ပြောဆိုသံလည်း မတွေ့ရှိရပေ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) စစ်ကောင်စီ လက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု ကျရှုံးပြီး ကျယ်ပြန့်သော ပြည်တွင်းစစ်ပုံစံသစ်ဆီသို့ ဦးတည်နေသည်။ မြေပြင်အချက်အလက်များနှင့် တာဝန်ရှိသူများ၏ ပြောဆိုချက်အရ သုံးသပ်ချက်ကို တင်ပြပါမည်။

## (ဂ) ကရင်နီပြည်အစိုးရသစ်အကြောင်း

နွေဦးတော်လှန်ရေးမှတဆင့် ဖက်ဒရယ်ကို အခြေခံသော ပထမဦးဆုံး ပြည်နယ်အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ပြီ။ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (Karenni State Interim Executive Council – IEC) ဟု ခေါ်သည်။ ကရင်နီပြည်သူအများစုသည် စစ်တပ်အာဏာသိမ်းမှုအပေါ် ကန့်ကွက်ရှုတ်ချရုံမျှ လုပ်နေသည်မဟုတ်၊ တမျိုးသားလုံးအတိုင်းအတာဖြင့် အင်တိုက်အားတိုက် တော်လှန်တိုက်ပွဲ ဆင်နွှဲခဲ့ခြင်းကြောင့် တော်လှန်ရေး အသီးအပွင့်အချို့ဖြစ်ထွန်းခဲ့ကြောင်း ပြောဆိုရပေမည်။

၂၀၂၁ ခုနှစ် အာဏာမသိမ်းမီ၊ ကယားပြည်နယ်ဟုခေါ်သော ကရင်နီဒေသတွင် တော်လှန်ရေးလုပ်နေသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA) ဟူသည့် လက်နက်ကိုင်တပ်ဖွဲ့တစ်ခုရှိခဲ့သည်။ စစ်တပ်အာဏာ သိမ်းပြီးနောက် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) ပေါ်ပေါက်လာပြီး ကရင်နီတော်လှန်ရေးမှာ အရှိန်အဟုန်ခပ်ပြင်းပြင်းနှင့် အားကောင်းလာသည်။ ယင်းတော်လှန်ရေးအဖွဲ့အစည်း (၂) ခုနှင့်အတူ အခြားသောလူမျိုးစုများ ပါဝင်သော ကရင်နီအင်အားစုတို့ ပူးပေါင်းပြီး စစ်တပ်အာဏာသိမ်းသည့်နှစ် (၂၀၂၁)၊ ဧပြီလ (၉) ရက်၌ပင် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

ကရင်နီပြည်ဒေသအတွင်းတိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက်တော်လှန်ရေးအဖွဲ့အစည်းများဘက်ကအသာစီးရရှိလာသည်။ ထို့နောက် နယ်မြေစိုးမိုးမှုလည်း ပိုမိုအားကောင်းလာသည်။ ယင်းအပြင် ပြည်သူလူထု၏ ထောက်ခံမှုကိုပါ ရရှိထားခြင်းကြောင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) ၏ အစီအမံအရ ပြည်နယ်အစိုးရဖွဲ့စည်းရန်

ဦးတည်ချက်ဖြင့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ဟူသည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ်ကို ဖွဲ့စည်းလိုက်ကြောင်း ဇွန်လ (၁၂) ရက်၌ တရားဝင်ကြေညာခဲ့သည်။ ယင်းအုပ်ချုပ်ရေးကောင်စီ (IEC) တွင် (KNPP) ဥက္ကဋ္ဌ ခူဦးရယ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး (KNDF) ဦးဆောင်သူ ခွန်းဘီးထူးက ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်ကို တွေ့ရသည်။ ရည်ရွယ်ချက် (၃) ချက်ရှိသည်။

(၁) စုပေါင်းခေါင်းဆောင်မှုများဖြင့် ကြားကာလပြည်နယ်အစိုးရတစ်ရပ်၏အုပ်ချုပ်ရေးကို ဖော်ဆောင်သွားရန်။

(၂) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများ အပြန်အလှန်ထိန်းညှိပြီး ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဖော်ဆောင်သွားရန်နှင့်

(၃) ပြည်နယ်အတွင်းရှိ အင်အားစုအသီးသီးနှင့် လက်တွေ့ကျစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် စသည်ဖြင့် ထုတ်ပြန်ထားသည်။[၁၅၄]

ကရင်နီပြည်နယ်တွင် ကရင်နီလူမျိုးများအပြင် ကယန်း၊ ကယော၊ ပဒေါင် စသည့် မျိုးနွယ်စုများ ရှိနေခြင်းကြောင့် (IEC) တွင် မျိုးနွယ်စုအသီးသီး၏ ပါဝင်ခွင့်ကလည်း အရေးကြီးလှသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ ဖယ်ဒရယ်ဒီမိုကရေစီပဋိညာဉ်၌ ပြည်နယ်အစိုးရများကိုဖွဲ့စည်းရာတွင် သက်ဆိုင်ရာပြည်နယ်များရှိ ပြည်နယ်သူ/သားများက ဖွဲ့စည်းပိုင်ခွင့်ရှိကြောင်း အတိအလင်းပြဆိုထားသည်။ ပဋိညာဉ်အတိုင်းပင် ကရင်နီပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်း၊ အင်အားစုအသီးသီးတို့စုစည်းပြီး ၎င်းအုပ်ချုပ်ရေးကောင်စီ (IEC) ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

**(ဃ) ပြည်သူလူထုများ၏ အမြင်**

ပြည်သူလူထုအများစုမှာလည်း စစ်ကောင်စီမှ ပြုလုပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းမှာ အောင်မြင်ရန် မလွယ်ကူပေ။ အပြသက်သက်သာ ဖြစ်သည်ဟု သုံးသပ်ကြသည်။

မုဒုံမြို့နယ်သား တဦးမှ –

> **စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးပွဲက အောင်မြင်ဖို့ မရှိပါဘူး၊ လုပ်နေတာလည်းကြာပြီ၊ ဒီမိုကရေစီအစိုးရလက်ထက်တောင် သွားလို့မရနေတာ၊ ယခုလိုကာလမျိုးမှာဆို ပိုပြီးတော့တောင် မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် သူတို့ရတာက ပြစားလို့ ရသွားတာပေါ့ နိုင်ငံတကာစာမျက်နှာမှာဆို သူတို့က လုပ်နေပါတယ်ပေါ့။ ဆွေးနွေးနေပါတယ်ဆိုတော့ ကြည့်လို့ရှုလို့ အဆင်ပြေတာပေါ့။ အောင်မြင်ဖို့လုပ်တာမဟုတ်ဘူး။ ပြစားဖို့ (ဟန်ပြ) ပေါ့။**

ကရင်နီပြည်နယ်မှ နိုင်ငံရေးလေ့လာသူတဦးက ယခုကဲ့သို့ သဘောထားပေးပါသည်။

> ကျွန်**တော်ကတော့ အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လို့ပဲ မြင်တယ်။ ကျွန်တော်တို့ဘက်မှာမှ မဟုတ်ဘူး အခြားဘယ်နေရာမှာမှ မငြိမ်းချမ်းနေဘူးလေ။ ငြိမ်းချမ်းရေးလုပ်နေတယ်လို့သာ ပြောနေတာ လူတွေသေနေတာ နေ့တိုင်း ၁ ယောက် ၂ ယောက်မှ မဟုတ်တာ။ နောက်ပြီး ကျွန်တော်တို့လည်း ခံရတာများတော့ စကစရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း မယုံကြည်နိုင်တော့တာလည်းပါတယ်။**

ငြိမ်းချမ်းရေးကိစ္စဟု မည်သို့ပင်ဆိုပါစေ၊ ပြည်သူလူထုများကား အစိုးရအပေါ် အယုံအကြည် ပျက်သွားပြီးဖြစ်သည်။ ဖရူးဆိုးမြို့ နယ်မှ ဒေသခံတဦးမှ –

> **စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော်အနေနဲ့ မယုံကြည်ပါဘူး။ ဒီလောက် မြန်မာတစ်နိုင်ငံလုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင်လုပ်ပြီး လူတွေကို အကြမ်းဖက်သတ်ဖြတ်နေပြီး စာပွဲခုံပေါ်မှာ လူတို့ကိုကပ်ဖားလုပ်**

[၁၅၄] RFA, June ၁၂, ၂၀၂၃: ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ စတင်ဖွဲ့စည်း။ https://www.rfa.org/burmese/news/karenni-iec-established-၀၆၁၂၂၀၂၃၀၆၂၄၂၄.html

**နေတဲ့သူတွေနဲ့ လုပ်နေတဲ့လုပ်ငန်းစဉ်က မြန်မာတစ်နိုင်ငံလုံးအတွက်မြန်မာပြည်သူပြည်သားတွေအတွက် လုပ်နေတဲ့လုပ်ငန်းစဉ်လို့ နည်းနည်းမှကို မယုံကြည်နိုင်ပါဘူး။ သူတို့ကိုယ်ကျိုးအတွက်လုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လို့ပဲ ထင်ပါတယ်။**

ပြည်သူလူထု၏ အမြင်ကား ရှင်းပါသည်။ စစ်ကောင်စီ၏ ငြိမ်းချမ်းရေးလုပ်ငန်းသည် ဟန်ပြငြိမ်းချမ်းရေးသာ ဖြစ်ပြီး နိုင်ငံတကာမှ အမြင်ကောင်းရန် ကြိုးပမ်းခြင်းသာ ရှိသည်။

စစ်ကောင်စီကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး အာဆီယံနဲ့ကမ္ဘာက ဖိအားပေးထားတာတွေ ရှိတယ်။ ဒါပေမယ့် သူတို့မှ မလိုက်နာဘဲ။ အခါကြီးရက်ကြီးတွေမှာတော့ အကျဉ်းသားတွေကို ပြန်လွှတ်ပေးတယ်ဆိုပေမယ့်လို့ ရာဇဝတ်အမှုနဲ့ အကျဉ်းသားတွေဘဲ များတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးတာကတော့ ယခုအချိန်အထိ လက်ချိုးရေလို့ ရပါသေးတယ်။ ပြီးတော့လဲ စစ်တပ်က တာဝန်ရှိသူတွေနဲ့ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းက တာဝန်ရှိသူတွေအကြား နားလည်မှုနဲ့ အပစ်အခတ်ရပ်စဲတာမျိုးတွေ လုပ်တာလဲရှိတယ်။ ဒါပေမယ့် စစ်ကောင်စီရဲ့ စစ်တပ်က အပစ်အခတ် ရပ်စဲတယ်ပြောပြီး စတိုက်တာ မျိုးလဲရှိတယ်။ စစ်ကောင်စီရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အမည်ခံသက်သက်ဘဲ ရှိပြီး action မရှိဘူး။ ပြည်သူ့ရဲ့ အားပေးထောက်ခံမှုနဲ့ ယုံကြည်မှု က စစ်ကောင်စီဆီမှာ လုံးဝမရှိတော့ပါဘူး။

စစ်ကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းကို မည်သို့မှ ဆောင်ရွက်နိုင်ခြင်း မရှိပေ။ တချိန်တည်းတွင် စစ်ကောင်စီအနေဖြင့် တနိုင်ငံလုံးနီးပါး စစ်ပွဲများဖြစ်ပွားနေခြင်းကြောင့် ရွေးကောက်ပွဲလည်း ကျင်းပနိုင်မည်မဟုတ်ပေ။ နောက်ဆုံးအနေဖြင့် စစ်ကောင်စီ၏ ရေရှည်အာဏာရပ်တည်ရေးအတွက် ယခင် ညောင်နှစ်ပင်စခန်းတွင် ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံအတိုင်း နောက်ထပ်ညီလာခံ ကျင်းပနိုင်သည့် အခြေအနေ ရှိနေပေသည်။

---

## အခန်း (၈)

## ငြိမ်းချမ်းရေးအတွက် လူထုအသံ

၂၀၂၁ ဖိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ အာဏာသိမ်းလိုက်မှုအပေါ် တနိုင်ငံလုံးရှိ ပြည်သူများမှ မကျေနပ်ကြပေ။ သမ္မတဦးသိန်းစိန် အာဏာရရှိပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်လာပြီး ၂၀၂၀ ခုနှစ်အထိ တိုင်းပြည် အခြေအနေမှာ ငြိမ်သက်လာသည်။ ၂၁ ရာစုပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ပါဝင်ခွင့်ရလာသည်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ စစ်မှန်သော ဒီမိုကရေစီအရေးတို့အတွက် အဖြေရှာဆွေးနွေးခဲ့ပြီး တိုးတက်မှုနှေးကွေးသော်လည်း ပြည်သူလူထုများမှာ အေးချမ်းစွာ နေထိုင်ခွင့်ရရှိလာသည်။

လက်ရှိအာဏာသိမ်းမှုတွင် အာဏာရှင်မင်းအောင်လှိုင်မှ ရွေးကောက်ပွဲအား အကြောင်းပြသော်လည်း အမှန်စင်စစ်ကား အာဏာမက်သောကြောင့် ဖြစ်သည်။ စစ်အာဏာရှင် ရှိနေသမျှကာလပတ်လုံး ငြိမ်းချမ်းရေးကော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံကော ထူထောင်နိုင်မည် မဟုတ်သည့်အတွက် စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်သွားရန် ပြောဆိုမှုက များသည်။

ကရင်နီပြည်နယ်မှ နိုင်ငံရေးသုံးသပ်သူတဦး 'ဦးထွန်းရှိန်' က အောက်ပါအတိုင်း ပြောပြသည်။

> **ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ ကျွန်တော်နဲ့ အများကြီး အကြံမပေးတတ်ပေမယ့် လက်ရှိမှာတော့ ပြည်သူတွေလည်း အများကြီး သေနေကုန်ပြီ။ တိုင်းပြည်ကလည်း တော်တော်ကို ဆင်းရဲတွင်းနက်နေပြီ။ အသက်မသေပေမယ့် ဘဝသေသလိုဖြစ်နေတဲ့ ပြည်သူတွေလည်း တော်တော်များနေပြီ။ အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ တိုင်းရင်းသားပြည်သူတွေလည်းထောင်သောင်းမကတော့ဘူး။ အဲတော့စစ်ကောင်စီကပြည်သူတွေကိုအာဏာပြန်ပေးမယ်ဆိုရင်တော့အရာအားလုံး ချုပ်ငြိမ်းမယ်။ နောက်ပြီး တိုင်းရင်းသားပြည်သူတွေ လိုချင်နေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုရမယ်ဆိုရင်တော့ ဒီလိုပြဿနာ မဖြစ်နိုင်တော့ဘူးလို့ထင်တယ်။ နောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့လည်း ကိုယ့်တိုင်းရင်းသားအချင်းချင်း ပြန်တိုက်ခိုက်နေမယ့်အစား အားလုံးညီညွတ်ရမယ်။**

ရွေးကောက်ပွဲကို အကြောင်းပြပြီး အာဏာသိမ်းလိုက်သည့် စစ်အာဏာရှင်တစုသည် နောက်ထပ် ရွေးကောက်ပွဲပြုလုပ်ရန် စီစဉ်နေပါသည်။ သို့သော် ၎င်းတို့စီစဉ်သည့် ရွေးကောက်ပွဲသည် ပြည်သူများမှ လက်ခံမည်မဟုတ်ကြောင်း ရေးမြို့နယ် ဒေသခံတဦးမှ ပြောပါသည်။

> ပြီးတော့ စစ်ကောင်စီက ယခင်ရွေးကောက်ပွဲရဲ့ မဲရလဒ်တွေကို ဖျက်သိမ်းပြီး နောက်ထပ် ရွေးကောက်ပွဲတစ်ခုကို ပြန်လုပ်ဖို့ စပြီးပြင်ဆင်နေပြီဆိုတာ အားလုံးအသိပါ။ ဒါဟာဘယ်လိုမှ ပွင့်လင်းမြင်သာမှုနဲ့ တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲတစ်ခု ဖြစ်လာမှာ မဟုတ်ပါဘူး။ ပြီးတော့ ဒါဟာ တရားဝင်လဲ မဖြစ်ပါဘူး။ အဲ့တော့ ပြည်သူလူထုက ဒီရွေးကောက်ပွဲမှာ မပါဝင်ဖို့လိုပါတယ်။ အကယ်၍ အတင်းအကြပ် မဲပေးဖို့ စေခိုင်းလာခဲ့ရင်လဲ မဲစာရင်းကို ဖြဲပစ်ပြီးမှ မဲပုံးထဲထည့်ဖို့ အကြံပြုလိုပါတယ်။ မဲစာရင်းကို ဖြဲပစ်တဲ့အဓိပ္ပာယ်က ဒီရွေးကောက်ပွဲကို အယုံအကြည် မရှိဘူးလို့ အဓိပ္ပာယ်သက်ရောက်စေပါတယ်။

ပြည်သူအများစု ယုံကြည်သည်မှာ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရန်မှာ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရမည်။ ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်သည့်ပြည်သူ့ကိုယ်စားလှယ်များဦးဆောင်သည့် ဒီမိုကရေစီစနစ်နိုင်ငံရေးစနစ်ကို ကျင့်သုံးရပါမည်။ စစ်တပ်ခေါင်းဆောင်များမှ နိုင်ငံရေးဦးဆောင်မှုတွင် ပါဝင်နေသည့် (သို့မဟုတ်) အချိန်မရွေးအာဏာသိမ်းသည့် ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေ ရှိနေသမျှပတ်လုံး ငြိမ်းချမ်းရေးရမည် မဟုတ်ပေ။ ဖွဲ့စည်းပုံကိစ္စနှင့် ပတ်သက်ပြီး ရေးမြို့နယ်ဒေသခံတဦးက အောက်ပါအတိုင်း ပြောပြသည်။




> **ကျွန်မတစ်ယောက်ထဲရဲ့အမြင်နဲ့ဆိုရင် ပဋိပက္ခတွေက ဒီအတိုင်းပဲဆက်သွားမယ်ဆိုရင် ဘယ်တော့မှလဲအဆင်မ ပြေနိုင်ပါဘူး။ အဓိကကတော့ ၂၀၀၈ ခြေဥမှာအတိုင်းဆိုရင် ဖက်ဒရယ် လုံးဝမရနိုင်တဲ့အတွက်ပါပဲ။ ကျွန်မတို့ နိုင်ငံ ဖက်ဒရယ်မှ မရဘူးဆိုရင် နိုင်ငံရဲ့ပဋိပက္ခက ဆက်ပြီးဖြစ်ပေါ်နေဦးမှာပါပဲ။ ဘယ်လိုနည်းနဲ့မှ ဖက်ဒရယ်ရနိုင် မလဲဆိုတဲ့အချက်မှာ တစ်ချက်က NUG ရော စကစဘက်ကပါ နှစ်ဖက်စလုံးက ဗမာလူမျိုးကြီးဝါဒကို ဆုပ်ကိုင်ထား ဆဲဖြစ်တဲ့အတွက် တိုင်းရင်းသားတွေလိုလားတဲ့ စစ်မှန်တဲ့ဖက်ဒရယ်အတွက် တခြားတိုင်းရင်းသားတွေအားလုံး စုပေါင်းပြီး ဖက်ဒရယ်ပြည်ထောင်စုကိုဖွဲ့စည်းတည်ထောင်တဲ့နည်းတစ်ခုရှိနိုင်ပါတယ်။ အဲ့ဒီနည်းနဲ့ ပဋိပက္ခတွေကို ဖြေရှင်းနိုင်မဲ့ နည်းတစ်နည်းဖြစ်ပြီး အဲ့နည်းကို လုပ်ဆောင်လို့ရပါတယ်။ ဒါပေမဲ့ အဲ့နည်းမှာ ဗမာမဟုတ်တဲ့တိုင်းရင်း သားအားလုံးရဲ့ စည်းလုံးညီညွတ်မှုကအရေးကြီးပြီး အဲ့နောက်မှသာ ဗမာမပါတဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုလဲ တည်ထောင်နိုင်ပါမယ်။ ဘာလို့လဲဆိုတော့ တိုင်းရင်းသားအများစု ယုံကြည်လက်ခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဗမာတိုင်းရင်းသားအများစုက ယုံကြည်လက်ခံကြခြင်းမရှိလို့ဖြစ်ပါတယ်**

မွန်ပြည်သူများနှင့် အခြားသောတိုင်းရင်းသားလူမျိုးများမှာ လက်ရှိစစ်အုပ်စုပေါ်တွင်လည်းကောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရတို့တွင် အယုံအကြည်နည်းသည်။ ဗမာလူမျိုးများအပေါ် အယုံအကြည်မရှိသည်ကို တွေ့ရပေမည်။ ဗမာလူမျိုးဦးဆောင်သည့် အစိုးရအဆက်ဆက်မှာ မဟာလူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ် ကျင့်သုံးခြင်း၊ တိုင်းရင်းသားများအပေါ် ရန်မူခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးတို့ မျှော်လင့်သည့် ဖက်ဒရယ်ပြည်ထောင်စုမှာ ဖြစ်ပေါ်လာနိုင်ရန် မလွယ်ကူပေ။

၎င်းကိစ္စနှင့် ပတ်သက်ပြီး ချောင်းဆုံမြို့နယ်မှ နိုင်ငံရေးလေ့လာသူတဦးက အောက်ပါအတိုင်းပြောပြသည်။

> **ကျွန်မတို့ ဖက်ဒရယ်ယူမယ်ဆိုရင် NUG မှာလည်း တို့လိုချင်တဲ့ပုံစံ မရသေးဘူး၊ နစကစစ်ကောင်စီလည်း သူသွား ချင်တဲ့ ပုံစံပဲ သွားနေတယ်။ တိုင်းရင်းသားတွေအပေါ် အရေးမလုပ်နေဘူး၊ တိုင်းရင်းသားအရေးနဲ့ ပတ်သက်လာရင်**

**နှစ်ဖွဲ့စလုံးသဘောထားက သိပ်မကွာဘူး။ ဆိုတော့ တိုင်းရင်းသားတွေ အကုန်လုံး စုစည်းပြီး ဖက်ဒရယ်ပြည်ထောင် စုတည်ဆောက်ရင် ဗမာပြည်နယ်ရှိကိုရှိရမယ်၊ သူပြည်နယ်မယူရင် ဗမာလူမျိုး မပါတော့ဘူးပေါ့၊ နောက်တနည်း က ခုချိန်မှာ ဗမာစစ်တပ်က တော်တော်လေးအင်အားလျော့နေပြီ၊ တော်လှန်ရေးလုပ်ဖို့ အကောင်းဆုံးအချိန်ပဲ၊ (တိုင်းရင်းသားတွေ) ကိုယ့်စစ်တပ်အားကောင်းအောင်လုပ်ပြီး ပြည်နယ်အလိုက် ကိုယ့်ပြည်နယ်ကို လွတ်လပ်ရေး ကြေညာလိုက်လို့ရတယ်။**

ယနေ့ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခသည် စစ်ကောင်စီနှင့် ဒီမိုကရေစီအင်အားစုတို့အကြား အာဏာလုပွဲမျှ သာမကပဲ၊ တိုင်းရင်းသားလူမျိုးများမှ မိမိတို့ဒေသအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် တိုက်ပွဲဝင်ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။ လက်နက်ကိုင် ပဋိပက္ခရှည်ကြာလေ ပြည်သူတို့ ပိုမိုနစ်နာလေဖြစ်သည်။ တိုင်းပြည်နာမည် ဖြစ်သည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေးသည်သာ မှန်ကန်သောအဖြေဖြစ်မည်ဟု အကြံပြုသူလည်း ရှိပေသည်။

၎င်းကိစ္စအား ရေးမြို့နယ်မှ နိုင်ငံရေးသမားတဦးက အောက်ပါအတိုင်း အကြံပြုထားသည်။

**မြန်မာနိုင်ငံမှာ ယခုလက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်နဲ့ အတိုက်အခံအမျိုးသားညီညွတ်ရေးအစိုးရနဲ့ စစ်ကောင်စီ တပ်များကြား ဖြစ်ပွါးတဲ့တိုက်ပွဲဟာ နှစ်ဖက်အဖွဲ့အစည်းတွေဟာ တိုင်းပြည်ကို မင်းလုပ်အုပ်ချုပ်ချင်ပြီး အာဏာ လုတဲ့လုပ်ရပ်လို့ ယူဆလို့ရပါတယ်။ ဒါပေမဲ့ စစ်ကောင်စီတပ်နဲ့ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်း တွေကြား ဖြစ်ပွါးတဲ့တိုက်ပွဲကတော့ သက်ဆိုင်ရာလူမျိုးတွေဟာ ဗမာလူကြီးဝါဒရဲ့ လွှမ်းမိုးခြယ်လှယ် အုပ်ချုပ် ခြင်းကို မခံမရပ်နိုင်ဖြစ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ အုပ်ချုပ်လိုခြင်းကြောင့် ဖြစ်တယ်။ ဒီကိစ္စတွေအားလုံးပြေလည်ဖို့ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ဒီစစ်ကောင်စီရော၊ အတိုက်အခံအမျိုးသားညီညွတ်ရေး အစိုးရရော၊ နိုင်ငံရေးပါတီတွေရော၊ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းအားလုံးနဲ့ ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့တွေအားလုံး မျက်နှာစုံညီတွေ့ဆုံတဲ့ အခင်းအကျင်းမျိုး ဖြစ်လာဖို့လိုတယ်။ ဖက်ဒရယ်ဒီမိုကရေစီလို့ဘဲ ဆိုဆို၊ ဒီမိုကရေစီဖက်ဒရယ်လို့ဘဲဆိုဆို တကယ်ကို ပြည်သူတွေဘက်ကို မျက်နှာမူပြီး တိုင်းပြည်ကို ငြိမ်းချမ်းချင် တဲ့ စိတ်ဆန္ဒအမှန် အားလုံးမှာ အပြည့်အဝရှိဖို့လိုတယ်။**

နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံတကာမှ ပါဝင်ကူညီမှ ပြေလည်မည်ဟု အများကြီးသည်။ မိမိတို့အချင်းချင်း ဆွေးနွေး ခြင်း မဟုတ်ပဲ ဒိုင်လူကြီးပါမှ ပိုမိုအဆင်ပြေနိုင်ကြောင်း အကြံပြုသည်။ မွန်ပြည်နယ် သထုံမြို့နယ်မှ နိုင်ငံရေးသုံးသပ် သူတဦးက အောက်ပါအတိုင်း သုံးသပ်သည်။

**အဖြေရှာဖို့က စားပွဲဝိုင်းပေါ် ပြန်ခေါ်မှ အဆင်ပြေမယ် ထင်တယ်၊ စားပွဲဝိုင်းမှာ ခေါ်နေတာလဲ ဟိုးနှစ်ပေါင်းကြာ ပြီ ငြိမ်းချမ်းရေးလုပ်လာတာ၊ အပြောင်းအလဲ လုပ်ဖို့လိုတယ်၊ မအလကတော့ မရတော့ဘူး၊ သူဆင်းမှ ရမယ် သူ့ အစား သဘောထားပျော့ပြောင်းတဲ့ သူတစ်ယောက် တပ်ဘက်က အစားထိုးပြီးတော့ ဟိုဘက် အတိုက်အခံတွေကို ဖမ်းထားတာ ပြန်လွှတ်၊ တပ်ဘက်က ဖြေလျှော့ဖို့ လိုတယ်၊ နိုင်ငံရေးပါတီတွေ EAOs တွေ အကုန်လုံး ဆွေးနွေး၊ အာဆီယံအပါအဝင် ကုလသမဂ္ဂ တာဝန်ရှိသူတွေ အိမ်နီးနားချင်းက ကိုယ်စားလှယ်တွေ ခေါ်ပြီးတော့ အားလုံးကို ပြန်စုပေါ့နော်။ အင်အားကြီးနိုင်ငံတွေအပါအဝင် အမေရိကားတို့ ရုရှားတို့ ကမ္ဘာလုံးဆိုင်ရာ Third Party သဘော နဲ့ ဒီနိုင်ငံကို စေ့စပ်ညှိနှိုင်း အကူအညီပေးမှ အဆင်ပြေမယ် ထင်တယ်။ ဒါကတော့ သီအိုရီပေါ့ သီအိုရီအများကြီး ထဲမှာမှ တို့နိုင်ငံနဲ့ ကိုက်ညီတဲ့ သီအိုရီ ရှိပါ့မလား။ နှစ်ပေါင်း ၇၀ ကျော်ပြဿနာကို ဖြေရှင်းရမှာကိုး။ လက်တွေ့မှာ လုပ်ဖို့ခက်မှာပေါ့လေ၊ ဒါပေမယ့် Stakeholders တွေက အမြတ်မထုတ် ကိုယ်ကျိုးမရှာကြဘဲ ရိုးရိုးသားသားလုပ် ကြမယ်ဆိုရင် ဖြစ်တယ်။**

မြန်မာနိုင်ငံ၏ ပြဿနာသည် နှစ်ပေါင်း (၇၀) ကျော်ခဲ့ပြီ ဖြစ်သည်။ တဖက်နှင့်တဖက် အနိုင်ယူလိုခြင်း၊ အာဏာကို မခွဲ ဝေလိုခြင်း၊ အမြဲတမ်းအလိုလို အပေါ်မှလွှမ်းမိုးထားလိုသည့် သဘောထားများကြောင့် အခြေအနေမှာ ပိုမိုဆိုးဝါးခြင်း ဖြစ်သည်။ လက်နက်အားကိုးဖြင့် အာဏာကို ရယူထားသည့် ဗမာ/မြန်မာစစ်တပ်သည် ယခုအခါ ၎င်းအားလက်နက် ကိုင် တိုက်ခိုက်မှုဖြင့် ဝန်းရံထားပေသည်။

စစ်တပ်မှ အာဏာရယူရန် ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အကြပ်အတည်းအခြေအနေ တခုကို ဆိုက်ရောက်နေပေသည်။ ၎င်းဖွဲ့စည်းပုံကို ဒီမိုကရေစီအင်အားစုများမှလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများမှ လက်မခံတော့ပေ။ ပြဿနာအားလုံးအား ဖြေရှင်းနိုင်ရန် အများသဘောတူညီပြီး တိုင်းရင်းသားများ၏ အခွင့်အရေးအား အာမခံခဲ့သည် ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သည့် ဖွဲ့စည်းပုံကို ရေးဆွဲရမည်ဖြစ်သည်။ ၎င်းနောက် အများပြည်သူတို့ ၏ သဘောထားဆန္ဒကို လက်ခံသည့် ဒီမိုကရေစီစနစ်ကိုလည်း အာမခံရမည်ဖြစ်သည်။

---

## အခန်း (၉)

## သုံးသပ်ချက်နှင့် အကြံပြုချက်

ရာမညနိုင်ငံရေးသုတေသနဌာန (RICE) အနေဖြင့် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် အောက်ပါအတိုင်းသုံးသပ်ပြီး အကြံပြုပါသည်။

**သုံးသပ်ချက် (၁)**

၂၀၂၁ ခုနှစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ဗမာ/မြန်မာစစ်တပ်သည် ရွေးကောက်ပွဲကို အကြောင်းပြကာ အာဏာသိမ်းသည်။ စစ်တပ်မှ အာဏာသိမ်းခြင်းသည် စစ်တပ်ခေါင်းဆောင်များမှ အာဏာရလိုခြင်းဖြစ်သည်။ ဗမာ/မြန်မာစစ်တပ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးအာဏာကို ထိန်းသိမ်းထားသော်လည်း ၂၀၂၀ ရွေးကောက်ပွဲရလာဒ်အရ စစ်တပ်မှ ထိန်းချုပ်ထားသည့်အာဏာသည် တဖြည်းဖြည်းနည်းပါးလာသည့်အတွက် အာဏာသိမ်းခြင်းဖြစ်သည်။ ယနေ့ နိုင်ငံရေးပြဿနာသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်ခေါင်းဆောင်များသည် နိုင်ငံရေးအာဏာကို ဆက်လက်ထိန်းသိမ်းထားလိုသည့်အတွက် ပြည်သူများလိုလားသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကား ဖြစ်ပေါ်လာမည် မဟုတ်ပေ။

**အကြံပြုချက် (၁)**

မြန်မာနိုင်ငံအတွင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိနေသမျှကာလပတ်လုံး စစ်အာဏာရှင်စနစ် ရှိနေဦးမည်ဖြစ်ပေသည်။ ထို့ကြောင့် ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားဖက်ဒရယ်အင်အားစုများအနေဖြင့် ညီညွတ်ရေးတည်ဆောက်ပြီး စစ်အာဏာရှင်စနစ်ကို အမြန်ဆုံးဖျက်သိမ်းနိုင်ရန် ဆောင်ရွက်ရပါမည်။

**သုံးသပ်ချက် (၂)**

၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ စစ်တပ်မှအာဏာသိမ်းပြီးသည့်နောက် တတိုင်းပြည်လုံး၊ တနိုင်ငံလုံးမှ ပြည်သူလူထုများ လမ်းပေါ်ထွက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ ပြည်သူများ ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို အာဏာသိမ်းခေါင်းဆောင်တို့မှ စစ်တပ်/ရဲတပ်ဖွဲ့တို့ကို အသုံးပြုပြီး လက်နက်ဖြင့် အားကိုးပြီး နှိမ်နင်းရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ပြည်သူများ၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးမှာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုမှသည် လက်နက်ကိုင်တော်လှန်ရေးဘက်ကို ကူးပြောင်းသွားသည်။ မြန်မာပြည်လူငယ်များ၏ နွေဦးတော်လှန်ရေးကို တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှ ထောက်ခံအားပေးသည်။ ပြည်တွင်း/ပြည်ပတွင်ရှိနေသည့် ပြည်သူတရပ်လုံးမှ အားပေးထောက်ခံသည်။

**အကြံပြုချက် (၂)**

စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရာတွင် ပြည်သူလူထုတရပ်လုံးမှ နည်းမျိုးစုံဖြင့်ပါဝင်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများ၊ ပညာရှင်များ၊ စီးပွားရေးသမားနှင့် လူထုများမှ အာဏာရှင်စနစ်အား အားမပေးမိရန် လုပ်ဆောင်ရပါမည်။ တချိန်တည်းတွင် လက်နက်ကိုင်တော်လှန်ရေးမှာလည်း စစ်တပ်ကို ရေရှည်တိုက်ခိုက်ရမည်ဖြစ်သည့်အတွက် မှန်ကန်သောဦးဆောင်မှု ကောင်းမွန်သော လမ်းစဉ်ရှိရန် လိုအပ်မည် ဖြစ်သည်။

**သုံးသပ်ချက် (၃)**

ယနေ့ တော်လှန်ရေးကာလတွင် ပေါ်ပေါက်လာသည့် တော်လှန်ရေးတပ်ပေါင်းစုအသစ်ဖြစ်သည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ နိုင်ငံရေးဦးတည်ချက်တွင် စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မျိုးမဆို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအစိုးရ (၂၀၁၀-၂၀၁၅)နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရ (NLD) လက်ထက်တွင် ပြည်ထောင်စုလွှတ်တော်ကို အသုံးပြုကာ ပါလီမာန်အာဏာရှင်စနစ် (Parliamentary Dictatorship) ကို အသုံးပြုခဲ့သည်။ တိုင်းရင်းသားတို့ ရသင့်ရထိုက်သော အခြေခံအခွင့်အရေးကို ပယ်ဖျက်ခဲ့သည်။ ပင်လုံညီလာခံ အကြိမ်ကြိမ်ကျင်းပသော်လည်း ပင်လုံကတိကဝတ်ကို မဖော်ဆောင်နိုင်ပေ။

**အကြံပြုချက် (၃)**

လက်ရှိနွေဦးတော်လှန်ရေးတွင် ဦးဆောင်ပါဝင်နေသည့် ဒီမိုကရေစီအင်အားစုများအနေဖြင့် တော်လှန်ရေးအောင်မြင်ရန်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) တို့၏အကူအညီကိုရယူရမည်ဖြစ်သည်။ သို့ကြောင့် ၎င်းတို့အနေဖြင့် တိုင်းရင်းသားများလိုလားတောင်းဆိုသည့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်အာမခံချက်ပေးနိုင်မှသာတော်လှန်ရေးအောင်မြင်နိုင်ကြောင်းအကြံပြုပါသည်။

## နိဂုံး

ရာမညနိုင်ငံရေးသုတေသနဌာန (RICE) အနေဖြင့် အာဏာသိမ်းသည့်ကာလမှစတင်ပြီး နိုင်ငံရေးအခြေအနေ၊ စစ်ရေးပဋိပက္ခနှင့် ငြိမ်းချမ်းရေးအခြေအနေများကို အစဉ်တစိုက်သုံးသပ်ပြီး အပတ်စဉ် ငြိမ်းချမ်းရေးသုံးသပ်ချက်၊ လစဉ် ငြိမ်းချမ်းရေးသုံးသပ်ချက်များ ရေးသားနေပါသည်။

သို့ရာတွင် မြန်မာနိုင်ငံတောင်ပိုင်းရှိ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းများတွင် ဖြစ်ပွားသည့် ပဋိပက္ခများနှင့် ပြည်သူလူထုများ၏ တိုက်ရိုက်နှင့်သွယ်ဝိုက် ထိခိုက်မှုများကိုလည်း ယခင်ကဲ့သို့သော အစီရင်ခံစာတွင် အလျဉ်းသင့်သလို ဖော်ပြခဲ့သည်။

အခြေအနေအရပ်ရပ်ကို သုံးသပ်ပါက မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၇၀) အတွင်း ရှည်ကြာခဲ့သော နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများကို တော်လှန်ရေးပြီးသည့်အတိုင် နှစ်ပေါင်းရှည်ကြာ ဖြေရှင်းရဦးမည်။

ရာမညအင်စတီကျူ နိုင်ငံရေးသုတေသနအဖွဲ့
Rehmonnya Institute for Civic Engagement (RICE)